International IDEA

# အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရှိ ဝိသေသလက္ခဏာများနှင့် တိုင်းရင်းသားနိုင်ငံရေး



# အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံရှိ ဝိသေသလက္ခဏာများနှင့် တိုင်းရင်းသားနိုင်ငံရေး

*Isabel Chew နှင့် Jangai Jap ရေးသည်။*


**International IDEA**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

© **2024 International Institute for Democracy and Electoral Assistance**

**©၂၀၂၄ ခုနှစ် - ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့**

International IDEA (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက်အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများမစွက်ဘဲ သီးခြား လွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသောရှုမြင်ပုံများသည် International IDEA ၏ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများဖြစ်သည်ဟု ယတိပြတ်မဆိုနိုင်ပါ။

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သောရုပ်ပုံများနှင့် ဓာတ်ပုံများမှတပါး ဤစာအုပ် အီလက်ထရောနစ်ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareAlike 4.0 (CC BY-NC-SA 4.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချီခြင်း၊ ပေးပို့ခြင်း၊ ရွှေ့နောက်ပြန်လည် စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ်ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များထည့်သွင်းလျက် တူညီသောလိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/4.0/> တွင် လေ့လာနိုင်ပါသည်။

**International IDEA**
စတွန်းစ်ဘော့ဂ်
SE - ၁၀၃၊ ၃၄ စတော့ဟုမ်း
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - <http://www.idea.int>

မျက်နှာဖုံးပုံ - Shutterstock
ဒီဇိုင်းနှင့်အခင်းအကျင်း - International IDEA

ISBN: 978-91-7671-802-5 (PDF)
DOI: <https://doi.org/10.31752/idea.2024.61>

# အတိုကောက်အသုံးအနှုန်းများ (Abbreviations)

| | |
|---|---|
| AA | Arakan Army အာရက္ခတပ်တော် (ရခိုင့်တပ်မတော်) |
| CI | Confidence interval ယုံကြည်မှုအတိုင်းအတာ |
| ERO | Ethnic revolutionary organization တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း |
| FDC | Federal Democracy Charter ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် |
| GAD | General Administration Department အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) |
| KIA | Kachin Independence Army ကချင်လွတ်လပ်ရေးတပ်မတော် |
| KIO | Kachin Independence Organisation ကချင်လွတ်လပ်ရေးအဖွဲ့ |
| KNU | Karen National Union ကရင်အမျိုးသားအစည်းအရုံး |
| MNDAA | Myanmar National Democratic Alliance Army မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် |
| MP | Member of parliament လွှတ်တော်ကိုယ်စားလှယ် |
| NMSP | New Mon State Party မွန်ပြည်သစ်ပါတီ |
| NUG | National Unity Government အမျိုးသားညီညွတ်ရေးအစိုးရ |
| PDF | People’s Defence Force ပြည်သူ့ကာကွယ်ရေးတပ်မတော် |
| PNO | Pa-O National Organisation ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် |
| SAC | State Administration Council နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (နစက)/(စကစ) |
| TNLA | Ta’ang National Liberation Army တအာင်းအမျိုးသားလွတ်မြောက်ရေးတပ်မတော် |

# မာတိကာ

**အတိုကောက်အသုံးအနှုန်းများ (Abbreviations)** ............................. E

**နိဒါန်း** ....................................................................... ၁

တွေ့ရှိချက်များ အကျဉ်းချုပ် ..................................................... ၄

**အခန်း ၁**

**ဤအစီရင်ခံစာနှင့် စပ်လျဉ်း၍** ..................................................... ၁၀

၁-၁ ဝေါဟာရအသုံးအနှုန်း ................................................ ၁၀

၁-၂ အချက်အလက်များနှင့် နည်းလမ်းများ .......................... ၁၃

၁-၃ ကောက်ယူခဲ့သော နမူနာ ............................................ ၁၉

**အခန်း ၂**

**တွေ့ရှိချက်များ** ............................................................. ၃၄

၂-၁ လူမှုဝိသေသလက္ခဏာများ ........................................ ၃၄

၂-၂ လူမျိုးများအကြား ဆက်ဆံရေးများ ............................ ၄၀

၂-၃ လူမျိုးနှင့် နိုင်ငံရေး ................................................ ၄၅

၂-၄ ရိုဟင်ဂျာများကို အကာအကွယ်ပေးခြင်း ...................... ၅၃

၂-၅ ဘာသာရေးနှင့် နိုင်ငံရေး ........................................... ၅၆

၂-၆ နိုင်ငံရေးစနစ်များနှင့် နိုင်ငံတော်အဖွဲ့အစည်း (အင်စတီကျူးရှင်း) များဆိုင်ရာလိုလားချက်များ ............ ၆၂

၂-၇ လူမျိုးအခြေပြုဖက်ဒရယ်စနစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို လေ့လာခြင်း ............................... ၈၅

၂-၈ အဓိက နိုင်ငံရေးဆောင်ရွက်နေသူများကို ယုံကြည်မှု ...... ၉၁

**အခန်း ၃**

**နိဂုံးချုပ်နှင့် အကြံပြုချက်များ** ............................................. ၉၇

ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ ..................................... ၁၀၃

စာရေးသူများ ..................................................................... ၁၀၆

International IDEA အဖွဲ့ ....................................................... ၁၀၇

# နိဒါန်း

မြန်မာနိုင်ငံတွင် သက်ဆိုးရှည်နေသည့် နိုင်ငံရေးအကျပ်အတည်းကို နားလည်နိုင်ရန်အတွက် ဝိသေသ လက္ခဏာနှင့် တိုင်းရင်းသားလူမျိုးစုအရေးတို့ကိုသိရှိရန် အရေးကြီးပါသည်။ အများပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်တည်ဆောက်ရေး ကြိုးပမ်းရာတွင်လည်း ယင်းတို့သည်ပင် အဓိကအကြောင်းအချက်များဖြစ်ပါသည်။ လူမှုရေးနှင့် နိုင်ငံရေးလိုလားချက်များအပေါ် ဝိသေသလက္ခဏာနှင့် တိုင်းရင်းသားအရေးတို့က မည်သို့ သက်ရောက်မှုရှိကြောင်း ပိုမို၍ သိရှိနားလည်နိုင်ရန် နိုင်ငံရေးစနစ်များနှင့် အဖွဲ့အစည်းများကို နိုင်ငံသားများ၏ရှုမြင်ပုံများ၊ မူဝါဒဆိုင်ရာ လိုလားချက်များနှင့် နိုင်ငံရေးသဘောထားများကိုလည်းကောင်း၊ လူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် အတူတကွ ရပ်တည်နေထိုင်ကြရသူများနှင့် မိမိတို့အကြားဆက်စပ်ပုံကို မည်သို့ရှုမြင်ကြောင်းကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစေနိုင်သည့် စနစ်တကျကောက်ယူထားသောအချက်အလက်များရှိရန် လိုအပ်ပါသည်။ ယနေ့ မြန်မာနိုင်ငံမှာ လမ်းဆုံလမ်းခွသို့ရောက်ရှိနေသည့် အခြေအနေဖြစ်ပြီး အများပါဝင်လျက် စဉ်ဆက်မပြတ်ရေရှည်တည်တံ့နိုင်သည့် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုဆီသို့ ဦးတည်ကြိုးပမ်းနေချိန်ဖြစ်၍ ယင်းသို့သော အချက်အလက်များရရှိရန် အထူးသဖြင့် အရေးကြီးပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်သည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရသော အစိုးရထံမှ အာဏာသိမ်းယူခဲ့ပါသည်။ ဤသို့ အာဏာအဓမ္မရယူခြင်းကို သာမန်နိုင်ငံသားများ၊ အစိုးရဝန်ထမ်းများနှင့် ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် လူ့အဖွဲ့အစည်း အုပ်စုအသီးသီးက ဆန့်ကျင်ကန့်ကွက်ကြပါသည်။ အာဏာ

သိမ်းမှု ဖြစ်ပွားချိန်မှအစပြု၍ ဒီမိုကရေစီအရေး လုပ်ဆောင်သူများသည် သာမန်နိုင်ငံသားများနှင့်အတူ အနာဂတ်မြန်မာနိုင်ငံ ပြန်လည်ပုံဖော်ရေး စတင်၍ စဉ်းစားခဲ့ကြပါသည်။ တော်လှန်ရေးလှုပ်ရှားမှု အရှိန်အဟုန်မြင့်မား လာသည်နှင့်အမျှ ဒီမိုကရေစီဘက်တော်သား သက်ဆိုင်သူအားလုံးအကြား နိုင်ငံရေးဆွေးနွေးရာတွင် မြန်မာနိုင်ငံအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင် အသစ်ရေးဆွဲချမှတ်နိုင်ရေးကို ဗဟိုပြု၍ ဆွေးနွေးလာကြပါသည်။ နိုင်ငံတော်၏ အဖွဲ့အစည်းများနှင့် စနစ်များကို မည်သို့ ဒီဇိုင်းပုံစံ စီစဉ်တည်ဆောက်ပါက မြန်မာ့လူ့ဘောင်အတွင်း အုပ်စုအသီးသီး ပါဝင်နိုင်ရေး (inclusion) လွယ်ကူ ချောမွေ့စေပြီး ဆယ်စုနှစ်များစွာ ပြည်တွင်းစစ်ဖြစ်ပွားခဲ့ပြီးနောက် အမျိုးသား ပြန်လည်သင့်မြတ် ရင်ကြားစေ့ရေးသို့ ဦးတည်နိုင်မည့်လမ်းကြောင်းများ ဖော် ထုတ်နိုင်ရန်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးနေကြခြင်း ဖြစ်ပါသည်။

> နိုင်ငံရေးအဖွဲ့အစည်း/စနစ် (political institution) အသီးသီးနှင့် စပ်လျဉ်း၍ နိုင်ငံရေးတွင် သက်ဆိုင်ပါဝင်သူ အများအပြား၏ ထုတ်ဖော် ပြောကြားမှုများကို ရှင်းလင်းစွာ ကြားသိရသော်လည်း သာမန် နိုင်ငံသားများက မည်သို့ သိရှိ နားလည်ကြောင်းနှင့် အဓိပ္ပာယ် ကောက်ယူကြောင်း သိရှိမှု နည်းပါးနေပါသည်။

နိုင်ငံရေးအဖွဲ့အစည်း/စနစ် (political institution) အသီးသီးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူနည်းစုခေါင်းဆောင်များ အပါအဝင် နိုင်ငံရေးတွင် သက်ဆိုင်ပါဝင်သူအများအပြား၏ ထုတ်ဖော်ပြောကြားမှုများကို ရှင်းလင်းစွာ ကြားသိရသော်လည်း သာမန်နိုင်ငံသားများက မည်သို့သိရှိနားလည်ကြောင်း နှင့် အဓိပ္ပာယ်ကောက်ယူကြောင်း သိရှိမှုနည်းပါးနေပါသည်။ အထူးသဖြင့် တိုင်းရင်းသားလူနည်းစုများက မိမိတို့၏ဝိသေသလက္ခဏာများနှင့် စပ်လျဉ်း၍ မည်သို့ခံယူကြကြောင်းနှင့် ယင်းခံယူမှုများသည် ဒီမိုကရေစီနိုင်ငံတွင် နိုင်ငံသား ဖြစ်မှုနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းပုံစံတို့အပေါ် အဓိပ္ပာယ်သက်ရောက်မှု မည်သို့ရှိကြောင်း ပိုမိုသိရှိနားလည်ရန် လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၁၀ ခုနှစ်တွင် ပြင်ပနှင့်ချိတ်ဆက်မှုများပြုလုပ်လျက် ပွင့်လင်းလာခဲ့ပြီးနောက် စစ်တမ်းအချက်အလက်များအပေါ် အခြေခံသော သုတေသန လေ့လာချက်အများအပြား ထွက်ပေါ်ခဲ့ပါသည်။ သို့သော် ယင်း သုတေသနများသည် အဓိက အကန့်အသတ်နှစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ကြရ ပါသည်။ ပထမ အကန့်အသတ်မှာ တိုင်းရင်းသားလူနည်းစုများအား နမူနာ ကောက်ယူသည့် အရေအတွက် (sample size) နည်းပါးနေခြင်းဖြစ်ပါသည်။[၁]

---

၁ တိုင်းရင်းသားလူနည်းစုများ အရေအတွက် နည်းပါးနေခြင်းမှာ တစ်နိုင်ငံလုံးကို ကိုယ်စားပြု နိုင်ရန်ရည်ရွယ်၍ နမူနာကောက်ယူခြင်းကြောင့် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးကိုကိုယ်စားပြုသည့်

ဒုတိယအကန့်အသတ်မှာ တွေ့ရှိချက်များကို တိုင်းရင်းသားလူမျိုးအုပ်စုအလိုက် ခွဲခြမ်းစိတ်ဖြာ မဖော်ပြနိုင်ခြင်းဖြစ်ပါသည်။ (ထိုသို့ ခွဲခြမ်းစိတ်ဖြာဖော်ပြခြင်း မပြုနိုင်သည့်အကြောင်း တစ်စိတ်တစ်ဒေသမှာ နမူနာကောက်ယူသည့် အရေအတွက် အကန့်အသတ်ရှိနေခြင်းပင် ဖြစ်ပါသည်။) ရလဒ်အားဖြင့် လေ့လာချက်အများအပြားတွင် သုတေသီများအနေဖြင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူနည်းစုများနှင့် စပ်လျဉ်း၍ ယုံကြည်အားကိုးလောက်သော ကောက်ချက်များ ထုတ်ယူနိုင်ခြင်းမရှိပါ။ မြန်မာနိုင်ငံတွင် မတူကွဲပြားမှု လွှမ်းစွာများပြားခြင်းကြောင့် အုပ်စုအသီးသီး၏ရှုမြင်ပုံများကို သိမြင်နားလည်ရန်နှင့် တိုင်းရင်းသားလူနည်းစုများကို အုပ်စုတစ်စုတည်းအဖြစ် သဘောထားခြင်းကိုရှောင်ရှားရန် လိုအပ်ပါသည်။ လက်ရှိ ပကတိအခြေအနေတွင် နိုင်ငံတော်၏အဖွဲ့အစည်း (အင်စတီကျူးရှင်း) များ စုဖွဲ့ပုံဆိုင်ရာနှင့် နိုင်ငံရေးဆောင်ရွက်သူများဆိုင်ရာ လိုလားချက်များမှာ တိုင်းရင်းသားလူနည်းစု အုပ်စုများအကြား အမျိုးမျိုးအဖုံဖုံရှိနေသဖြင့် ဤအချက်မှာ အထူးသဖြင့် သက်ဆိုင်မှုရှိပါသည်။

> **မြန်မာနိုင်ငံတွင် မတူကွဲပြားမှု လွှမ်းစွာများပြားခြင်းကြောင့် အုပ်စုအသီးသီး၏ ရှုမြင်ပုံများကို သိမြင်နားလည်ရန်နှင့် တိုင်းရင်းသားလူနည်းစုများကို အုပ်စုတစ်စုတည်းအဖြစ် သဘောထားခြင်းကို ရှောင်ရှားရန် လိုအပ်ပါသည်။**

မြန်မာနိုင်ငံ၏ အနာဂတ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် စပ်လျဉ်း၍ ဒီမိုကရေစီအရေး ဆောင်ရွက်သူများ ဆွေးနွေးရာတွင် ဤလေ့လာချက်ဖြင့် အထောက်အကူပြုနိုင်ရန် ရည်မှန်းချက်ထားရှိလျက် အကြောင်းအရာ ၄ ချက်ကို တင်ပြထားပါသည်။ ၎င်းတို့မှာ (က) မြန်မာနိုင်ငံရှိ လူနည်းစုလူအုပ်စုများကိုအထူးဂရုပြု၍ သဘောထားအချက်အလက်များ (opinion data) စုဆောင်းကောက်ယူဆန်းစစ်လေ့လာချက် (ခ) သာမန်နိုင်ငံသားများအနေဖြင့် မိမိတို့၏ လူမှုဝိသေသ လက္ခဏာများ (social identities) ကို မည်သို့သိရှိနားလည်ထားကြောင်း စူးစမ်းလေ့လာချက် (ဂ) အုပ်စုအသီးသီးအကြား ဆက်ဆံရေးများကို လေ့လာချက်နှင့် (ဃ) တိုင်းရင်းသားလူမျိုး (ethnicity) နှင့် အခြား လူမှုဝိသေသလက္ခဏာများ (social identities) သည် သာမန်နိုင်ငံသားများ၏ အစိုးရအမျိုးအစားနှင့် နိုင်ငံရေးစနစ်ဆိုင်ရာလိုလားချက်များ၊ လူမျိုးဗဟိုပြု နိုင်ငံတော် အဖွဲ့အစည်းစနစ်များနှင့် လူနည်းစုအလေးပေး မူဝါဒများကို

---

နမူနာကောက်ယူခြင်းသည် မြန်မာနိုင်ငံလူထု၏ ယေဘုယျထင်မြင်ချက် သဘောထားကို သိရှိနားလည်ရန်အသုံးဝင်သော်လည်း ဇမာများ အများအစုပါဝင်နေမည်သာဖြစ်ပါသည်။ တိုင်းရင်းသားလူနည်းစုများသည် တစ်နိုင်ငံလုံး လူဦးရေနှင့် နှိုင်းယှဉ်လျှင် အချိုးအစားနည်းပါးခြင်းကြောင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် နမူနာကောက်ယူခြင်းဖြင့် တိုင်းရင်းသား လူနည်းစုအသံများကို ပြည့်စုံလုံလောက်စွာ ကြားသိနိုင်မည်မဟုတ်ပါ။

ထောက်ခံမှု၊ နိုင်ငံရေး ဆောင်ရွက်သူများကို ယုံကြည်စိတ်ချမှု အပါအဝင် နိုင်ငံရေးနှင့် လူမှုရေးလိုလားချက်များအပေါ် ဩဇာသက်ရောက်ပုံတို့ ဖြစ်ပါသည်။ ရိုဟင်ဂျာများသည် လွန်ခဲ့သော ၁၀ နှစ်အတွင်း လူမျိုးတုံးသတ်ဖြတ်မှု မြောက်သော ရက်စက်ကြမ်းကြုတ်မှုများ တွေ့ကြုံခံစားခဲ့ရခြင်းကြောင့် ရိုဟင်ဂျာ လူအုပ်စုအပေါ်ထားရှိသော သဘောထားများကိုလည်း အထူးဂရုပြု လေ့လာဖော်ပြထားပါသည်။

ဤလေ့လာချက်မှာ International IDEA က ၂၀၂၂ ခုနှစ် နိုဝင်ဘာလ တွင်ပြုလုပ်ခဲ့သည့် ယခင် စစ်တမ်းကောက်ယူလေ့လာချက်မှ တွေ့ရှိချက်များ အပေါ် ဆက်လက်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ အခြားသုတေသီတစ် ဦးဖြစ်သော Constant Courtin ၂၀၂၂ ခုနှစ်က ဆောင်ရွက်ခဲ့သည့် စစ်တမ်း တစ်ရပ်ကိုပါ ဖြည့်စွက်ဆန်းစစ်ချက်ပြုလုပ်၍ သုတေသနပြုလုပ်ရန် စီစဉ်ရာ တွင် ထည့်သွင်းအသုံးပြုထားပါသည်။ အသုံးပြုပုံမှာ စစ်တမ်းကောက်ယူရာ တွင် အသုံးပြုသည့်မေးခွန်းများ စီစဉ်ပုံ၊ ဖြေကြားသူများနေထိုင်သည့် ပြည်နယ် နှင့် တိုင်းဒေသကြီးအလိုက် အချက်အလက်များကိုခွဲခြား၍ ဆန်းစစ်ပုံ စသည် တို့ ပါဝင်ပါသည်။ ဤအစီရင်ခံစာ တစ်ခုလုံးတွင် ၂၀၂၂ ခုနှစ်က ကောက်ယူခဲ့ သောစစ်တမ်းကို ရည်ညွှန်းဖော်ပြချက်များ ပါဝင်ပါသည်။

## တွေ့ရှိချက်များ အကျဉ်းချုပ်

လေ့လာချက်မှာ ကျပန်းမဟုတ်သော ပုဂ္ဂလဓိဋ္ဌာန် နမူနာကောက်နည်း (non-probability sampling) ဖြင့် ရွေးချယ်ထားသော ပါဝင်ဖြေကြားဆွေး နွေးသူ ၃၂၂၁ ဦးထံမှရရှိသည့် အချက်အလက်များအပေါ် အခြေခံပါသည်။ အဓိက တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- အမျိုးသားဝိသေသလက္ခဏာ၊ လူမျိုးဝိသေသလက္ခဏာ၊ ဘာသာရေး ဝိသေသလက္ခဏာနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး ဝိသေသလက္ခဏာ များသည် ဗမာများအတွက်လည်းကောင်း၊ တိုင်းရင်းသားလူနည်းစုများ အတွက် လည်းကောင်း၊ အရေးပါသည်ကို တွေ့ရှိရပြီး ဘာသာရေး ဝိသေသလက္ခဏာ အရေးကြီးသည်ဟု ဖြေကြားသူအချို့အစား အများဆုံး ဖြစ်ပါသည်။

- တိုင်းရင်းသားလူနည်းစုများတွင် ပါဝင်သူအများစုအတွက် အမျိုးသား ဝိသေသလက္ခဏာသည် လူမျိုးဝိသေသလက္ခဏာနှင့် အလားတူ အရေးကြီးပါသည်။

- လူမျိုးအုပ်စုအသီးသီးအကြား နေ့စဉ်ဘဝနေထိုင်မှုအဆင့်တွင် သည်းခံမှုနှင့် လက်ခံမှုအဆင့် မြင့်မားပါသည်။ ချွင်းချက်မှာ ရခိုင်ပြည်နယ်ဖြစ်ပြီး အာရက္ခ (ရခိုင်) လူမျိုး ဖြေကြားသူအများစုက ရိုဟင်ဂျာလူနည်းစု အပေါ်ထားရှိသော သဘောထားမှာ နိုင်ငံတွင်း အခြားဒေသများ၌နေထိုင်သည့် 'ပြည်နယ်အမည်ရရှိသော' လူအုပ်စု (‘titular’ group) များနှင့် အခြားလူနည်းစုလူမျိုးများအကြား ဆက်ဆံရေးနှင့် နှိုင်းယှဉ်လျှင် ပိုမို၍ အနုတ်လက္ခဏာသဘော ဆောင်ပါသည်။ (ပြည်နယ်အမည် ရရှိသော လူအုပ်စု (titular group) အဓိပ္ပာယ်သတ်မှတ်ချက်ကို နောက်အပိုင်းတွင် ဖော်ပြထားပါသည်။)

- ပြည်နယ်အမည်ရရှိသော လူနည်းစုလူမျိုးများ (titular minorities) အများစုသည် လူမျိုးအမည်မှည့်ခေါ်ထားသော 'မိမိတို့၏' ပြည်နယ်တွင် တိုင်းရင်းသားလူမျိုးဗဟိုပြု သို့မဟုတ် တိုင်းရင်းသားလူမျိုးအခြေပြု ပြည်နယ်အဖွဲ့အစည်း/စနစ်များ တည်ထောင်ရေးထောက်ခံကြပါသည်။ တိုင်းရင်းသားလူနည်းစုများအား နိုင်ငံရေးနှင့် ယဉ်ကျေးမှု ကာကွယ်စောင့်ရှောက်မှုပေးရေး မူဝါဒများကိုလည်း အတန်အသင့်ထောက်ခံမှုရှိပါသည်။ နေ့စဉ်ဘဝနေထိုင်မှုအတွင်း တိုင်းရင်းသားများအကြား ဆက်ဆံရေးများကဲ့သို့ပင် ပြည်နယ်အမည်ရရှိသော အခြားလူမျိုးများ၏ ၎င်းတို့ ပြည်နယ်အတွင်းရှိ လူနည်းစုအုပ်စုများအပေါ်ထားရှိသော သဘောထားနှင့်နှိုင်းယှဉ်လျှင် အာရက္ခ(ရခိုင်)လူမျိုး ဖြေကြားသူများအနက် ရိုဟင်ဂျာများကို နိုင်ငံရေးနှင့် ယဉ်ကျေးမှုကာကွယ်စောင့်ရှောက်မှုပေးရေး မူဝါဒများကို ဆန့်ကျင်ကန့်ကွက်မှု များစွာ ပိုမိုများပြားပါသည်။

- ဘာသာရေးယုံကြည်ကိုးကွယ်မှုဆိုင်ရာ သည်းခံမှု (religious tolerance) နှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာဝင် ဖြေကြားသူများသည် ခရစ်ယာန်များ အပေါ်နှင့် နှိုင်းယှဉ်လျှင် ယေဘုယျအားဖြင့် မွတ်ဆလင်များအပေါ် သည်းမခံမှုအဆင့် များစွာပိုမိုမြင့်မားပါသည်။ မိမိ၏ ဘာသာရေးဝိသေသ

လက္ခဏာကို သက်ဝင်ယုံကြည်မှုအဆင့် ပိုမိုမြင့်မားသည်နှင့်အမျှ သည်းမခံမှုလည်း ပိုမိုများပြားပါသည်။

- တိုင်းရင်းသား လူနည်းစုများတွင် ပါဝင်သော ဖြေကြားသူများအနက် ထက်ဝက်ထက် အနည်းငယ်မျှများပြားသော အရေအတွက်က မိမိတို့ ကိုယ်ပိုင်လွတ်လပ်သော နိုင်ငံရရှိရန်လိုလားသည်ဟု ဆိုပါသည်။ ယင်းသို့ လိုလားသော အရေအတွက်အချိုးအစားမှာ တိုင်းရင်းသားလူမျိုး တစ်မျိုး နှင့်တစ်မျိုး၊ အသက်အရွယ် အလုပ်အကိုင်စသည့် လူတန်းစား အလွှာ တစ်လွှာနှင့်တစ်လွှာအကြား များစွာကွာခြားမှုရှိပါသည်။ အထူးသဖြင့် တိုင်းရင်းသားလူမျိုးအပေါ် ဂုဏ်ယူမှုများပြားလျှင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination) ကို ထောက်ခံမှုမြင့်မားပြီး နိုင်ငံကို ဂုဏ်ယူမှု များပြားလျှင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံမှုနည်းပါးပါသည်။
- မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဒီမိုကရေစီကိုထောက်ခံမှု အားကောင်းသော် လည်း ဖက်ဒရယ်ဒီမိုကရေစီကို နားလည်သဘောပေါက်ပုံမှာ အမျိုးမျိုး အဖုံဖုံ ရှိနေပါသည်။
- ပြည်နယ်နှင့် တိုင်းဒေသကြီးများ စုဖွဲ့ပုံဆိုင်ရာ၊ အတိအကျအားဖြင့် ဗမာပြည်နယ် သတ်မှတ်တည်ထောင်ရေးဆိုင်ရာ လိုလားချက်များနှင့် စပ်လျဉ်း၍ ဖြေကြားသူအများစုက လက်ရှိအတိုင်းသာ စုဖွဲ့ထားရှိခြင်းကို လိုလားကြပါသည်။ (ဆိုလိုသည်မှာ တိုင်းဒေသကြီး သို့မဟုတ် ဖက်ဒရယ် ယူနစ် ၇ ခု ဆက်လက်ထားရှိလိုကြပါသည်။) သို့သော် ဗဟိုချုပ်ကိုင်မှု လျှော့ချရန် (decentralization) လိုလားမှုများပြားပါသည်။ သို့သော် တိုင်းရင်းသား လူနည်းစုများနှင့် နှိုင်းယှဉ်လျှင် ဗမာများအကြား ဗဟို ချုပ်ကိုင်မှုလျှော့ချရန် (decentralization) ထောက်ခံမှု ပိုမိုနည်းပါးပါ သည်။
- ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination) ကို ထောက်ခံမှုမည်မျှရှိကြောင်း သိရှိနိုင်ရန် မေးခွန်းများမေးမြန်းရာတွင် လူမျိုးအခြေပြုဖက်ဒရယ်စနစ် (ethnofederalism) ၏အရေးပါသော အစိတ်အပိုင်းတစ်ရပ်မှာ ပြည်နယ် အတွင်း တိုင်းရင်းသားလူမျိုးတစ်မျိုးသည် အထူးအဆင့်အတန်း (special status) နှင့် အခွင့်အရေးများ (rights) ရရှိခံစားနိုင်ခြင်း ဖြစ်ကြောင်း

ထင်ရှားပေါ်လွင်စေသည့် အခြေအနေတစ်ရပ်ကို ဖော်ပြလျက် မေးမြန်းသည်ဖြစ်စေ၊ ယင်းသို့မဖော်ပြဘဲ မေးမြန်းသည်ဖြစ်စေ ထောက်ခံမှုအပေါ် သက်ရောက်မှုမရှိပါ။ သက်ဆိုင်ရာ ပြည်နယ်တွင် နေထိုင်လျက်ရှိသည့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများ (titular minorities) များကို ယင်းသို့သောအခြေအနေနှင့် ဆက်စပ်၍မေးမြန်းပါက ပြင်ပလူအုပ်စု/အခြားသူဟု ရှုမြင်သည့်အုပ်စု (outgroup) များအပေါ် ထားရှိသော သဘောထားများ ပိုမိုဆိုးဝါးသည်ကို တွေ့ရှိရပါသည်။

- အမျိုးသားညီညွတ်ရေးအစိုးရ (NUG) နှင့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) ကို ယုံကြည်စိတ်ချမှု အလွန်များပြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ယုံကြည်စိတ်ချမှုအဆင့် နိမ့်ကျပါသည်။ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်း (ERO) များအပေါ် ယုံကြည်စိတ်ချမှုမှာ အဖွဲ့အစည်းအလိုက် များစွာကွာခြားသည့်အပြင် ဖြေကြားသူသည် သက်ဆိုင်ရာအဖွဲ့အစည်းနှင့် လူမျိုးတူ၊မတူအပေါ် မူတည်၍လည်း များစွာကွာခြားပါသည်။ ဆိုလိုသည်မှာ ဤလေ့လာချက်တွင် ပါဝင်သော တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များအနက် အာရက္ခတပ်တော် (AA)၊ ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့အပေါ် ယုံကြည်စိတ်ချမှုအဆင့် ပိုမိုမြင့်မားကြောင်းဖြေကြားကြပြီး ယင်းဖြေကြားချက်များအရ အာရက္ခ(ရခိုင်)မဟုတ်သူများသည် အာရက္ခ(ရခိုင်)များထက် အာရက္ခတပ်တော် (AA) အပေါ်တွင်လည်းကောင်း၊ ကချင်မဟုတ်သူများသည် ကချင်များထက် ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) အပေါ်တွင် လည်းကောင်း၊ ကရင်မဟုတ်သူများသည် ကရင်များထက် ကရင်အမျိုးသားအစည်းအရုံး (KNU) အပေါ်တွင်လည်းကောင်း ယုံကြည်စိတ်ချမှု အဆင့်ပိုမိုနည်းပါးသည်ကို အစဉ်တစိုက် တွေ့ရှိရပါသည်။

ဤအစီရင်ခံစာတွင် အချို့တွေ့ရှိချက်များသည် သမားရိုးကျ တွေးဆမှုများနှင့် ညီညွတ်သော်လည်း အခြားတွေ့ရှိချက်များမှာ အံ့သြဖွယ်ရာ ဖြစ်နေနိုင်ပါသည်။ ယင်းတွေ့ရှိချက်များကို စဉ်းစားသုံးသပ်ရာတွင် စာရှုသူများအနေဖြင့် အတွေးအမြင်အသီးသီးကို စဉ်းစားနိုင်ရေး ဉာဏ်တံခါးကို ဖွင့်လှစ်ထားရှိရန်နှင့် ယခင် ယူဆချက်အဟောင်းများကို ပြန်လည်သုံးသပ်ရန် အားပေး

တိုက်တွန်းပါသည်။ စာရေးသူများ၏ နမူနာကောက်ယူ လေ့လာချက်မှာ သုတေသနလုပ်ငန်းစဉ်၏ အစသာဖြစ်ပြီး အထက်ဖော်ပြပါအတိုင်း ကွဲပြားခြားနားချက်များရှိပါက စာရှုသူများအနေဖြင့် ဆက်လက်လေ့လာနိုင်ရန်နှင့် စမ်းသပ်စစ်ဆေးနိုင်ရန် မျှော်လင့်ပါသည်။ ထို့အပြင် တွေ့ရှိချက်များကို အားလုံးတစ်ပေါင်းတည်း ခြုံငုံလျက်စဉ်းစားရန်လည်း တိုက်တွန်းလိုပါသည်။ ဥပမာ ပြည်နယ်အမည်ရ လူနည်းစုလူမျိုး ဖြေကြားသူများအနက် အချိုးအစား အတော်များများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (self-determination) ကို ထောက်ခံကြောင်း ဖြေကြားကြသော်လည်း (မြန်မာ) နိုင်ငံတော်အပေါ် ဂုဏ်ယူမှု မြင့်မားကြောင်းနှင့် ပြည်နယ်အမည်ရလူနည်းစုများအကြား ဖက်ဒရယ်ဒီမိုကရေစီကိုထောက်ခံသည့် အချိုးအစားမှာ ပိုမို၍ပင်များပြားကြောင်း သတိပြုမိပါသည်။ နောက်ဆုံးအနေဖြင့် ဤသုတေသနမှာ မြန်မာနိုင်ငံရှိ ဝိသေသလက္ခဏာနိုင်ငံရေး (identity politics) ဆိုင်ရာ မျက်မြင်ပကတိအခြေအနေ သုတေသနပြုလုပ်မှုတွင် အရေးပါသောလစ်ဟာချက်များရှိနေခြင်းကို ဖြည့်ဆည်းဆောင်ရွက်ခြင်းဖြစ်သော်လည်း အကန့်အသတ်များ ရှိနေပါသည်။ ယင်း အကန့်အသတ်များကို အစီရင်ခံစာတစ်ခုလုံးတွင် ထင်ရှားစွာဖော်ပြထားပြီး အခြားသုတေသီများအနေဖြင့် ယင်းတို့ကို ဖြေရှင်းလျက် ဆက်လက်သုတေသနပြုလုပ်နိုင်ပါရန် ဖိတ်ကြားပါသည်။

အစီရင်ခံစာကို အောက်ပါအတိုင်း ပြုစုထားပါသည်။ ဦးစွာ အစီရင်ခံစာတွင်အသုံးပြုသည့် ဝေါဟာရများကို အဓိပ္ပာယ်ဖော်ပြပြီး အချက်အလက်များနှင့် အသုံးပြုသောနည်းလမ်းများကို ခြုံငုံဖော်ပြထားပါသည်။ ထိုသို့ဖော်ပြရာတွင် နမူနာကောက်ယူသည့် မဟာဗျူဟာ အသေးစိတ်အကြောင်းအရာနှင့် နမူနာကောက်ယူရာတွင် ပါဝင်သူများကိုဖော်ပြထားသည်။ ထို့နောက် တွေ့ရှိချက်များကို (၁) လူမှုဝိသေသလက္ခဏာများ (၂) နေ့စဉ်ဘဝနေထိုင်မှုတွင် တိုင်းရင်းသား/လူမျိုး အချင်းချင်းဆက်ဆံရေးများ (၃) တိုင်းရင်းသား/လူမျိုးနှင့် နိုင်ငံရေး (၄) ရိုဟင်ဂျာများကို ကာကွယ်စောင့်ရှောက်ခြင်း (၅) ဘာသာရေးနှင့် နိုင်ငံရေး (၆) နိုင်ငံရေးစနစ်များနှင့် နိုင်ငံတော်အဖွဲ့အစည်း (အင်စတီကျူးရှင်း) များ (၇) နိုင်ငံရေးဆောင်ရွက်သူများကို ယုံကြည်စိတ်ချမှုဟု အပိုင်းများခွဲ၍ ဆက်လက်ဖော်ပြထားပါသည်။ နိုင်ငံရေးစနစ်များနှင့် နိုင်ငံတော်အဖွဲ့အစည်းများအပိုင်းခွဲတွင် စစ်တမ်းကောက်ယူစဉ် ထည့်သွင်းဆောင်ရွက်ခဲ့သော လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို အကျဉ်းပြန်လည်သုံးသပ်ဖော်ပြထား

**ပြည်နယ်အမည်ရ လူနည်းစု လူမျိုး ဖြေကြားသူများအနက် အချိုးအစား အတော်များများသည် ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် (self-determination) ကို ထောက်ခံကြောင်း ဖြေကြားကြသော်လည်း (မြန်မာ) နိုင်ငံတော်အပေါ် ဂုဏ်ယူမှု မြင့်မားကြောင်းနှင့် ပြည်နယ် အမည်ရ လူနည်းစုများအကြား ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံသည့် အချိုးအစားမှာ ပိုမို၍ပင် များပြားကြောင်း သတိပြုမိပါသည်။**

ပါသည်။ ယင်း လက်တွေ့စမ်းသပ်မှုမှာ ပြည်နယ်အဆင့်တွင် တိုင်းရင်းသား လူမျိုးတစ်မျိုးက အထူးအဆင့်အတန်းနှင့် အခွင့်အရေးများ ရရှိလာသည့် လူမျိုးအခြေပြု ဖက်ဒရယ်စနစ် (ethnofederalism) ကျင့်သုံးခြင်းဖြင့် ဖြစ်ပွား လာနိုင်သည့် အကျိုးဆက်များကို လေ့လာထားပါသည်။ တိုင်းရင်းသား/ လူမျိုးများအကြား ဆက်ဆံရေးများနှင့် နိုင်ငံရေးလိုလားချက်များအပေါ် သက် ရောက်မှုကို သုံးသပ်ပါသည်။ နောက်ဆုံးတွင် အစီရင်ခံစာနိဂုံးအဖြစ် စိတ်ပါ ဝင်စားသော အကျိုးသက်ဆိုင်သူများအတွက် ယေဘုယျအကြံပြုချက်အချို့ ကို ဖော်ပြထားပါသည်။

အခန်း (၁)

# ဤစာတမ်းနှင့် စပ်လျဉ်း၍

## ၁-၁ ဝေါဟာရအသုံးအနှုန်း

လေ့လာချက်တွင် အသုံးပြုထားသည့် အချက်အလက်များနှင့် နည်းလမ်းများကို မဖော်ပြမီ အစီရင်ခံစာပါ ဝေါဟာရအချို့ကို ဦးစွာရှင်းလင်းဖော်ပြပါမည်။ ပဋိပက္ခနှင့် သဘောထားကွဲပြားမှုများ ဖြစ်ပွားလျက်ရှိသည့် ကာလများတွင် ဝေါဟာရအသုံးအနှုန်းများမှာ ညှိနှိုင်းနေဆဲဖြစ်လေ့ရှိပြီး လက်ခံနိုင်သည့် သင့်တင့်လျောက်ပတ်သော ဝေါဟာရအသုံးအနှုန်းများမှာ မတည်ငြိမ်သေးဘဲ မကြာခဏ ပြောင်းလဲနေတတ်သည်ကို သတိပြုရန် အရေးကြီးပါသည်။ ဤအစီရင်ခံစာကို ရေးသားချိန်တွင် မြန်မာနိုင်ငံ၌နေထိုင်ကြသော သာမန်ပြည်သူလူထုက တူညီစွာသိရှိနားလည်ပြီး အသုံးပြုလျက်ရှိသည့် ပိုင်းခြားဖော်ပြပုံများနှင့် ဝေါဟာရအသုံးအနှုန်းများကို အသုံးပြုရန်ရည်ရွယ်သော်လည်း ဝေါဟာရအသုံးအနှုန်းတစ်ရပ်ရပ်ကို အသုံးပြုခြင်းသည် ယင်းဝေါဟာရ အသုံးအနှုန်း မှန်ကန်သင့်မြတ်ကြောင်း ထောက်ခံချက်ပေးခြင်းမဟုတ်ပါ။ ဥပမာ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုများဆိုရာ၌ မြန်မာအစိုးရက ဌာနေတိုင်းရင်းသားများအဖြစ် ဖော်ပြလျက် အသိအမှတ်ပြုထားသော လူမျိုးများနှင့် လူအုပ်စုများကို ရည်ညွှန်းပါသည်။ တိုင်းရင်းသား အယူအဆမှာ ပြဿနာရှိပြီး အငြင်းပွားဖွယ်ရာလည်း ဖြစ်ပါသည်။ တိုင်းရင်းသားအယူအဆကို လက်တွေ့ကျင့်သုံးရာတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအခွင့်အရေး အပြည့်အဝရရှိသော လူနည်းစုတိုင်းရင်းသားလူမျိုးများနှင့် တင်းပြည့်မြန်မာနိုင်ငံသားဟု ယူဆခြင်းမခံရသည့် တိုင်းရင်းသားမဟုတ်သော လူနည်းစု လူမျိုးများဟူ၍ လူနည်းစုနှစ်မျိုးနှစ်စားဖြစ်ပေါ်လာသည့် ပကတိအခြေအနေကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

ယင်းသို့သော ခွဲခြားဆက်ဆံသည့် မူဝါဒများ၏ သက်ရောက်မှုများကို ပိုမို၍ နားလည်သဘောပေါက်ရန် တိုင်းရင်းသားဟု ယူဆခြင်းခံရသော လူနည်းစုများနှင့် တိုင်းရင်းသားဟု ယူဆခြင်းမခံရသော လူနည်းစုများအကြား ခွဲခြားသိရှိနိုင်ရန် လိုအပ်ပါသည်။

အလားတူ အာရက္ခ (ရခိုင်)၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ (ကယား)၊ မွန်နှင့် ရှမ်းတိုင်းရင်းသားလူမျိုးများကို ပြည်နယ်အမည်ရ လူမျိုးများ၊ ယင်းလူမျိုးအဖွဲ့ဝင်များကို ပြည်နယ်အမည်ရ လူနည်းစုများဟု ရည်ညွှန်းဖော်ပြထားပါသည်။[၂] ဗမာလူမျိုးအပါအဝင် ယင်း တိုင်းရင်းသားလူမျိုးကြီး ၈ မျိုးတွင် အခြားလူဦးရေ ပိုမိုနည်းပါးသော လူမျိုးစုများနှင့် မျိုးနွယ်စုများလည်း ပါဝင်သည်ဟု အများ နားလည်ထားကြပါသည်။ အင်္ဂလိပ်ဝေါဟာရ 'titular' (ပြည်နယ်အမည်ရရှိသော) သည် ယခင် ဆိုရှယ်လစ် ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်ပြည်ထောင်စုအတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်များကို ရည်ညွှန်းဖော်ပြရန် အများဆုံးအသုံးပြုလေ့ရှိသော်လည်း အာရက္ခ(ရခိုင်)၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်းတို့သည်လည်း အသီးသီးပြည်နယ်အမည် (တိုင်းရင်းသားပြည်နယ်) ရှိကြသဖြင့် ယင်းဝေါဟာရကို ဤစာအုပ်တွင် ယူငင်အသုံးပြုထားပါသည်။ တဖန် ပြည်နယ်အမည်ရ လူနည်းစုများအနက် သက်ဆိုင်ရာ ပြည်နယ်တွင်မနေထိုင်ကြဘဲ အခြားတွင် နေထိုင်ကြခြင်းများ ရှိနိုင်ပါသည်။ လေ့လာဆန်းစစ်ချက်အချို့တွင် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်တွင် နေထိုင်ကြသည့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများနှင့် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်ပြင်ပတွင် နေထိုင်ကြသည့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများဟု ခွဲခြားဖော်ပြထားပါသည်။ (ဥပမာ ရှမ်းပြည်နယ်တွင် နေထိုင်သော ရှမ်းလူမျိုးနှင့် အခြားပြည်နယ်တွင် နေထိုင်သော ရှမ်းလူမျိုးတို့ ဖြစ်ပါသည်။)

ဤသို့ ဝေါဟာရသုံးနှုန်းဖော်ပြခြင်းသည် ယင်းပိုင်နက်နယ်မြေယူနစ်များ ပိုင်းခြားပုံကိုဖြစ်စေ၊ ပြည်နယ်အမည်ရ လူမျိုးများ၏ နေရပ်ဌာနေဒေသအနေဖြင့်ဖြစ်စေ ထောက်ခံဖော်ပြခြင်း မဟုတ်ပါ။ သို့သော် ယင်းသို့သော

၂ 'ပြည်နယ်အမည်ရလူမျိုး' ('titular nation') ဟူသော ဝေါဟာရကို ၁၉ ရာစု နှောင်းပိုင်းတွင် Maurice Barrès (မော်ရစ်စ် ဘားဟက်စ်) ဆိုသူက ပထမဆုံးသုံးစွဲခဲ့ပြီး ဆိုလိုရင်းမှာ လူမျိုးတစ်မျိုးသည် သက်ဆိုင်ရာပြည်နယ်အတွင်း လူဦးရေအများဆုံးဖြစ်သည့်အပြင် ယင်းလူမျိုးအမည်ဖြင့်ပင် ပြည်နယ်အမည် သတ်မှတ်ထားသည်ဟု ဆိုလိုပါသည်။

ပိုင်နက်နယ်မြေပိုင်းခြားသတ်မှတ်ပုံမှာ လွတ်လပ်ရေးရရှိချိန်မှစ၍ များသော အားဖြင့်မပြောင်းလဲဘဲ တည်ရှိနေကြောင်း၊ ဖက်ဒရယ်နိုင်ငံကို ယူနစ်(ပြည်နယ်) များပိုင်းခြားမည်ဆိုပါက ပြည်သူလူထုအများ၏ အမြင်တွင် ယင်းပိုင်းခြားပုံများ မှာ အသားကျလျက်ရှိကြောင်း ငြင်းကွယ်၍မရနိုင်ပါ။ ယခုအခါ ဖက်ဒရယ် ဒီမိုကရေစီပဋိညာဉ် (FDC) တွင် ကြားကာလအတွင်း အခြားနည်း ဆုံးဖြတ် ခြင်းမရှိပါက မူလ တည်ဆဲဖက်ဒရယ် ယူနစ် (ပြည်နယ်နှင့် တိုင်းဒေသကြီး) ၁၄ ခု ပိုင်းခြားပုံအတိုင်း ကျင့်သုံးရန်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ တိုင်းရင်းသားလူမျိုးအမည်များကိုမူ သက်ဆိုင်ရာတိုင်းရင်းသားလူမျိုးများက အသုံးပြုရန် လိုလားသည့်အမည်ကို ဤစာအုပ်တွင် အသုံးပြုထားပါသည်။ ဥပမာ 'ကယား' အစား 'ကရင်နီ'၊ 'ရခိုင်' အစား 'အာရက္ခ'၊ ကရင်ကို အင်္ဂလိပ် စာလုံးပေါင်းရာတွင် ‘Kayin’ ဟု ပေါင်းမည့်အစား ‘Karen'၊ 'ပလောင်' အစား 'တအာင်း' ဟူ၍ သုံးနှုန်းပါသည်။

ပြည်နယ်အမည်များကို သက်ဆိုင်ရာပြည်နယ်ရှိ ပြည်နယ်အမည်ရ လူမျိုး များက လိုလားနှစ်သက်သော အမည်များရှိသည့်တိုင် အသုံးမပြုဘဲ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အမည်များအတိုင်း အသုံးပြုထားပါသည်။ (အာရ က္ခပြည်နယ်ဟု မသုံးနှုန်းဘဲ) ရခိုင်ပြည်နယ်၊ (ကရင်နီပြည်နယ်ဟု မသုံးနှုန်း ဘဲ) ကယားပြည်နယ်[၃]၊ ကရင်ပြည်နယ်ကို အင်္ဂလိပ်ဘာသာ စာလုံးပေါင်းရာ တွင် (Karen State ဟု စာလုံးမပေါင်းဘဲ) Kayin State ဟု ဖော်ပြထားပါ သည်။ ဤလေ့လာချက်တွင် ထိုကဲ့သို့ အမည်များ ရွေးချယ်သုံးနှုန်းရာ၌ ပြည်နယ် အတွင်း တိုင်းရင်းသားလူမျိုးများ၏ မတူကွဲပြားမှုကိုလည်း အသိအမှတ်ပြုထား ပါသည်။ International IDEA အဖွဲ့ကထုတ်ဝေသည့် အစီရင်ခံစာတစ်စောင် တွင် အကျယ်တဝင့်ဆွေးနွေးထားပြီး အထက်တွင်လည်း ဖော်ပြခဲ့သည့်အတိုင်း ပြည်နယ်အားလုံးတွင် မတူကွဲပြားမှု လွန်စွာများပြားပါသည် (Jap and Courtin

၃ ကရင်နီပြည်နယ်အတိုင်ပင်ခံကောင်စီ (Karenni State Consultative Council) က ကယား ပြည်နယ်ဟူသော အမည်ကို လက်မခံကြောင်း၊ ကယားပြည်နယ်ဟူသောအမည်မှာ မြန်မာ အစိုးရက ၁၉၅၁ ခုနှစ်တွင် တစ်ဖက်သတ် သတ်မှတ်ခဲ့သော အမည်ဖြစ်ကြောင်း၊ ကရင်နီ ပြည်နယ်ဟူသောအမည်ကို အသုံးပြုရန် မီဒီယာများနှင့် သက်ဆိုင်သူများကို တိုက်တွန်း ကြောင်း ကြေညာချက်တစ်စောင်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပါ သည်။ ကရင်နီ မျိုးနွယ်စုအားလုံးကို ရည်ညွှန်းသော ကရင်နီ အမည်သည် ‘ကရင်နီလူမျိုး များ လွတ်လပ်ရေးအတွက် သမိုင်းကြောင်းအရနှင့် ယဉ်ကျေးမှုအရ အထူးအရေးပါပါသည်’ (Karenni State Consultative Council 2023)။

2022 ကို ကြည့်ပါ)။ ယင်းအမည်များမှာ နိုင်ငံတကာ စံသတ်မှတ်ရေးအဖွဲ့ (International Organization for Standardization) (ISO) က အသုံးပြုသည့် အကျုံးဝင်သော တစ်ကမ္ဘာလုံးဆိုင်ရာ စံချိန်စံနှုန်းများနှင့်လည်း ညီညွတ်မှုရှိပါသည်။

## ၁-၂ အချက်အလက်များနှင့် နည်းလမ်းများ

အသုံးပြုသော နည်းလမ်းများမှာ ၂၀၂၂ ခုနှစ်တွင် International IDEA က တာဝန်ပေးအပ်ဆောင်ရွက်စေခဲ့သော ယခင် စစ်တမ်းကောက်ယူ သုတေသန လေ့လာချက်အပေါ် ဆက်လက်တည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ယခင်စစ်တမ်းကောက်ယူစဉ်က တွေ့ရှိချက်အချို့ကို စစ်ဆေးအတည်ပြုခြင်း၊ ရှင်းလင်းဖော်ပြခြင်း၊ တိုးချဲ့ဖော်ပြခြင်းများ လုပ်ဆောင်ထားပါသည်။ အဓိကအားဖြင့် နည်းလမ်းသုံးမျိုး ဆောင်ရွက်ပါသည်။ ပထမနည်းလမ်းမှာ စစ်တမ်းကောက်ယူသည့် မေးခွန်းလွှာကို ၂၀၂၂ ခုနှစ် စစ်တမ်းမှ တွေ့ရှိချက်များအပေါ် အခြေခံ၍ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလတွင် Constant Courtin လုပ်ဆောင်ခဲ့သည့် ဆန်းစစ်ချက်ကို ဖြည့်စွက်လျက်ပြုစုပါသည်။ ထို့နောက် International IDEA ၏ မြန်မာနိုင်ငံအဖွဲ့နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက် မေးခွန်းများကို အသေးစိတ်ညှိနှိုင်းပြင်ဆင်ခြင်း၊ ဘာသာပြန်ဆိုခြင်းများ လုပ်ဆောင်ပါသည်။ ထို့နောက် ၂၀၂၄ ခုနှစ် မတ်လတွင် မေးခွန်းလွှာကို ဖြေကြားသူ ၈ ဦးပါ အုပ်စုငယ် (focus group) ဖြင့် ဆွေးနွေးချိန် နှစ်ချိန်ခွဲ၍ စမ်းသပ်အသုံးပြုပြီး ဖြေကြားစေခဲ့ပါသည်။

ဒုတိယနည်းလမ်းမှာ တိုင်းရင်းသားလူနည်းစုများ၏ ရှုမြင်ပုံများကို ပိုမို၍ သိရှိနားလည်ရန် နမူနာကောက်ယူသည့် မဟာဗျူဟာကို ရွေးချယ်အသုံးပြုခြင်းဖြစ်ပါသည်။ နိဒါန်းတွင် ဖော်ပြခဲ့သည့်အတိုင်း တစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်သည့် နမူနာကောက်ယူပုံနည်းလမ်းကို အသုံးပြုပါက ကြုံတွေ့ရသော အားနည်းချက်တစ်ရပ်မှာ တိုင်းရင်းသားလူနည်းစုများ၏ ခံစားမှုများကိုတိကျမှန်ကန်စွာ မသုံးသပ်နိုင်ခြင်းဖြစ်ပါသည်။ ဤလေ့လာချက်တွင် ယင်းကန့်သတ်ချက် နည်းပါးသက်သာစေရန် စီစဉ်ထားပါသည်။ နောက်ဆုံးအနေဖြင့် (ဒုတိယအချက်နှင့်ဆက်စပ်လျက်) တိုင်းရင်းသားလူမျိုးအုပ်စု လေးမျိုးအလိုက် တွေ့ရှိချက်များကို ပိုင်းခြားဖော်ပြခြင်းဖြင့် ဗမာနှင့် တိုင်းရင်းသားလူနည်းစု

ဟူသော သမားရိုးကျ သတ်မှတ်မှုဘောင်ကို ကျော်လွှန်နိုင်ခဲ့ပါသည်။ နမူနာကောက်ယူခြင်းနှင့် ပိုင်းခြားခြင်း မဟာဗျူဟာကို အောက်ပါ အပိုင်းခွဲ နှစ်ပိုင်းတွင် ထပ်မံ၍ အသေးစိတ် ဖော်ပြထားပါသည်။

## ၁-၂-၁ နမူနာကောက်ယူခြင်း

နမူနာကောက်ယူရာတွင် ကိုယ်စားပြုနိုင်မှုဆိုသည်မှာ ကောက်ယူထားသောနမူနာသည် လေ့လာလိုသည့် ပိုမိုကြီးမားသော လူအုပ်စုနှင့် တူညီသော သွင်ပြင်လက္ခဏာများရှိခြင်းကို ရည်ညွှန်းပါသည်။ သွင်ပြင်လက္ခဏာ တူညီမှုကို အမျိုးသားအဆင့် သို့မဟုတ် နိုင်ငံအဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ အုပ်စုအဆင့် ဟူသော အဆင့်အသီးသီးတွင် စစ်ဆေးအကဲဖြတ်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် လုပ်ဆောင်ခဲ့သည့် စစ်တမ်းကောက်ယူ လေ့လာချက်အများအပြားမှာ နိုင်ငံအဆင့်တွင် ကိုယ်စားပြုမှုရှိစေရန် စီစဉ်ဆောင်ရွက်ထားခြင်း ဖြစ်ပါသည်။ သို့သော်ယင်းသို့သော နမူနာကောက်ယူမှုမှာ လေ့လာလိုသော လူအုပ်စုသည် သာမန် ပြည်သူလူထုတစ်ရပ်လုံး ဖြစ်မှသာလျှင် အသုံးဝင်ပါသည်။ တိုင်းရင်းသားလူနည်းစုများ သို့မဟုတ် ပြည်နယ်/တိုင်း တစ်ခုခုတွင်နေထိုင်သူများကဲ့သို့သော ပြည်သူလူထုတစ်ရပ်လုံးအတွင်းမှ လူအုပ်စုတစ်စုစုကို လေ့လာလိုပါက နိုင်ငံအဆင့်တွင် ကိုယ်စားပြုမှုရှိသည့် နမူနာကောက်ယူမှုသည် အသုံးဝင်မှု နည်းပါးပါသည်။ ကောက်ယူထားသော နမူနာတွင် လေ့လာလိုသော အုပ်စုငယ်များမှ လူများအနည်းငယ်သာ ပါဝင်ခြင်းကြောင့်ဖြစ်ပါသည်။ ဥပမာ မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုသော ဖြေကြားသူ ၁,၀၀၀ ကို နမူနာကောက်ယူမည်ဆိုပါက ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများ ၂၀၀ ခန့် ပါဝင်ပါမည်။ ဤအရေအတွက်မှာ တိုင်းရင်းသားလူနည်းစု လူမျိုးတစ်မျိုးမျိုးကို မဆိုထားနှင့်၊ ယင်းလူနည်းစုများအကြောင်း အုပ်စုတစ်စုအနေဖြင့်ပင် အဓိပ္ပာယ်ရှိသော ကောက်ချက်တစ်စုံတစ်ရာ ထုတ်ယူနိုင်ရန် လုံလောက်မှုမရှိပါ။

လူနည်းစုအုပ်စုများနှင့် ပြည်နယ်များတွင် နေထိုင်သူများကို နမူနာကောက်ယူရာတွင် အရေအတွက်ပိုမိုများပြားစွာ ပါဝင်စေခြင်းဖြင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော နမူနာကောက်ယူမှုဖြင့် လုပ်ဆောင်ခဲ့သည့် ၂၀၂၂ ခုနှစ် စစ်တမ်း၏ အရေးကြီးသော ကန့်သတ်ချက်တစ်ရပ်ကို ဖြေရှင်းနိုင်ပါသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းတွင် တွေ့ရှိချက်များကို ပြည်နယ်နှင့် တိုင်းဒေသကြီး

အလိုက် ပိုင်းခြားဖော်ပြသော်လည်း ယင်းသို့ပိုင်းခြားလိုက်သောအခါ ပြည်နယ်နှင့်တိုင်း အုပ်စုများအတွက် နမူနာတွင် ပါဝင်သောအရေအတွက်မှာ အလွန်နည်းပါးခြင်းကြောင့် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်း မရှိပါ။ ဥပမာ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍ နမူနာကောက်ယူရာတွင် အရေအတွက်အများဆုံးပါဝင်သည့် လူနည်းစုအုပ်စုမှာ ရှမ်းလူမျိုးများဖြစ်ပြီး ဖြေကြားသူ ၁၁၂ ဦး ပါဝင်ခဲ့ပါသည်။ အခြားတိုင်းရင်းသားလူနည်းစုများမှာ ဖြေကြားသူ ၁၆ ဦး မှ ၈၀ အထိရှိပါသည်။ ယင်းအရေအတွက်မှာ အဓိပ္ပာယ်ရှိသော ကောက်ချက်များ ထုတ်ယူနိုင်ရန် လုံလောက်မှုမရှိပါ။

## ၁-၂-၂ အုပ်စု၏ အခြေအနေကို လေ့လာခြင်း

မြန်မာနိုင်ငံတွင်လုပ်ဆောင်သည့် လေ့လာချက်အများအပြားမှာ လူမျိုးစုဆိုင်ရာ အခြေအနေကိုဖော်ပြရာတွင် နိုင်ငံအတွင်း နိုင်ငံရေးအရကြီးစိုးလွှမ်းမိုးသော လူများစုဗမာလူမျိုးနှင့် တိုင်းရင်းသားလူနည်းစုများ ဟူ၍သာလျှင် ခွဲခြားလေ့ရှိပါသည်။ သို့သော် နိုင်ငံအဆင့်၏ အောက်အဆင့် (ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအဆင့်) တွင် လူများစုအုပ်စုသည် အမြဲတစေ ဗမာလူမျိုး မဟုတ်ပါ။ လူတစ်ဦးချင်း၏စေ့ဆော်မှုများနှင့် အပြုအမူတို့ကို ပိုမို၍သိရှိနားလည်ရန် ၎င်းတို့ပါဝင်သော လူအုပ်စု၏ နိုင်ငံအဆင့် အခြေအနေနှင့် ပြည်နယ်အဆင့် အခြေအနေတို့ အပြန်အလှန်ဆက်စပ်သက်ရောက်ပုံကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ သို့မှသာ 'ဗမာ' နှင့် 'လူနည်းစုတိုင်းရင်းသား/လူမျိုးများ' ဟူသော ကျယ်ပြန့်သည့် အုပ်စုခွဲမှုအတွင်းရှိနေသော ထည့်သွင်းစဉ်းစားရမည့်အချက်များနှင့် အတွေ့အကြုံများ အမျိုးမျိုး အဖုံဖုံရှိနေခြင်းကို လေ့လာသိရှိနိုင်ပါမည်။ ထို့ကြောင့် အောက်ဖော်ပြပါ အုပ်စုများကို လေ့လာပါမည်။

**လူတစ်ဦးချင်း၏ စေ့ဆော်မှုများနှင့် အပြုအမူတို့ကို ပိုမို၍ သိရှိနားလည်ရန်တို့ပါဝင်သော လူအုပ်စု၏ နိုင်ငံအဆင့် အခြေအနေနှင့် ပြည်နယ်အဆင့် အခြေအနေတို့ အပြန်အလှန် ဆက်စပ်သက်ရောက်ပုံကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။**

- **'တိုင်းဒေသကြီးများ'တွင် နေထိုင်ကြသော ဗမာများ။** ဤအုပ်စုမှာ နိုင်ငံလူဦးရေ၏ ၆၄% ရှိပါသည်။ ဤဗမာများသည် နိုင်ငံအဆင့်နှင့် တိုင်းဒေသကြီးအဆင့်တို့တွင် လူများစုအုပ်စု၌ ပါဝင်သူများ ဖြစ်ပါသည်။ တစ်နိုင်ငံလုံးကို ကိုယ်စားပြုသော စစ်တမ်းများတွင် ဤအုပ်စုသည် ကိုယ်စားပြုပါဝင်မှု ကောင်းမွန်လေ့ရှိပါသည်။

- **'ပြည်နယ်များ'တွင် နေထိုင်ကြသောဗမာများ။** ဤအုပ်စုမှာ နိုင်ငံလူဦးရေ၏ ၅% ရှိပါသည်။ လူမျိုးအားဖြင့် ဗမာဖြစ်သော်လည်း ပြည်နယ်အဆင့်

တွင် လူနည်းစုဖြစ်သောကြောင့် တိုင်းဒေသကြီးများတွင် နေထိုင်ကြသော ဗမာများနှင့် မတူညီကြပါ။ တိုင်းရင်းသားလူနည်းစုများ အများစုနေထိုင်ကြသည့် နိုင်ငံအဆင့်အောက် အုပ်ချုပ်မှု ယူနစ်များဖြစ်သော ပြည်နယ်များတွင် နေထိုင်ကြသူများဖြစ်၍ လူနည်းစုတိုင်းရင်းသား/လူမျိုးများနှင့် ထိတွေ့ဆက်ဆံမှုရှိရန် ပိုမို၍ အလားအလာများပြားပါသည်။ အကျိုးဆက်အနေဖြင့် တိုင်းဒေသကြီးများရှိ ဗမာများနှင့် မတူညီသော နိုင်ငံရေးအဖွဲ့အစည်း အင်စတီကျူးရှင်းများအပေါ် ရှုမြင်ပုံများ၊ လူနည်းစုတိုင်းရင်းသား/လူမျိုးများနှင့် ဆက်ဆံရေးများ ရှိနိုင်ပါသည်။

- **ပြည်နယ်အမည်ရ လူနည်းစုများ (Titular minorities)**။ ပြည်နယ်အမည်ရ လူနည်းစုများသည် နိုင်ငံလူဦးရေ၏ ၂၀% ခန့် ရှိပါသည်။ ယင်းတိုင်းရင်းသားလူနည်းစုများသည် အာရက္ခ (ရခိုင်)၊ ချင်း၊ ကချင်၊ ကရင်၊ ကရင်နီ၊ မွန်နှင့် ရှမ်းကဲ့သို့ တိုင်းရင်းသားပြည်နယ် သတ်မှတ်ပေးခြင်းခံရသူများဖြစ်ပါသည်။ သို့သော် ပြည်နယ်အမည်ရ လူနည်းစုများအားလုံးမှာ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များတွင် နေထိုင်ကြခြင်းမဟုတ်ပါ။ ဥပမာ ကရင်လူမျိုး အများစုသည် ကရင်ပြည်နယ်ပြင်ပတွင် နေထိုင်ကြပါသည်။ ကချင်၊ မွန်နှင့် ရှမ်းလူမျိုးများမှာမူ မိမိတို့ သက်ဆိုင်ရာ ပြည်နယ်အသီးသီးတွင် အကြီးမားဆုံး လူအုပ်စုဖြစ်သော်လည်း အများစုမဟုတ်ပါ။ ဤအစီရင်ခံစာတွင် နေထိုင်ရာနေရာဒေသကို (မိမိတို့ သက်ဆိုင်ရာ ပြည်နယ်အတွင်းတွင် သို့မဟုတ် ပြင်ပတွင် ဖြစ်ကြောင်း) အတိအလင်း ဖော်ပြခြင်းမရှိပါက ပြည်နယ်တွင်းနေထိုင်သူနှင့် ပြည်နယ်ပြင်ပတွင်နေထိုင်သူ ပြည်နယ်အမည်ရ လူနည်းစု (Titular minorities) တွင် ပါဝင်သူအားလုံးကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။
- **ပြည်နယ်အမည်မရ လူနည်းစုများ**။ ပြည်နယ်အမည် မရရှိသော လူနည်းစုများမှာ နိုင်ငံလူဦးရေ၏ ၁၁ ရာခိုင်နှုန်းခန့် ရှိပါသည်။ ဤလူနည်းစုလူမျိုးများ အမျိုးအစားတွင် ပြည်နယ်အမည်မရရှိသော တိုင်းရင်းသားလူနည်းစုများ (ဥပမာ ပအိုဝ်း) နှင့် တိုင်းရင်းသားမဟုတ်သော လူနည်းစုများ (ဥပမာ အိန္ဒိယ) တို့ ပါဝင်ပါသည်။ ပြည်နယ်အမည်မရရှိသော တိုင်းရင်းသားလူနည်းစုများအနက်အချို့ကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရတိုင်းများ သတ်မှတ်ပေးထားပါသည်။ တိုင်းရင်းသားမဟုတ်သော လူနည်းစုများတွင် ပါဝင်သူ အများအပြားမှာ တင်းပြည့် နိုင်ငံသားအခွင့်အရေးများ မရရှိကြပါ။ ယင်းလူနည်းစုလူမျိုးများသည် ပြည်နယ်အမည်ရ လူနည်းစုများနှင့်နှိုင်းယှဉ်လျှင် ရှုမြင်ပုံများနှင့် နိုင်ငံရေးသဘောထားများ စနစ်တကျ ကွာခြားမှုရှိမည်ဟု ယူဆရပါသည်။

နမူနာကောက်ယူသည့်ချဉ်းကပ်ပုံ ဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ အုပ်စုခွဲများအကြောင်း အဓိပ္ပာယ်ရှိသောကောက်ချက်များ ချမှတ်နိုင်လောက်သည့် နမူနာကောက်ယူမှု လုပ်ဆောင်ရန်ဖြစ်ပါသည်။ သို့ဖြစ်၍ အွန်လိုင်း (အင်တာနက်မှတဆင့်) ပါဝင်နိုင်သော (online opt-in) နမူနာကောက်ယူမှုနှင့် ဖြေကြားသူ အားပြု (respondent-driven) နမူနာကောက်ယူမှု ချဉ်းကပ်ပုံများကို ပေါင်းစပ်အသုံးပြုလျက် ပြည်နယ်များတွင် နေထိုင်သောဗမာများ၊ ပြည်နယ်အမည်ရ လူနည်းစုများနှင့် ပြည်နယ်အမည်မရ လူနည်းစုများကို နမူနာတွင် အရေအတွက် ပိုမို၍ထည့်သွင်းထားပါသည်။ ထို့အပြင် ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးကဲ့သို့သော လူမျိုးအများရောနှောနေထိုင်ကြသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ဖြေကြားသူအရေအတွက် အများအပြား နမူနာတွင် ပါဝင်စေရန်လည်း ကြိုးပမ်းထားပါသည်။ ယင်းပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် လူမျိုးများအကြားဆက်ဆံရေးမှာ အထူးသဖြင့် မခိုင်မမြဲ ပျက်ပြားလွယ်ခြင်းကြောင့် နိုင်ငံရေးအင်စတီကျူးရှင်းများ အသစ်တည်ဆောက်ရာတွင် ယင်းနယ်မြေများရှိ လူမျိုးများအကြား လက်ရှိ ဆက်ဆံရေးများ ထပ်မံ၍မထိခိုက်စေရေး ဆောင်ရွက်ရန်အရေးကြီးပါသည်။

နမူနာကောက်ယူသည့်ချဉ်းကပ်ပုံ ဦးတည်ချက်မှာ မြန်မာနိုင်ငံရှိ အုပ်စုခွဲများအကြောင်း အဓိပ္ပာယ်ရှိသော ကောက်ချက်များ ချမှတ်နိုင်လောက်သည့် နမူနာကောက်ယူမှု လုပ်ဆောင်ရန် ဖြစ်ပါသည်။

## ၁-၂-၃ စစ်တမ်းကောက်ယူခြင်း

မြန်မာနိုင်ငံတွင် လက်ရှိပကတိအခြေအနေအရ လုံခြုံရေးစိုးရိမ်ပူပန်မှုများ ရှိခြင်းကြောင့် ကျပန်း နမူနာကောက်ယူနည်း (random sampling) နှင့် လူကိုယ်တိုင် စစ်တမ်းကောက်ယူခြင်းများ (in-person surveys) များ လုပ်ဆောင်နိုင်ခြင်းမရှိပါ။ အများပြည်သူ ထင်မြင်ချက်ဆိုင်ရာ အချက်အလက်များ စုဆောင်းရန် မြန်မာဘာသာဖြင့် အွန်လိုင်း စစ်တမ်းကောက်ယူသည့် နည်းလမ်းကို အသုံးပြုခဲ့ပါသည်။ စစ်တမ်းကောက်ယူသည့် ပလက်ဖောင်းတစ်ခုဖြစ်သော Qualtrics တွင် ပရိုဂရမ်ရေးဆွဲ၍ တင်ထားပြီး စစ်တမ်းကောက်ယူပါသည်။ စစ်တမ်းတွင် ပါဝင်ဖြေကြားသူများရရှိရန် ဖေ့စ်ဘွတ်မှ

ကြော်ငြာပါသည်။ မြန်မာနိုင်ငံတွင်းရှိ မြို့နယ်များနှင့် လူနည်းစုလူမျိုးကွန်ရက် အသီးသီးကို ဦးတည်ရည်ရွယ်လျက် ကြော်ငြာခြင်းဖြစ်ပါသည်။ ဖြေကြားသူများကို စစ်တမ်းတွင် ပါဝင်သည့်အတွက် လက်ကိုင်ဖုန်းတွင် ကျပ် ၇,၀၀၀ (အမေရိကန်ဒေါ်လာ ၂ ဒေါ်လာ ခန့်) ဖုန်းဘီလ် ထည့်သွင်းပေးပါသည်။ အချက်အလက်စုဆောင်းခြင်းကို ၂၀၂၄ ခုနှစ် ဧပြီလတွင် စတင်ပြုလုပ်ခဲ့ပြီး ၂၀၂၄ ခုနှစ် မေလ ၆ ရက်တွင် အပြီးသတ်ခဲ့ပါသည်။

## ၁-၂-၄ အချက်အလက်များကို သန့်စင်ခြင်း

၂၀၂၄ ခုနှစ် ဧပြီလ ၁၀ ရက်မှ မေလ ၆ ရက်အထိ ၆,၃၄၈ ကြိမ် စစ်တမ်းကောက်ယူခဲ့ပါသည်။ ယင်းတို့အနက် မြန်မာနိုင်ငံအတွင်း မနေထိုင်သူများ၊ အသက် ၁၈ နှစ် မပြည့်သေးသူများ၊ လေ့လာချက်တွင်ပါဝင်ရန် သဘောမတူညီသူများနှင့် နေပြည်တော်တွင် နေထိုင်သူများကို စစ်တမ်းတွင် မထည့်သွင်းပါ။ ဖြေကြားသူ စုစုပေါင်း ၃,၆၁၂ ဦး စစ်တမ်းတွင် ပါဝင်ဖြေကြားခဲ့ကြပါသည်။[၄]

လက်ကိုင်ဖုန်းဘေလ် ကျပ် ၇,၀၀၀ ထည့်သွင်းပေးခြင်းကြောင့် စစ်တမ်းတွင် ပါဝင်သူအချို့သည် တစ်ကြိမ်ထက်ပို၍ ဖြေကြားရန် ကြိုးစားလာနိုင်ပြီး အချက်အလက်များ အရည်အသွေး နိမ့်ကျသွားနိုင်သည်ဟု စိုးရိမ်ပူပန်မှုရှိပါသည်။ နမူနာကောက်ယူရာတွင် ယင်းသို့သော ဖြေကြားသူများ ပါဝင်မလာစေရန် စစ်တမ်းကို ရှစ်မိနစ်မပြည့်မီ ပြီးစီးအောင် ဖြေကြားခဲ့သူများကို ဖယ်ရှားခဲ့ပါသည်။ (ဖြေကြားချိန်အနည်းဆုံး ၁၀% သို့မဟုတ် ဖြေကြားချက် ၂၈၀ ကို ပယ်ခဲ့ခြင်း ဖြစ်ပါသည်။) ဆက်လက်၍ လူမျိုးနေရာတွင် 'အခြား' ('other') ဟု ဖြေကြားသူများ (ဖြေကြားချက် ၁၁၁ ခု) ကို ဖယ်ရှားခဲ့ပါသည်။ ၎င်းတို့ကို မေးခွန်းလွှာ မှားယွင်းမေးမြန်းမှု ဖြစ်နိုင်ခြင်းကြောင့် ပယ်ခြင်းဖြစ်ပါသည်။[၅] သို့ဖြင့် နောက်ဆုံး နမူနာ ၃,၂၂၁ ခု ကောက်ယူနိုင်ခဲ့ပါသည်။

---

၄ နေပြည်တော်တွင် နေထိုင်သူများကို လေ့လာချက်တွင် မထည့်သွင်းခဲ့ခြင်းမှာ နေပြည်တော်သည် ပြည်ထောင်စုနယ်မြေဖြစ်၍ မည်သည့် လူမျိုးအုပ်စုနှင့်မျှ မဆက်စပ်ဟု ယူဆရခြင်းကြောင့် ဖြစ်ပါသည်။

၅ ဖြေကြားသူများကို ၎င်းတို့ကိုယ်တိုင်ဖြေကြားသည့် လူမျိုးနှင့် နေထိုင်ရာပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအလိုက် မေးခွန်းလွှာကို ရွေးချယ်ပေးအပ်ပါသည်။ ထို့ကြောင့် လူမျိုးနေရာတွင် 'အခြား' ဟု ဖော်ပြသူများသည် မေးခွန်းလွှာ မှားယွင်းရရှိနိုင်ပါသည်။ လူမျိုးနေရာတွင် 'အခြား' ဟု ဖော်ပြသူများမှာ လူမျိုးရွေးချယ်နိုင်သည့် စာရင်းတွင်မပါဝင်ဘဲ ကျန်ရှိသည့်

## ၁-၃ ကောက်ယူခဲ့သော နမူနာ

ကောက်ယူခဲ့သောနမူနာမှာ တစ်နိုင်ငံလုံးကို ကိုယ်စားပြုနိုင်မှုမရှိသော်လည်း မြန်မာနိုင်ငံရှိ အရေးပါသော အုပ်စုခွဲများအတွက် အဓိပ္ပာယ်ရှိသော နမူနာများ ရရှိခဲ့ပါသည်။ ပြည်နယ်များတွင် နေထိုင်သူများ၊ ကချင်၊ ကရင်နှင့် ရှမ်းကဲ့သို့သော ပြည်နယ်အမည်ရ လူနည်းစုများပါဝင်ပါသည်။ အရေးပါသော အချက်မှာ ကောက်ယူခဲ့သော နမူနာတွင် သက်ဆိုင်ရာ ပြည်နယ်များအတွင်း နှင့် ပြင်ပတွင် နေထိုင်ကြသော ပြည်နယ်အမည်ရ လူနည်းစုများ အချိုးအစား အတိုင်း နီးကပ်စွာထင်ဟပ်လျက် ပါဝင်ခြင်းဖြစ်ပါသည်။ နမူနာကောက်ယူရာ တွင် ဖြေကြားသူများကို အွန်လိုင်းမှခေါ်ယူခြင်းဖြစ်၍ ဖြေကြားသူများသည် အမျိုးသားများ[၆]၊ လူငယ်များ၊ ပညာတတ်များ၊ မြို့ပြဒေသများတွင် နေထိုင်သူ များ ဖြစ်ရန် အလားအလာပိုမိုများပြားပါသည်။ ဆန်းစစ်ချက် ပြုလုပ်ရာတွင် သင့်တင့်လျောက်ပတ်သည့် အခါတိုင်း ယင်းအကြောင်းအချက်များအတွက် ထိန်းညှိချက်များ လုပ်ဆောင်ခဲ့ပါသည်။

### ၁-၃-၁ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင် နေထိုင်သူဖြစ်ခြင်း

လက်ရှိ မြန်မာနိုင်ငံ ပကတိအခြေအနေတွင် အွန်လိုင်းဖြင့် စစ်တမ်း ကောက်ယူနိုင်သော်လည်း သတ်မှတ်နယ်မြေဒေသတစ်ခုခုမှ ဖြေကြားသူများ ရရှိနိုင်သည့် အတိုင်းအတာမှာ အင်တာနက် ဆက်သွယ်ရေး စိမ့်ဝင်ပြန့်နှံ့မှု၊ လက်နက်ကိုင်ပဋိပက္ခ ပြင်းထန်မှု၊ လူအများ နေရပ်စွန့်ခွာရမှုအတိုင်းအတာ တို့အပါအဝင် ဒေသန္တရအဆင့် အကြောင်းအချက်အများအပြားအပေါ် မူတည် နေပါသည်။ ယင်းအကြောင်းများကြောင့် စစ်တမ်းကောက်ယူရန်အတွက် ရန်ကုန်တိုင်းဒေသကြီးတွင် မကြော်ငြာခဲ့သော်လည်း နမူနာမှာ ရန်ကုန်တွင်


လူမျိုးများ (ဥပမာ ယော)၊ လူမျိုးရွေးချယ်နိုင်သည့် စာရင်းတွင် ပါဝင်သော်လည်း အမှတ်မဲ့ မ တွေ့ရှိသူများ (ဆိုလိုသည်မှာ အာရုံစူးစိုက်မှု မရှိသည့် ဖြေကြားသူများ)နှင့် မည်သည့်လူမျိုး တစ်မျိုးတည်းအဖြစ်မျှ မခံယူသည့် သွေးနှောများ ပါဝင်နိုင်ပါသည်။

၆ နမူနာကောက်ယူရာတွင် ဂျန်ဒါ ဟန်ချက်ညီစေရန် တတ်နိုင်သမျှ ကြိုးပမ်းခဲ့သော်လည်း မြန်မာနိုင်ငံတွင် လုံခြုံရေး ပကတိအခြေအနေအရ ဖြေကြားသူများကို အွန်လိုင်းမှ ခေါ်ယူ သည့်တိုင် ဖြေကြားသူများရရှိရန် စိန်ခေါ်မှုအခက်အခဲများစွာ ကြုံတွေ့ရပါသည်။ ဟန်ချက် ညီသော နမူနာဖြစ်ရေးနှင့် ယုံကြည်အားထားနိုင်သည့် ကောက်ချက်များ ထုတ်ယူနိုင်ရန် နမူနာ တွင် ဖြေကြားသူအရေအတွက်လုံလောက်ရေးတို့ကို နှစ်ဘက်ညှိ၍ကောက်ယူခဲ့ရပါသည်။

နေထိုင်သူအတော်များများ ပါဝင်လာပါသည်။ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့ရှိ မြို့နယ်အများစုကို ဦးတည်ရည်ရွယ်လျက် ဖြေကြားသူများ ခေါ်ယူခဲ့သော်လည်း ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှဖြေကြားသူ အနည်းငယ်သာရရှိခဲ့ပြီး ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ဖြေကြားသူအရေအတွက်မှာ ထို့ထက်ပင် ပိုမိုနည်းပါးပါသည် (ဇယား ၁-၁ ကို ကြည့်ပါ)။ ပြည်ထောင်စုအဆင့်အောက် အုပ်ချုပ်မှုယူနစ် နှစ်မျိုးဖြစ်သော ပြည်နယ်များနှင့် တိုင်းဒေသကြီးများမှ ဖြေကြားသူအရေအတွက် အချိုးအစားမှာမူ ညီမျှမှုရှိပါသည်။ ဖြေကြားသူထက်ဝက်ခန့်မှာ ပြည်နယ်များမှဖြစ်ပြီး ကျန်ထက်ဝက်ခန့်မှာ တိုင်းဒေသကြီးများမှဖြစ်ပါသည် (ဇယား ၁-၁ ကို ကြည့်ပါ)။

**ပုံ ၁-၁ စစ်တမ်းတွင် ပါဝင်ဖြေကြားခဲ့သူများ ပထဝီနယ်မြေဒေသအလိုက် ပြန့်နှံ့နေထိုင်ကြပုံ**

မြို့နယ်တစ်မြို့နယ်စီမှ ဖြေကြားသူများအရေအတွက်




*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ဇယား ၁-၁ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စစ်တမ်းနမူနာ**

| | ဖြေကြားသူ အရေအတွက် | နမူနာတွင် ပါဝင်သူ အားလုံး၏ ရာခိုင်နှုန်း (%) | နိုင်ငံလူဦးရေ စုစုပေါင်း၏ ရာခိုင်နှုန်း (%) |
|---|---|---|---|
| **ပြည်နယ်** | **၁,၆၃၀** | **၅၀.၆** | **၂၉.၃** |
| ချင်းပြည်နယ် | ၄၀ | ၁.၂ | ၀.၉ |
| ကချင်ပြည်နယ် | ၃၉၀ | ၁၂.၁ | ၃.၃ |
| ကယားပြည်နယ် | ၂၈ | ၀.၉ | ၀.၆ |
| ကရင်ပြည်နယ် | ၁၂၂ | ၃.၈ | ၃.၁ |
| မွန်ပြည်နယ် | ၂၉၄ | ၉.၁ | ၄.၀ |
| ရခိုင်ပြည်နယ် | ၁၇၂ | ၅.၃ | ၆.၂ |
| ရှမ်းပြည်နယ် | ၅၈၄ | ၁၈.၁ | ၁၁.၃ |
| **တိုင်းဒေသကြီး** | **၁,၅၉၁** | **၄၉.၄** | **၇၀.၇** |
| ဧရာဝတီတိုင်းဒေသကြီး | ၂၃၉ | ၇.၄ | ၁၂.၀ |
| ပဲခူးတိုင်းဒေသကြီး | ၁၂၀ | ၃.၇ | ၉.၅ |
| မကွေးတိုင်းဒေသကြီး | ၁၃၃ | ၄.၁ | ၇.၆ |
| မန္တလေးတိုင်းဒေသကြီး | ၂၉၀ | ၉.၀ | ၁၄.၂ |
| စစ်ကိုင်းတိုင်းဒေသကြီး | ၂၁၈ | ၆.၈ | ၁၀.၃ |
| တနင်္သာရီတိုင်းဒေသကြီး | ၅၀ | ၁.၆ | ၂.၇ |
| ရန်ကုန်တိုင်းဒေသကြီး | ၅၄၁ | ၁၆.၈ | ၁၄.၃ |

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့်အချက်အလက်များ။ နိုင်ငံ၏ လူဦးရေဆိုင်ရာ စာရင်းအင်းများမှာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ ဖြစ်ပါသည်။

## ၁-၃-၂ လူမျိုး

ဤလေ့လာချက်တွင် လူမျိုးကို ဖြေကြားသူများ ဖော်ပြသည့်အတိုင်း သတ်မှတ်ပါသည်။ ဆိုလိုသည်မှာ ဖြေကြားသူတစ်ဦးချင်းက မိမိတို့မည်သည့် လူမျိုးဖြစ်ကြောင်း ကိုယ်တိုင်ဖော်ပြစေခြင်းဖြစ်ပါသည်။ လူမျိုးကို သတ်မှတ်ရန် စစ်တမ်းအစပိုင်းတွင် အောက်ပါမေးခွန်းကို မေးမြန်းပါသည်။ 'မိမိကိုယ်

ကို မည်သည့်လူမျိုးဟု ခံယူပါသနည်း။ (အမျိုးသားမှတ်ပုံတင်ကတ်တွင် ဖော်ပြထားသည့်လူမျိုးအတိုင်း တူညီစွာဖော်ပြရန် မလိုအပ်ပါ။ စာရင်းတွင် မပါဝင်သော လူမျိုးတစ်မျိုးအဖြစ်ခံယူပါက 'အခြား' ကိုရွေးချယ်ပြီး မည်သည့်လူမျိုးဟု ခံယူကြောင်း ဖော်ပြပေးပါ။)'

မြန်မာနိုင်ငံတွင် လူဦးရေအများဆုံး တိုင်းရင်းသား ၁၂ မျိုးဖြစ်သော ဗမာ၊ ချင်း၊ ကချင်၊ ကရင်နီ၊ ကရင်၊ ကိုးကန့်၊ လားဟူ၊ မွန်၊ ပအိုဝ်း၊ အာရက္ခ(ရခိုင်)၊ ရှမ်း၊ တအာင်းနှင့် 'အခြား' ဟူ၍ ရွေးချယ်နိုင်ရန်ပေးထားပါသည်။[၇] 'အခြား' ကို ရွေးချယ်သူများအား နောက်ဆက်တွဲမေးခွန်းအဖြစ် 'မြန်မာနိုင်ငံတွင် နေထိုင်ကြသော လူမျိုးများစာရင်း နောက်တစ်ခုကို ဆက်လက်ဖော်ပြထားပါသည်။ မိမိ၏လူမျိုးကို ရွေးချယ်ဖော်ပြပေးပါ' ဟု မေးမြန်းပါသည်။ ဤမေးခွန်းအတွက် ရွေးချယ်နိုင်သည့် လူမျိုးများမှာ မြန်မာနိုင်ငံရှိ လူဦးရေအများပြားဆုံးနှင့် နိုင်ငံရေးအရ သက်ရောက်မှုရှိသော (politically relevant) လူနည်းစုလူမျိုး ၂၀ ဖြစ်သည့် အခါ၊ အရှိုချင်း၊ တရုတ်၊ ဒိုင်းနက်၊ ဓနု၊ ထားဝယ်၊ ဂေါ်ရခါး၊ ကမန်၊ ကယန်း၊ ခူမီး၊ အိန္ဒိယ၊ အင်းသား၊ လော်ဝေါ် (မရူ)၊ လီဆူး၊ မြို၊ နာဂ၊ ရိုဟင်ဂျာ၊ ရှမ်းနီ၊ ဝ နှင့် ဇိုမီး တို့ဖြစ်ပါသည်။[၈] ယင်းလူမျိုးများအနက် မည်သည့်လူမျိုးအဖြစ်မှ မခံယူသူများသည် 'အခြား' ကို ရွေးချယ်ပြီး မိမိတို့လူမျိုးအမည်ကို ရေးသားပေးရန်ဖြစ်ပါသည်။

ပြည်နယ်များတွင် နေထိုင်သောဗမာများနှင့် ပြည်နယ်အမည်ရ လူနည်းစုများကို နမူနာတွင် အရေအတွက် အချိုးအစား ပိုမိုပါဝင်စေရန် အောင်မြင်စွာ

---

[၇] ရိုဟင်ဂျာလူမျိုးများ၏ လူဦးရေသည် အနည်းဆုံး ဤလူမျိုးများ၏ လူဦးရေအရွယ်အစားနှင့် အလားတူ ရှိပါသည်။ သို့သော် ထိရှလွယ်မှုပြဿနာများကြောင့် ပထမစာရင်းတွင် ထည့်သွင်းဖော်ပြခြင်းမပြုခဲ့ပါ။ ဒုတိယစာရင်းတွင် အခြားတိုင်းရင်းသားလူမျိုးများနှင့်အတူ ထည့်သွင်းဖော်ပြခဲ့ပါသည်။

[၈] နိုင်ငံရေးအရ သက်ရောက်မှုရှိသော (politically relevant) လူမျိုးများ ဆိုသည်မှာ နိုင်ငံရေးပြိုင်ဆိုင်မှုနှင့် လူ့အဖွဲ့အစည်းအတွင်း ပဋိပက္ခဖြစ်ပွားမှုများတွင် အရေးပါပြီး ယဉ်ကျေးမှု သို့မဟုတ် ဘာသာစကားအရ ခွဲခြားသိရှိနိုင်သော လူအုပ်စုကိုဆိုလိုသည်။ ဤဝေါဟာရအသုံးအနှုန်းကို Daniel Posner (ဒယ်နီယယ် ပေါ့စ်နာ) ရေးသားပြုစုသည့် Institutions and Ethnic Politics in Africa (Cambridge: Cambridge University Press, 2005) (အာဖရိကတိုက် အင်စတီကျူးရှင်းများနှင့် လူမျိုးနိုင်ငံရေး (ကိန်းဘရစ်၊ ကိန်းဘရစ်တက္ကသိုလ်ပုံနှိပ်တိုက်၊ ၂၀၀၅ ခုနှစ်)) စာအုပ်နှင့် အများဆုံးဆက်စပ်၍ သိရှိကြပါသည်။ ဤစာအုပ်တွင် နိုင်ငံရေးအရ သက်ရောက်မှုရှိခြင်း (politically relevant) ကို လူမျိုး/လူအုပ်စုအခြေပြု နိုင်ငံရေးပါတီ သို့မဟုတ် လက်နက်ကိုင်အဖွဲ့အစည်းရှိသော သို့မဟုတ် ဝိသေသလက္ခဏာကြောင့် ခွဲခြားဆက်ဆံမှုအများအပြား ကြုံတွေ့ရသော လူအုပ်စုများဟု သတ်မှတ်သုံးစွဲထားပါသည်။

လုပ်ဆောင်နိုင်ခဲ့ပါသည်။ သို့သော် လူနည်းစုလူမျိုးများအနက်မှ ဖြေကြားသူများရရှိရန် ကြိုးပမ်းသော်လည်း အချို့လူအုပ်စုများ ကိုယ်စားပြုပါဝင်မှု နည်းပါးနေပါသည်။ ကချင်၊ ကရင်နှင့် ရှမ်း ကဲ့သို့သော လူမျိုးများမှာ နမူနာကောက်ယူရာတွင် ကိုယ်စားပြုပါဝင်မှု ကောင်းမွန်ပါသည်။ သို့သော် အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဖြေကြားသူများ အောင်မြင်စွာခေါ်ယူနိုင်ရေးမှာ ဒေသန္တရအခြေအနေများအပေါ် မူတည်လျက်ရှိပြီး အချို့လူအုပ်စုများနေထိုင်ကြသည့် နယ်မြေဒေသများမှာ လက်လှမ်းမီရောက်ရှိရန် အထူးသဖြင့် ခက်ခဲပါသည်။ ဥပမာ ရိုဟင်ဂျာများ စုဝေးနေထိုင်ကြသည့် ရခိုင်ပြည်နယ်မြောက်ပိုင်းကို ဦးတည်ရည်ရွယ်လျက် ဖြေကြားသူများ ခေါ်ယူခဲ့သော်လည်း နမူနာတွင် ရိုဟင်ဂျာဖြေကြားသူ ၈ ဦးသာ ပါဝင်နိုင်ပါသည်။

ဇယား ၁-၂ တွင် ဖော်ပြထားသည့် နမူနာတွင် ပါဝင်သူများကို လူမျိုးအလိုက် ခွဲခြားဖော်ပြချက်အကျဉ်းမှာ ဖြေကြားသူများ၏ ဘိုးဘေးဘီဘင်အစဉ်အဆက် သို့မဟုတ် မျိုးရိုးဆင်းသက်လာမှုကို ဖော်ပြနိုင်ခြင်းမရှိကြောင်း သတိမူရန်ဖြစ်ပါသည်။ စင်စစ် လူတစ်ဦးချင်း၏ မည်သည့်လူမျိုးဖြစ်ကြောင်း ခံယူမှုသည် ၎င်းတို့၏ မျိုးရိုးဆင်းသက်လာမှုနှင့် ကိုက်ညီမည်ဟု ယတိပြတ်မဆိုနိုင်ပါ။ ကွဲလွဲမှုအတိုင်း အတာကိုသိရှိနိုင်ရန် စစ်တမ်းအဆုံးပိုင်း၌ မိဘများ မည်သည့်လူမျိုးဖြစ်ကြောင်းဖော်ပြရန် ဖြေကြားသူများကို မေးမြန်းထားပါသည်။ ဖြေကြားသူများထံမှရရှိသော ဤမေးခွန်းအတွက် အဖြေကို မိမိမည်သည့်လူမျိုးဖြစ်ကြောင်း ခံယူမှုနှင့် တိုက်ဆိုင်ကြည့်သောအခါ မြန်မာနိုင်ငံတွင်နေထိုင်သူ အတော်များများမှာ လူမျိုးတစ်မျိုးမျိုးအဖြစ် ခံယူစေကာမူ မျိုးရိုးစဉ်ဆက် ဆင်းသက်မှုအရ သွေးနှောများဖြစ်ကြောင်း ညွှန်ပြလျက်ရှိပါသည်။ ဇယား ၁-၃ တွင် ဖော်ပြထားသည့်အတိုင်း မိမိတို့ကိုယ်ကို ရှမ်းလူမျိုးဟု ခံယူသူများမှာ မျိုးရိုးစဉ်ဆက် ဆင်းသက်မှုအားဖြင့် သွေးနှောမှုနှုန်းအမြင့်မားဆုံးဖြစ်ပြီး မိမိတို့ကိုယ်ကို ချင်းလူမျိုးဟု ခံယူသူများမှာ သွေးနှောမှုနှုန်းအနိမ့်ဆုံးဖြစ်ပါသည်။ ဤအချက်မှာ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံတွင် လူမျိုးမတူကွဲပြားမှု အများပြားဆုံးပြည်နယ်ဖြစ်ခြင်း၊ ချင်းပြည်နယ်မှာ လူမျိုးတူညီမှု အများပြားဆုံးဖြစ်ခြင်းတို့နှင့် ကိုက်ညီပါသည်။[၆]

၆ ချင်းပြည်နယ်တွင် လူမျိုးတူညီသည်ဆိုရာ၌ 'ချင်းလူမျိုး' တစ်မျိုးတည်းဟု ယူဆခြင်းဖြစ်ပါသည်။ သို့ရာတွင် ချင်းပြည်နယ်မှာ ဘာသာစကားနှင့် လူမျိုးအရ ချင်းလူမျိုးခွဲ မျိုးနွယ်စုများ မတူကွဲပြားမှု အလွန်များပြားကြောင်း သတိမူရန်အရေးကြီးပါသည်။

လူမျိုးနှင့် နေထိုင်ရာနယ်မြေဒေသကိုလည်း တစ်ပေါင်းတည်း မပြုသင့်ပါ။ ဥပမာ ကရင်လူမျိုး ဖြေကြားသူများသည် ကရင်ပြည်နယ်တွင် နေထိုင်ကြသူများလည်း ဖြစ်သည်ဟု မယူဆသင့်ပါ။ ဇယား ၁-၄ တွင် ဖော်ပြထားသည့်အတိုင်း အချို့ လူနည်းစုလူမျိုးများသည် မိမိတို့ တိုင်းရင်းသားပြည်နယ်များတွင် စုဝေးနေထိုင်ကြသော်လည်း အခြားလူနည်းစုလူမျိုးများမှာမူ အခြားနယ်မြေဒေသများတွင် နေထိုင်သူပိုမိုများပြားပါသည်။ ချင်းလူမျိုးနှင့် အာရက္ခ (ရခိုင်) လူမျိုး ဖြေကြားသူများမှလွဲ၍ နမူနာတွင် ပါဝင်သော လူနည်းစုလူမျိုးအချို့၏ နယ်မြေဒေသအသီးသီးတွင် နေထိုင်မှုမှာ ယင်းလူအုပ်စုများ အမှန်တကယ် ပြန့်နှံ့နေထိုင်ပုံကို အသင့်အတင့် ကိုယ်စားပြုဖော်ပြလျက်ရှိပါသည်။ ဥပမာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံသည့် လူမျိုးဆိုင်ရာ အချက်အလက်များအရ ကရင်လူမျိုး ၃၀ ရာခိုင်နှုန်းသည် ကရင်ပြည်နယ်တွင် နေထိုင်ကြပြီး ကျန်ကရင်လူမျိုးများမှာ တိုင်းဒေသကြီးများ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေထိုင်ကြပါသည်။ နမူနာကောက်ယူရာတွင် ကရင်လူမျိုး ဖြေကြားသူများအနက် ၂၈ ရာခိုင်နှုန်းသည် ကရင်ပြည်နယ်တွင် နေထိုင်သူများဖြစ်ပါသည်။ အလားတူ ထွေအုပ် မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံသည့် လူမျိုးဆိုင်ရာ အချက်အလက်များအရ ရှမ်းလူမျိုး ၆၆ ရာခိုင်နှုန်းသည် ရှမ်းပြည်နယ်တွင် နေထိုင်ကြပြီး ကျန်ရှမ်းလူမျိုးများမှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ပြန့်နှံ့နေထိုင်ကြပါသည်။ နမူနာကောက်ယူရာတွင် ပါဝင်သော ရှမ်းပြည်နယ်တွင် နေထိုင်ကြသူများအနက် ၆၅ ရာခိုင်နှုန်းသည် ရှမ်းလူမျိုးဖြစ်ပါသည်။

### ၁-၃-၃ အခြား လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများ

မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်အသုံးပြုသူများသည် အင်တာနက်အသုံးပြုသူများကို ကိုယ်စားပြုသည်ဟု အများကယူဆကြပြီး ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သော လေ့လာချက်တစ်ခုအရ ဖေ့စ်ဘွတ်အသုံးပြုသူများနှင့် အသုံးမပြုသူများအကြား သိသာထင်ရှားသော ကွာခြားချက်များရှိပါသည်။ ဖေ့စ်ဘွတ်အသုံးပြုသူများသည် လူငယ်များ၊ ပညာအရည်အချင်းပိုမိုမြင့်မားသူများ၊ မြို့ပြနယ်မြေဒေသများတွင် နေထိုင်ကြသူများ၊ ဗမာများဖြစ်လေ့ရှိပါသည် (Samet, Arriola and Matanock 2024)။ နမူနာကောက်ယူရာတွင်လည်း အထက်ဖော်ပြပါ ကွာခြားချက်များအနက် အချို့အပိုင်းများကို တွေ့မြင်ရပါသည်။

တစ်နိုင်ငံလုံးရှိ လူအများနှင့် နှိုင်းစာလျှင် နမူနာတွင် အမျိုးသားများ၊ လူငယ်များ၊ မြို့ပြနေသူများနှင့် တက္ကသိုလ်ပညာ တက်ရောက်သင်ကြားခဲ့သူများ ပိုမိုပါဝင်ပါသည် (ဇယား ၁-၅ ကို ကြည့်ပါ)။ လေ့လာခဲ့သော အုပ်စုခွဲများအကြား သိသာထင်ရှားသော ကွာခြားချက်များလည်း ရှိပါသည်။ ဥပမာ တိုင်းဒေသကြီးများတွင် နေထိုင်ကြသော ဗမာများအနက် ၆၁ ရာခိုင်နှုန်းနီးပါးမှာ အမျိုးသားများဖြစ်ပြီး ပြည်နယ်အမည်မရ လူနည်းစုများအနက် ၅၃ ရာခိုင်နှုန်းသာလျှင် အမျိုးသားများဖြစ်ပါသည်။ အုပ်စုခွဲများ၏ လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများအကြောင်း စာရေးသူများသိရှိသရွေ့ အချက်အလက်များမရှိခြင်းကြောင့် နမူနာတွင်ပါဝင်သော အုပ်စုခွဲများမှာ အမှန်တကယ် အုပ်စုခွဲများနှင့် တူညီမှု သို့မဟုတ် ကွာခြားမှုအတိုင်းအတာ မည်မျှရှိသည်ကို သုံးသပ်နိုင်ခြင်းမရှိပါ။[၁၀]

ဖြေကြားသူများအနက် ၂၅ ရာခိုင်နှုန်းသည် ပြည်တွင်းရွှေ့ပြောင်းသွားလာသူ (internal migrant) များဖြစ်ပါသည် (မိမိတို့ ဇာတိ ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင် နေထိုင်သူမဟုတ်ပါက ပြည်တွင်းရွှေ့ပြောင်းသွားလာသူဟု သတ်မှတ်ပါသည်)။ ယင်း ၂၅ ရာခိုင်နှုန်းအနက် သုံးပုံတစ်ပုံနီးပါး (၃၁ ရာခိုင်နှုန်း) သည် လွန်ခဲ့သော သုံးနှစ်အတွင်း အခြား ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးသို့ ရွှေ့ပြောင်းခဲ့ပြီး နောက်ထပ် ၂၃ ရာခိုင်နှုန်းသည် လွန်ခဲ့သော ၃ နှစ်မှ ၅ နှစ်အတွင်း ရွှေ့ပြောင်းခဲ့သူများ ဖြစ်ပါသည်။

လူနည်းစု ဘာသာစကားများ တတ်ကျွမ်းမှုနှင့် စပ်လျဉ်း၍ ဗမာ ၁၂ ရာခိုင်နှုန်းက အခြားလူနည်းစု ဘာသာစကား အနည်းဆုံးတစ်မျိုးကို တတ်ကျွမ်းသည်ဟု ဆိုပြီး လူနည်းစုလူမျိုးများအနက် ၆၈ ရာခိုင်နှုန်းက အလားတူဆိုကြပါသည်။ ဗမာလူမျိုး ဖြေကြားသူများ အများဆုံးတတ်ကျွမ်းကြသည့် လူနည်းစု ဘာသာစကားများမှာ ရှမ်းဘာသာနှင့် ကရင်ဘာသာတို့ ဖြစ်ပါသည်။

---

၁၀ အလေးအဆများ (weights) ကို အသုံးပြုပါက မတိကျမှု အဆင့်တစ်ခု ရှိလာမည်ဖြစ်၍ အလေးအဆများကို အသုံးမပြုရန် ရွေးချယ်ခဲ့ပါသည်။ ဤလေ့လာချက်အတွက် အုပ်စုခွဲအဆင့်တွင် တိကျသော လူဦးရေဆိုင်ရာ အချက်အလက်များ မရှိခြင်းကြောင့် အလေးအဆ အသုံးပြုလျှင် ပိုမို၍ပင် မတိကျမှု ဖြစ်စေနိုင်ပါသည်။

**ဇယား ၁-၂ စစ်တမ်းအတွက် နမူနာကောက်ယူရာတွင် လူမျိုးအလိုက်ပါဝင်မှု**

| | ဖြေကြားသူ အရေအတွက် | နမူနာတွင် ပါဝင်သူများ၏ ရာခိုင်နှုန်း (%) | နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း (%) |
|---|---|---|---|
| **ဗမာ** | **၁,၇၄၆** | **၅၄.၂** | **၆၈.၅** |
| ပြည်နယ်နေ | ၅၃၁ | ၁၆.၅ | ၄.၁ |
| တိုင်းဒေသကြီးနေ | ၁,၂၁၅ | ၃၇.၇ | ၆၄.၄ |
| **ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ** | **၁,၂၄၀** | **၃၈.၅** | **၂၁.၇** |
| ချင်း | ၁၁၆ | ၃.၆ | ၂.၁ |
| ကချင် | ၂၃၉ | ၇.၄ | ၁.၅ |
| ကရင် | ၂၁၅ | ၆.၇ | ၆.၆ |
| ကရင်နီ | ၃၆ | ၁.၁ | ၀.၄ |
| မွန် | ၁၆၆ | ၅.၂ | ၂.၁ |
| ရခိုင် | ၁၉၅ | ၆.၁ | ၄.၃ |
| ရှမ်း | ၂၇၃ | ၈.၅ | ၄.၇ |
| **အခြားလူနည်းစုလူမျိုးများ** | **၂၃၅** | **၇.၃** | **၉.၈** |
| အခါ | ၉ | ၀.၃ | - |
| တရုတ် | ၂၉ | ၀.၉ | - |
| ထားဝယ် | ၁၂ | ၀.၄ | - |
| ဓနု | ၃၁ | ၁.၀ | ၀.၆ |
| ဂေါ်ရခါး | ၅ | ၀.၂ | - |
| အိန္ဒိယ | ၁၄ | ၀.၄ | - |
| အင်းသား | ၁၇ | ၀.၅ | - |
| ကမန် | ၅ | ၀.၂ | - |
| ကယန်း | ၇ | ၀.၂ | - |
| လားဟူ | ၇ | ၀.၂ | ၀.၅ |
| လီဆူး | ၇ | ၀.၂ | - |

**ဇယား ၁-၂ စစ်တမ်းအတွက် နမူနာကောက်ယူရာတွင် လူမျိုးအလိုက်ပါဝင်မှု**

| | ဖြေကြားသူ အရေအတွက် | နမူနာတွင် ပါဝင်သူများ၏ ရာခိုင်နှုန်း (%) | နိုင်ငံလူဦးရေ၏ ရာခိုင်နှုန်း (%) |
|---|---|---|---|
| ပအိုဝ်း | ၅၉ | ၁.၈ | ၁.၇ |
| ရိုဟင်ဂျာ | ၈ | ၀.၃ | - |
| ရှမ်းနီ | ၅ | ၀.၂ | - |
| တအာင်း | ၁၃ | ၀.၄ | ၀.၈ |
| အခြား | ၇ | ၀.၂ | - |

*ရည်ညွှန်း* - လူဦးရေစာရင်းအင်းများမှာ ၂၀၁၉ ခုနှစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) မြို့နယ်အစီရင်ခံစာများကို အခြေပြုသည့် အချက်အလက်များမှ ရရှိပါသည်။ စစ်တမ်းကောက်ယူရာတွင် လူမျိုးသတ်မှတ်ပုံမှာ မိမိကိုယ်တိုင် ခံယူသည့် လူမျိုးအတိုင်း သတ်မှတ်ခြင်းဖြစ်ပြီး ထွေအုပ် မြို့နယ်အစီရင်ခံစာများတွင် လူမျိုးခွဲခြားသတ်မှတ်ပုံနှင့် မတူညီကြောင်း သတိပြုရန် ဖြစ်ပါသည်။ ထွေအုပ် လူမျိုးသတ်မှတ်ပုံဆိုင်ရာ နောက်ထပ်အချက်အလက်များကို Jap and Courtin (2022) တွင် တွေ့ရှိနိုင်ပါသည်။

နေအိမ်တွင်အသုံးပြုသော ဘာသာစကားနှင့် စပ်လျဉ်း၍ မြန်မာဘာသာစကားမဟုတ်သော အခြားဘာသာစကားတစ်ခု တတ်ကျွမ်းသည်ဟု ဖြေကြားသော လူနည်းစုလူမျိုးများအနက် ၆၃ ရာခိုင်နှုန်းသည် နေအိမ်တွင် တိုင်းရင်းသားလူနည်းစု ဘာသာစကားတစ်မျိုးမျိုးကို ပြောဆိုကြပြီး ၃၂ ရာခိုင်နှုန်းက မြန်မာဘာသာကို ပြောဆိုကြပါသည်။ ဤတိုင်းရင်းသားလူနည်းစုအုပ်စုတွင် ပါဝင်သူ ၃၅ ရာခိုင်နှုန်းသည် နေအိမ်ပြင်ပတွင် တိုင်းရင်းသားလူနည်းစု ဘာသာစကား တစ်မျိုးမျိုးကို အဓိကပြောဆိုကြပါသည်။

စစ်တမ်းကောက်ယူရန် နမူနာအဖြစ် ရွေးချယ်ခဲ့သူများကို ယုံကြည်ကိုးကွယ်သည့်ဘာသာ၊ အသက်အရွယ်၊ အမြင့်ဆုံးတက်ရောက်သင်ကြားခဲ့သည့် ပညာရေးအဆင့်၊ ဘဝနေထိုင်မှုအပေါ် ကျေနပ်မှုတို့အလိုက် ထပ်မံခွဲခြားလျက် ပုံ ၁-၂၊ ၁-၃၊ ၁-၄ နှင့် ၁-၅ တို့တွင် ဖော်ပြထားပါသည်။

နောက်အခန်းတွင် ဤနမူနာအုပ်စု၏ ဖြေကြားချက်များအပေါ် အခြေခံသည့် စစ်တမ်းလေ့လာတွေ့ရှိချက် နောက်ထပ်အသေးစိတ်များကို ဖော်ပြထားပါသည်။

**ဇယား ၁-၃ ဖြေကြားသူများ ကိုယ်တိုင်ခံယူသည့် လူမျိုးနှင့် မျိုးရိုးစဉ်ဆက်ဆင်းသက်မှု**

| လူမျိုး | မိဘများလူမျိုးမတူ သွေးနှော (%) |
|---|---|
| အာရက္ခ(ရခိုင်) | ၁၃.၃ |
| ဗမာ | ၁၃.၂ |
| ချင်း | ၁၂.၉ |
| ကချင် | ၁၈.၈ |
| ကရင် | ၂၆.၅ |
| မွန် | ၂၂.၉ |
| ရှမ်း | ၃၇.၇ |

*မှတ်ချက်* - ဖြေကြားသူ ၁၀၀ ကျော်သော အုပ်စုများကိုသာ ထည့်သွင်းဖော်ပြထားပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ဇယား ၁-၄ လူနည်းစုလူမျိုးများကို နေထိုင်ရာနယ်မြေဒေသအလိုက် ဖော်ပြချက်**

| | လူဦးရေ | နမူနာ | | |
|---|---|---|---|---|
| | တိုင်းရင်းသား ပြည်နယ် % | တိုင်းရင်းသား ပြည်နယ် % | အခြား ပြည်နယ်များ % | အခြား ပြည်နယ်များ % |
| အာရက္ခ(ရခိုင်) | ၉၂ | ၇၂.၃ | ၄.၆ | ၂၃.၁ |
| ချင်း | ၅၀ | ၃၁.၀ | ၁၀.၃ | ၅၈.၇ |
| ကချင် | ၇၃ | ၈၃.၃ | ၈.၄ | ၈.၃ |
| ကရင် | ၃၀ | ၂၈.၄ | ၂၄.၇ | ၄၆.၉ |
| မွန် | ၇၇ | ၇၇.၇ | ၉.၀ | ၁၃.၃ |
| ရှမ်း | ၆၆ | ၆၄.၈ | ၁၆.၁ | ၁၉.၁ |

*မှတ်ချက်* - ဖြေကြားသူ ၁၀၀ ကျော်သော အုပ်စုများကိုသာ ထည့်သွင်းဖော်ပြထားပါသည်။

*ရည်ညွှန်း* - လူဦးရေစာရင်းအင်းများကို ၂၀၁၉ ခုနှစ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ထွေအုပ်) မြို့နယ်အစီရင်ခံစာများအပေါ် အခြေခံသည့် အချက်အလက်များမှ ရယူပါသည်။ နမူနာနှင့်စပ်လျဉ်းသည့် စာရင်းအင်းများကို Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များမှ ရယူပါသည်။

**ဇယား ၁-၅** **စစ်တမ်းနမူနာကို အခြေခံလူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများအလိုက် ဖော်ပြချက်**

| | ဖြေကြားသူ အရေအတွက် | နမူနာတွင် ပါဝင်သူများ၏ ရာခိုင်နှုန်း (%) | နိုင်ငံလူဦးရေ စုစုပေါင်း၏ ရာခိုင်နှုန်း (%) |
|---|---|---|---|
| **အမျိုးသားများ** | **၁,၈၄၆** | **၅၇.၃** | **၄၈.၂** |
| တိုင်းဒေသကြီးများနေ ဗမာများ | ၇၃၅ | ၆၀.၅ | - |
| ပြည်နယ်များနေ ဗမာများ | ၃၀၉ | ၅၈.၂ | - |
| ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ၆၇၈ | ၅၄.၇ | - |
| ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ | ၁၂၄ | ၅၂.၈ | - |
| **ဗုဒ္ဓဘာသာဝင်များ** | **၂,၅၉၅** | **၈၀.၉** | **၈၉.၈** |
| တိုင်းဒေသကြီးများနေ ဗမာများ | ၁,၁၅၈ | ၉၅.၅ | - |
| ပြည်နယ်များနေ ဗမာများ | ၅၀၀ | ၉၄.၅ | - |
| ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ၇၆၆ | ၆၂.၀ | - |
| ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ | ၁၇၁ | ၇၄.၄ | - |
| **လူငယ်များ*** | **၁,၉၄၀** | **၆၀.၂** | **၃၉.၆**** |
| တိုင်းဒေသကြီးများနေ ဗမာများ | ၆၈၃ | ၅၆.၂ | - |
| ပြည်နယ်များနေ ဗမာများ | ၂၉၂ | ၅၅.၀ | - |
| ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ၈၂၆ | ၆၆.၆ | - |
| ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ | ၁၃၉ | ၅၉.၂ | - |
| **မြို့ပြတွင်နေထိုင်သူများ** | **၂,၀၇၆** | **၆၉.၃** | **၂၉.၆** |
| တိုင်းဒေသကြီးများနေ ဗမာများ | ၇၉၁ | ၇၀.၇ | - |
| ပြည်နယ်များနေ ဗမာများ | ၃၆၆ | ၇၅ | - |
| ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ၇၇၁ | ၆၆.၃ | - |
| ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ | ၁၄၈ | ၆၆.၁ | - |
| **တက္ကသိုလ်ပညာသင်ယူခဲ့သူများ** | **၁,၂၂၁** | **၄၈.၁** | **-** |
| တိုင်းဒေသကြီးများနေ ဗမာများ | ၄၈၄ | ၅၀.၄ | - |

**ဇယား ၁-၅ စစ်တမ်းနမူနာကို အခြေခံလူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများအလိုက် ဖော်ပြချက်**


| | ဖြေကြားသူ အရေအတွက် | နမူနာတွင် ပါဝင်သူများ၏ ရာခိုင်နှုန်း (%) | နိုင်ငံလူဦးရေ စုစုပေါင်း၏ ရာခိုင်နှုန်း (%) |
|---|---|---|---|
| ပြည်နယ်များနေ ဗမာများ | ၁၉၁ | ၄၅.၁ | - |
| ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ၄၄၈ | ၄၆.၃ | - |
| ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ | ၉၈ | ၅၁.၉ | - |

*မှတ်ချက်များ* - * ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ လူငယ်ရေးရာမူဝါဒတွင် လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကို ဆိုလိုသည်ဟု ဖော်ပြထားပါသည်။ အသက် ၁၈ နှစ် မပြည့်သေးသူများသည် လေ့လာချက်တွင် ပါဝင်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့ကို ဖယ်ထုတ်လျက် ဤအဓိပ္ပာယ်ဖော်ပြချက်နှင့်အညီ ရွေးချယ်ပါသည်။

** ၃၉.၆ ဆိုသည်မှာ လူအုပ်စုအတွင်း အသက် ၃၅ နှစ်နှင့်အထက် ရှိသူများ အရေအတွက်ကိုတည်၍ အသက် ၂၀ နှင့် ၃၄ နှစ် အကြားရှိသူများ အရေအတွက်ကို ရာခိုင်နှုန်းဖြင့် ဖော်ပြချက်ဖြစ်ပါသည်။


*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှရရှိသည့် အချက်အလက်များ။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ လူဦးရေစာရင်းအင်းများ

**ပုံ ၁-၂ နမူနာကို ယုံကြည်ကိုးကွယ်ရာဘာသာအလိုက် ခွဲခြားဖော်ပြချက်**





ရည်ညွှန်း - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ပုံ ၁-၃ နမူနာကို အသက်အလိုက် ခွဲခြားဖော်ပြချက်**





ရည်ညွှန်း - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ပုံ ၁-၄ နမူနာတွင် ပါဝင်သူများကို အမြင့်ဆုံးတက်ရောက်သင်ကြားခဲ့သည့်ပညာရေး အဆင့်အလိုက် ခွဲခြားဖော်ပြချက်**




ရည်ညွှန်း - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ပုံ ၁-၅ နမူနာတွင် ပါဝင်သူများကို ဘဝနေထိုင်မှုအပေါ်ကျေနပ်မှုအလိုက် ခွဲခြားဖော်ပြချက်**




ရည်ညွှန်း - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

အခန်း (၂)

# တွေ့ရှိချက်များ

## ၂-၁ လူမှုဝိသေသလက္ခဏာများ

လူမှုဝိသေသလက္ခဏာများသည် လူမှုရေးနှင့် နိုင်ငံရေး နိုးဆွမှုများကို လူတစ်ဦးချင်းအနေဖြင့် ရှုမြင်ပုံ၊ တုံ့ပြန်ပုံတို့တွင် အားကောင်းသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။

လူမှုဝိသေသ လက္ခဏာဆိုသည်မှာ 'လူတစ်ဦးချင်းစီ၏ လူမှုအုပ်စု (သို့မဟုတ် အုပ်စုများ) တွင် ပါဝင်သည်ဟူသော အသိ၊ ယင်းသို့ပါဝင်ခြင်းနှင့် ဆက်စပ်သည့် စိတ်ခံစားမှုပိုင်း အရေးပါမှုတို့မှ ထွက်ပေါ်လာသော မိမိကိုယ်ကို ခံယူမှု' ဟု ယေဘုယျ သိရှိနားလည်ကြပါသည် (Tajfel 1978: 6)။ လူတစ်ဦးချင်းသည် မိမိတို့ကိုယ်ကိုလည်းကောင်း၊ အခြားသူများကိုလည်းကောင်း နယ်မြေဒေသ၊ လူမျိုး၊ ဘာသာရေးနှင့် အမျိုးသား ဝိသေသလက္ခဏာများ အပါအဝင် လူမှုဝိသေသလက္ခဏာများဖြင့် သိမြင်နားလည်သတ်မှတ်ကြခြင်းဖြစ်ပါသည်။ ယင်းဝိသေသလက္ခဏာများသည် လူမှုရေးနှင့် နိုင်ငံရေးနိုးဆွမှုများကို လူတစ်ဦးချင်းအနေဖြင့် ရှုမြင်ပုံ၊ တုံ့ပြန်ပုံတို့တွင် အားကောင်းသော အခန်းကဏ္ဍမှ ပါဝင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် လူမှုဝိသေသလက္ခဏာများသည် လူတစ်ဦးချင်း၏ နိုင်ငံရေး အပြုအမူများနှင့် သဘောထားများကို ပုံဖော်ပေးပါသည်။ ဤအပိုင်းတွင် မြန်မာနိုင်ငံရှိသာမန်ပြည်သူလူထုအတွက် လူမှုဝိသေသလက္ခဏာ အသီးသီးသည် မည်မျှအရေးပါကြောင်း လေ့လာတင်ပြထားပါသည်။

အရေးပါပုံကို ဖော်ထုတ်နိုင်ရန် စစ်တမ်း ဖြေကြားပေးသူများအား အောက်ပါအဆိုများကို မည်မျှသဘောတူညီကြောင်း သို့မဟုတ် သဘောမတူညီကြောင်း ဖော်ပြစေခဲ့ပါသည်။

- မြန်မာနိုင်ငံသားဖြစ်ခြင်းသည် မိမိကိုယ်ကို ရှုမြင်ပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

- [_________လူမျိုး] ဖြစ်ခြင်းသည် မိမိကိုယ်ကိုရှုမြင်ပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။
- [_________ဘာသာဝင်] ဖြစ်ခြင်းသည် မိမိကိုယ်ကိုရှုမြင်ပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။
- [_________နယ်မြေ/ဒေသမှ ] ဖြစ်ခြင်းသည် မိမိကိုယ်ကို ရှုမြင်ပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

ကွင်းခတ်ထားသည့် ကွက်လပ်နေရာတွင် စစ်တမ်းအစပိုင်း မေးမြန်းခဲ့သည့် သက်ဆိုင်ရာလူဦးရေ အချက်အလက်မေးခွန်းကို ဖြေကြားချက်မှယူ၍ ဖြည့်သွင်းဖော်ပြပါသည်။ ဥပမာ ဖြေကြားသူက မိမိသည် ချင်းလူမျိုး၊ ခရစ်ယာန်၊ ရှမ်းပြည်နယ်တွင် နေထိုင်သူဟု ဖော်ပြခဲ့လျှင် ကွင်းခတ်ထားသည့် ကွက်လပ်များနေရာတွင် 'ချင်းလူမျိုး'၊ 'ခရစ်ယာန်ဘာသာဝင်'၊ 'ရှမ်းပြည်နယ်သား' ဟု ဖော်ပြပါသည်။ ပထမအဆိုမှာ အမျိုးသားဝိသေသလက္ခဏာ (national identity) ၏ အရေးပါမှု သို့မဟုတ် အချက်အချာဖြစ်မှုကို ဖော်ပြသည်ဟု လူမှုသိပ္ပံပညာရပ်စာပေများတွင် ပညာရှင်အများက အဓိပ္ပာယ်ကောက်ယူ ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ် စစ်တမ်းတွင် ဖြေကြားသူများကို မိမိတို့၏ ဝိသေသလက္ခဏာနှင့် စပ်လျဉ်း၍ မည်သို့စိတ်ခံစားမှုရှိကြောင်း မေးမြန်းခဲ့ပြီး ယင်းတွေ့ရှိချက်များကို ဤအခန်းတွင် ထပ်မံ၍ရှင်းလင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံသားဟု မိမိကိုယ်ကိုခံယူကြောင်း ဖော်ပြသူ ၃၈ ရာခိုင်နှုန်း၊ ဘာသာတစ်ခုခု၏ ဘာသာဝင်အဖြစ် မိမိကိုယ်ကိုခံယူကြောင်း ဖော်ပြသူ ၁၉ ရာခိုင်နှုန်း၊ လူမျိုးတစ်မျိုးမျိုးအဖြစ် မိမိကိုယ်ကိုခံယူကြောင်း ဖော်ပြသူ ၁၅ ရာခိုင်နှုန်း၊ ပြည်နယ်တစ်ခုခု၏ ပြည်နယ်သားအဖြစ် မိမိကိုယ်ကိုခံယူကြောင်း ဖော်ပြသူ ၇ ရာခိုင်နှုန်း၊ အထက်ဖော်ပြပါတို့ကို ပေါင်းစပ်လျက် မိမိကိုယ်ကို ခံယူကြောင်း ဖော်ပြသူ ၂၁ ရာခိုင်နှုန်း ရှိပါသည်။

၂၀၂၄ ခုနှစ် လေ့လာချက် ရလဒ်များအရ ဗမာများနှင့် လူနည်းစုလူမျိုးများအားလုံးအတွက် ဝိသေသလက္ခဏာလေးရပ်လုံး အရေးပါကြောင်း တွေ့ရှိရပါသည် (ပုံ ၂-၁ ကို ကြည့်ပါ)။ အရေးပါမှုကို အဆင့် ၁ မှ ၄ အထိ သတ်မှတ်ဖော်ပြစေပါသည်။ အရေးပါမှုမြင့်မားပါက ကိန်းဂဏန်းကြီးပါမည်။ အားလုံး

ဗမာများနှင့် လူနည်းစုလူမျိုးများ အုပ်စုနှစ်စုလုံးက ဝိသေသလက္ခဏာ (identity) လေးမျိုးအနက် ဘာသာရေးဝိသေသလက္ခဏာသည် အရေးကြီးဆုံးဖြစ်ပြီး နယ်မြေဒေသ ဝိသေသလက္ခဏာသည် အရေးပါမှု အနည်းဆုံးဟု ဖော်ပြကြပါသည်။

အတွက် အရေးပါမှုအဆင့် ပျမ်းမျှ ၃ နှင့် ၄ ရှိပြီး အရေးပါနှင့် အလွန်အရေးပါ ဟု ဆိုလိုပါသည် (ဇယား ၂-၁ ကို ကြည့်ပါ)။ ဗမာများနှင့် လူနည်းစုလူမျိုးများ အုပ်စုနှစ်စုလုံးက ဝိသေသလက္ခဏာ (identity) လေးမျိုးအနက် ဘာသာရေး ဝိသေသလက္ခဏာသည် အရေးကြီးဆုံးဖြစ်ပြီး နယ်မြေဒေသ ဝိသေသ လက္ခဏာသည် အရေးပါမှုအနည်းဆုံးဟု ဖော်ပြကြပါသည်။ ဗမာများနှင့် လူနည်းစုလူမျိုးများ ဖော်ပြကြသည့် ဒုတိယအရေးကြီးဆုံး ဝိသေသလက္ခဏာ မှာမူ တူညီခြင်းမရှိပါ။ ဗမာများက မြန်မာအမျိုးသားဝိသေသလက္ခဏာဟု လည်းကောင်း၊ လူနည်းစုလူမျိုးများက လူမျိုးဝိသေသလက္ခဏာဟုလည်း ကောင်း ဖော်ပြကြပါသည်။


ဆက်လက်၍ လေ့လာဆန်းစစ်ရာ လူများစုလူမျိုးထက် လူနည်းစု လူမျိုးက ဘာသာရေးနှင့် လူမျိုးဝိသေသလက္ခဏာများကို ပိုမိုအရေးကြီးသည် ဟု ဖော်ပြကြပါသည်။ ဥပမာ ဗုဒ္ဓဘာသာဝင်များနှင့် နှိုင်းယှဉ်လျှင် ဗုဒ္ဓဘာသာ ဝင်မဟုတ်သူများက ဘာသာရေးဝိသေသလက္ခဏာကို ပိုမိုအရေးကြီးသည် ဟု ဖော်ပြကြပါသည် (ပုံ ၂-၂ ကို ကြည့်ပါ)။[၁၁] အလားတူ ဗမာများနှင့် နှိုင်းယှဉ် လျှင် ဗမာမဟုတ်သူများက လူမျိုးဝိသေသလက္ခဏာကို ပိုမိုအရေးကြီးသည် ဟု ဖော်ပြကြပါသည် (ပုံ ၂-၂ ကို ကြည့်ပါ)။ တဖန် အမျိုးသားများ၊ လူငယ် မဟုတ်သူများ၊ တက္ကသိုလ်ပညာ တက်ရောက်သင်ကြားခဲ့သူများနှင့် မြို့ပြ ဒေသများတွင်နေထိုင်သူများအတွက် ယင်းဝိသေသလက္ခဏာများမှာ အရေး ပါမှုအဆင့် ပိုမိုနိမ့်ကျပါသည်။

ဤတွေ့ရှိချက်များမှာ လူနည်းစုလူမျိုးများသည် မိမိတို့၏ မြန်မာ အမျိုးသားဝိသေသလက္ခဏာကို ဦးစားပေးပြီး ဂုဏ်ယူဝံ့ကြွားကြကြောင်း ရှင်းလင်းစွာဖော်ပြသည့် မကြာသေးမီက သုတေသန စစ်တမ်းကောက်ယူမှု များနှင့် ညီညွတ်မှုရှိပြီး မြန်မာနိုင်ငံအကြောင်း လေ့လာသူအချို့ ယုံကြည် သကဲ့သို့ မဟုတ်ပါ။ ဤစစ်တမ်းတွင် လူနည်းစုလူမျိုး ဖြေကြားသူများအနက် ၅၂ ရာခိုင်နှုန်းက 'မြန်မာနိုင်ငံသားဖြစ်ခြင်းသည် မိမိကိုယ်ကို ရှုမြင်ပုံ၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။' ဟူသော အဆိုကို 'အခိုင်အမာ

၁၁ လေ့လာဆန်းစစ်ချက်အရ နမူနာကောက်ယူရာတွင် ဟိန္ဒူနှင့် မွတ်ဆလင်များပါဝင်မှု အလွန် နည်းပါးခြင်းကြောင့် ဤတွေ့ရှိချက်မှာ အခြေခံအားဖြင့် ခရစ်ယာန်များ၏ ဖြေကြားချက်များ မှ ထွက်ပေါ်လာခြင်း ဖြစ်ပါသည်။

သဘောတူညီသည်’ ဟု ဆိုကြပြီး ၂၈ ရာခိုင်နှုန်းက 'အတော်အတန် သဘောတူညီသည်’ ဟု ဖော်ပြကြပါသည်။ ဤတွေ့ရှိချက်သည်လည်း ဤလေ့လာချက်ပါ 'မြန်မာနိုင်ငံသားဖြစ်ရသည့်အတွက် မည်မျှဂုဏ်ယူပါသနည်း' ဟူသော အခြားစစ်တမ်း မေးခွန်းတစ်ခုအတွက် ဖြေကြားချက်များနှင့် ညီညွတ်မှုရှိပါသည်။ လူမှုသိပ္ပံ သုတေသနပြုလုပ်ရာတွင် အမျိုးသား ဝိသေသလက္ခဏာအတွက် တိုင်းတာချက်တစ်ရပ်အဖြစ် ဤမေးခွန်းကို ကျယ်ပြန့်စွာအသုံးပြုကြပါသည် (ဇယား ၂-၂ ကို ကြည့်ပါ)။ ယခု လေ့လာချက်တွင် လူနည်းစု လူမျိုးဖြေကြားသူများအနက် 'အလွန်ဂုဏ်ယူသည်' ဟုဖော်ပြသူနှင့် 'ဂုဏ်ယူ

**ပုံ ၂-၁ လူမျိုး၊ အမျိုးသား၊ ဘာသာရေးနှင့် ပြည်နယ် ဝိသေသလက္ခဏာများ အချက်အချာကျမှု**




မှတ်ချက် - ဘားတစ်ခုစီအတွက် ဖြေကြားသူအရေအတွက်မှာ ၁၃၀၂ ဦးမှ ၁၅၉၇ ဦး ရှိပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ


**ဇယား ၂-၁ ဝိသေသလက္ခဏာများ အချက်အချာကျမှုကို ပျမ်းမျှအဆင့်သတ်မှတ်ဖော်ပြချက်**

| | ဗမာ | လူနည်းစုလူမျိုးများ |
|---|---|---|
| **မြန်မာအမျိုးသားဝိသေသလက္ခဏာ** | ၃.၄၄(၀.၈၀) | ၃.၃၉(၀.၈၂) |
| **လူမျိုးဝိသေသလက္ခဏာ** | ၃.၂၆(၀.၉၂) | ၃.၅၄(၀.၇၄) |
| **ဘာသာရေးဝိသေသလက္ခဏာ** | ၃.၆၁(၀.၇၈) | ၃.၇၈(၀.၅၉) |
| **နယ်မြေဒေသဝိသေသလက္ခဏာ** | ၃.၀၈(၀.၉၉) | ၃.၃၄(၀.၈၆) |

*မှတ်ချက်များ* - အနိမ့်ဆုံးဖော်ပြနိုင်သည့်အဆင့်မှာ ၁၊ အမြင့်ဆုံးမှာ ၄ ဖြစ်ပါသည်။ 'မသေချာပါ' ကို ရွေးချယ်သူများအား ထည့်သွင်းရေတွက်ခြင်းမပြုပါ။

လက်သည်းကွင်းအတွင်းရှိ ကိန်းဂဏန်းများမှာ စံသွေဖည်မှု (standard deviation) ဖြစ်ပါသည်။

**ပုံ ၂-၂ ဘာသာရေးနှင့် လူမျိုး ဝိသေသလက္ခဏာ အချက်အချာကျမှု ဆက်စပ်ကိန်း**




*မှတ်ချက်* - ယုံကြည်မှုအတိုင်းအတာ (confidence interval) များမှာ ၉၅ ရာခိုင်နှုန်း။

N (ဘာသာရေး ဝိသေသလက္ခဏာ) = 2,273 ၊ N (လူမျိုး ဝိသေသလက္ခဏာ) = 2,336 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

သည်'ဟု ဖော်ပြသူများမှာ ၄၈ ရာခိုင်နှုန်းနှင့် ၂၅ ရာခိုင်နှုန်း အသီးသီး ရှိပါသည်။ ဤတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ဘုံတူညီသော အမျိုးသားဝိသေသလက္ခဏာတစ်ရပ်ကို သတ်မှတ်နိုင်ရေး အငြင်းပွားမှုရှိသော်လည်း လူနည်းစုလူမျိုး သာမန်ပြည်သူလူထုမှာ မိမိတို့မှတ်ယူသည့် မြန်မာအမျိုးသားဝိသေသလက္ခဏာကို တွယ်တာမှုရှိကြောင်း ညွှန်ပြလျက်ပါသည်။

လူနည်းစုလူမျိုးများသည် မြန်မာအမျိုးသားဝိသေသလက္ခဏာထက် မိမိတို့၏ လူမျိုးဝိသေသလက္ခဏာကို ပိုမိုတန်ဖိုးထားသည်ဟူသော အများလက်ခံထားသော ယုံကြည်ယူဆချက်တစ်ရပ်ကိုလည်း လေ့လာတွေ့ရှိချက်များအရ မှန်ကန်မှုရှိမရှိ မေးခွန်းထုတ်ဖွယ်ဖြစ်ပါသည်။ ပုံ ၂-၃ တွင် ဖော်ပြ

**ဇယား ၂-၂ မြန်မာနိုင်ငံသားဖြစ်ရသည်ကို 'အတော်အတန်ဂုဏ်ယူသည်' သို့မဟုတ် 'အလွန်ဂုဏ်ယူသည်' ဟု ဖြေကြားသူအချိုးအစား**

| စစ်တမ်း | ခုနှစ် | မေးမြန်းပုံ | ဗမာ (%) | လူနည်းစု လူမျိုး (%) |
|---|---|---|---|---|
| **Asian Barometer (အာရှပြဒါးတိုင်) စစ်တမ်း** | ၂၀၁၅ | လူကိုယ်တိုင် | ၉၉.၃ | ၉၄.၂ |
| **Jangai Jap ၏ ပါရဂူဘွဲ့ယူစာတမ်း စစ်တမ်း** | ၂၀၁၉ | လူကိုယ်တိုင် | ၁၀၀.၀ | ၈၇.၈ |
| **World Values (ကမ္ဘာ့စံတန်ဖိုးများ) စစ်တမ်း** | ၂၀၂၀ | လူကိုယ်တိုင် | ၉၈.၂ | ၉၈.၆ |
| **Isabel Chew ၏ ပါရဂူဘွဲ့ယူစာတမ်း စစ်တမ်း** | ၂၀၂၀ | အွန်လိုင်း | ၉၇.၈ | ၉၁.၆ |
| **United States Institute of Peace စစ်တမ်း** | ၂၀၂၂ | အွန်လိုင်း | ၈၈.၁ | ၈၅.၂ |
| **International IDEA စစ်တမ်း** | ၂၀၂၄ | အွန်လိုင်း | ၇၈.၅ | ၇၂.၉ |

*မှတ်ချက်* - International IDEA ၏ ၂၀၂၄ ခုနှစ် စစ်တမ်း (ဤအစီရင်ခံစာတွင် အဓိကဖော်ပြထားသည့် စစ်တမ်း) တွင် 'မသေချာပါ' ဟု ရွေးချယ်နိုင်ရန် ထည့်သွင်းထားသော်လည်း ယခင် စစ်တမ်းများတွင် ထည့်သွင်းထားခြင်းမရှိပါ။ ဤအကြောင်းကြောင့် ယခုစစ်တမ်းတွင် နိုင်ငံကိုဂုဏ်ယူကြောင်းဖော်ပြသည့် ဖြေကြားသူ ရာခိုင်နှုန်းပိုမိုနိမ့်ကျခြင်း ဖြစ်နိုင်ပါသည်။ တဖန် အချိန်ကာလ ကုန်လွန်လာသည်နှင့်အမျှ နိုင်ငံကိုဂုဏ်ယူမှု လျော့နည်းလာခြင်းသည် အာဏာသိမ်းမှုဖြစ်ပွားပြီး နိုင်ငံမှာ အကြပ်အတည်းကြုံနေရခြင်းကို ထင်ဟပ်မှုလည်း ဖြစ်နိုင်ပါသည်။ ဗမာလူမျိုးဖြေကြားသူများအနက် မြန်မာနိုင်ငံသားဖြစ်ရသည်ကို ဂုဏ်ယူသည်ဟု ဖော်ပြသူ အချိုးအစားမှာ ၂၀၂၂ ခုနှစ်တွင် ၁၀ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် နောက်ထပ် ၁၀ ရာခိုင်နှုန်း ထပ်မံကျဆင်းခဲ့ပါသည်။


ထားသည့်အတိုင်း လူနည်းစုလူမျိုး အများစုအတွက် မြန်မာအမျိုးသားဝိသေသ လက္ခဏာသည် မိမိတို့၏ လူမျိုးဝိသေသလက္ခဏာနှင့် တန်းတူအရေးပါ ပါသည်။ လူနည်းစုလူမျိုး ဖြေကြားသူများအနက် ၂၃ ရာခိုင်နှုန်းကသာ မြန်မာ အမျိုးသားဝိသေသလက္ခဏာထက် မိမိတို့၏ လူမျိုးဝိသေသလက္ခဏာက ပိုမို အရေးကြီးသည်ဟု ဆိုကြပါသည်။ ဤတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် လူမျိုးဝိသေသလက္ခဏာသည် အရေးပါသော အင်အားတစ်ရပ် ဖြစ်သော်လည်း အမျိုးသားဝိသေသလက္ခဏာနှင့် အမြဲတစေဆန့်ကျင်ဘက် ဖြစ်လိမ့်မည်ဟု ယတိပြတ် မဆိုနိုင်ကြောင်း ညွှန်ပြနေပါသည်။

## ၂-၂ လူမျိုးများအကြား ဆက်ဆံရေးများ

မြန်မာနိုင်ငံတွင် လူမျိုးများအကြား ဆက်ဆံရေးကို ပဋိပက္ခလောင်းရိပ် အောက်တွင် ရောက်ရှိနေသည်ဟု ရှုမြင်လေ့ရှိပါသည်။ ယင်းသို့ ရှုမြင်ရခြင်း အကြောင်း တစ်စိတ်တစ်ဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်အုပ်စုများနှင့် မြန်မာစစ်တပ်တို့အကြား ကာလကြာရှည်ပဋိပက္ခ ဖြစ်ပွားနေခြင်းဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၁ ခုနှစ် မတိုင်မီက ယင်းပဋိပက္ခများမှာ နယ်စပ်ဒေသများ တွင်သာ ကွက်၍ဖြစ်ပွားပါသည်။ နိုင်ငံတွင်း နယ်မြေဒေသအများအပြားတွင် လူနည်းစုလူမျိုး အများအပြားသည် ဗမာများ သို့မဟုတ် အခြားလူနည်းစု လူမျိုးများနှင့် အတူယှဉ်တွဲလျက် အိမ်နီးချင်းများအဖြစ် နေထိုင်ကြပါသည်။ ဤအပိုင်းတွင် လူမျိုးများအကြား ဆက်ဆံရေးများတိုင်းတာပုံ နှစ်မျိုးဖြစ်သည့် အခြားလူမျိုးများကို ယုံကြည်စိတ်ချမှုနှင့် လူမျိုးများအကြား လူနည်းစုများကို လက်ခံမှုတို့ကို လေ့လာပါမည်။ အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းပါအတွဲများ ကို အဓိကဖော်ပြထားပါသည်။ (၁) ပြည်နယ်များရှိ လူနည်းစုများက ပြည်နယ် အမည်ရ လူမျိုးအပေါ်ထားရှိသည့် သဘောထား (ဥပမာ ကချင်ပြည်နယ်ရှိ ရှမ်းများက ကချင်များကို ရှုမြင်ပုံ) နှင့် (၂) သက်ဆိုင်ရာပြည်နယ်တွင် ပြည်နယ် အမည်ရလူမျိုးက လူနည်းစုများအပေါ် ထားရှိသည့်သဘောထား (ဥပမာ ကချင် ပြည်နယ်တွင် ကချင်များက ရှမ်းကဲ့သို့သော လူနည်းစုများကို ရှုမြင်ပုံ) တို့ ဖြစ်ပါသည်။ ရလဒ်များကိုကြည့်လျှင် ယေဘုယျအားဖြင့် နေ့စဉ်ဘဝနေထိုင်မှု အဆင့်တွင် သာမန်နိုင်ငံသားများအကြား လူမျိုးအချင်းချင်း ဆက်ဆံရေးများ ကောင်းမွန်ကြောင်း၊ သည်းခံမှုနှင့် လက်ခံမှုအဆင့် မြင့်မားကြောင်း ညွှန်ပြနေ

ပါသည်။ ချွင်းချက်မှာ ရခိုင်ပြည်နယ် ဖြစ်ပါသည် (၂-၄ ရှိဟင်ဂျာများကို ကာကွယ်စောင့်ရှောက်ရေး ကိုကြည့်ပါ)။

**ပုံ ၂-၃ အမျိုးသားဝိသေသလက္ခဏာနှင့် နိုင်းယှဉ်လျှင် လူမျိုးဝိသေသလက္ခဏာ၏ အချက်အချာဖြစ်မှု**




*မှတ်ချက်* - အမျိုးသားဝိသေသလက္ခဏာနှင့် နှိုင်းစာလျှင် လူမျိုးဝိသေသလက္ခဏာ၏ အချက်အချာဖြစ်မှုကို ဆုံးဖြတ်သတ်မှတ်ရန် လူမျိုးဝိသေသလက္ခဏာ အရေးပါမှုအဆင့်မှ အမျိုးသားဝိသေသလက္ခဏာ အရေးပါမှုအဆင့်ကို နုတ်ပါသည်။ ဤဆန်းစစ်လေ့လာချက်တွင် ပါဝင်သော လူနည်းစုလူမျိုးများနှင့် ဗမာများ အရေအတွက်မှာ ၁,၂၁၄ ဦး နှင့် ၁,၄၃၉ ဦး အသီးသီး ဖြစ်ပါသည်။


*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## ၂-၂-၁ ပြည်နယ်များရှိ လူနည်းစုများသည် ပြည်နယ်အမည်ရ လူမျိုးကို မည်သို့ ရှုမြင်ကြပါသနည်း။

ယေဘုယျအားဖြင့် ပြည်နယ်များရှိ လူနည်းစုများသည် ပြည်နယ်အမည်ရ လူမျိုးနှင့်စပ်လျဉ်း၍ အပေါင်းလက္ခဏာ သဘောဆောင်သော စိတ်ခံစားမှု ရှိကြပါသည်။ ပြည်နယ်အမည်ရ လူမျိုးအပေါ် ယုံကြည်စိတ်ချမှုအဆင့်ကို မေးမြန်းရာ ဗမာ ၇၀ ရာခိုင်နှုန်းနှင့် လူနည်းစုလူမျိုးများ ၆၂ ရာခိုင်နှုန်းက ပြည်နယ်အမည်ရ လူမျိုးကို ယုံကြည်စိတ်ချကြောင်း ဖြေကြား

ကြပါသည် (ပုံ ၂-၄ ကို ကြည့်ပါ)။ အလားတူ ပြည်နယ်အမည်ရ လူမျိုးနှင့် လက်ထပ်ခြင်းဆိုင်ရာမေးမြန်းရာ ဗမာလူမျိုး ဖြေကြားသူ ၇၉ ရာခိုင်နှုန်းနှင့် လူနည်းစု ၇၂ ရာခိုင်နှုန်းကလက်ခံကြောင်း ဖြေကြားပါသည် (ပုံ ၂-၄ ကို ကြည့်ပါ)။ လူမျိုးမတူသူကို လက်ခံနိုင်စွမ်း မြင့်မားသောကြောင့်သာ လူမျိုးမတူသူနှင့်လက်ထပ်ခြင်းကို လက်ခံနိုင်ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ လူမျိုးခံယူမှု အားကောင်းသော်လည်း မိမိလူမျိုးပြင်ပမှ အခြားသူများကိုလည်း သည်းခံမှုအဆင့် မြင့်မားသည့်အပြင် လူမျိုးတစ်မျိုးနှင့်တစ်မျိုး အပြန်အလှန် လက်ထပ်ခြင်းများကိုလည်း ရှောရှောရှူရှူ လက်ခံမှုရှိပါသည်။

**ပုံ ၂-၄ ပြည်နယ်များတွင်နေထိုင်ကြသောလူနည်းစုလူမျိုးများက ပြည်နယ်အမည်ရလူမျိုးကို ရှုမြင်ပုံ**





*မှတ်ချက်* - N (ဗမာ) = 509၊ 506 ။ N (လူနည်းစုလူမျိုး) = 324၊ 326 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

သတိပြုဖွယ်ရာ တွေ့ရှိချက်တစ်ရပ်မှာ ပြည်နယ်များတွင်နေထိုင်ကြသော ဗမာများသည် လူနည်းစုလူမျိုးများနှင့် နှိုင်းယှဉ်လျှင် ပြည်နယ်အမည်ရလူမျိုးအပေါ် ယေဘုယျအားဖြင့် ပိုမို၍ အပေါင်းလက္ခဏာသဘော ဆောင်သော စိတ်ခံစားမှုရှိခြင်းဖြစ်ပါသည်။ ဤအချက်မှာ အခြားလူမျိုးများအပေါ် သဘောထားနှင့် စပ်လျဉ်းသည့် ပညာရပ်စာပေပါ ဖော်ပြချက်များနှင့်လည်း ကိုက်ညီပါသည်။ ဗမာများသည် ပြည်နယ်တွင် လူနည်းစုဖြစ်သော်လည်း တစ်နိုင်ငံလုံးတွင် လူများစုဖြစ်ခြင်းကြောင့် ပြည်နယ်အမည်ရ လူမျိုးကို ကြောက်ရွံ့ဖွယ်ရာ နည်းပါးခြင်းဖြစ်နိုင်ပါသည်။ လူနည်းစုလူမျိုးများမှာမူ ပြည်နယ်အမည်ရလူမျိုးကို ပိုမို၍သံသယရှိနိုင်ပါသည်။ မြို့ပြတွင် နေထိုင်သူများနှင့် တက္ကသိုလ်ပညာ တက်ရောက်သင်ကြားခဲ့သူများသည် ပြည်နယ်အမည်ရလူမျိုးကို ပိုမို၍ ယုံကြည်စိတ်ချကြောင်းလည်း တွေ့ရှိရပါသည် (ပုံ ၂-၅ ကို ကြည့်ပါ)။


**ပုံ ၂-၅ ပြည်နယ်များတွင်နေထိုင်ကြသော လူနည်းစုလူမျိုးများအကြား ပြည်နယ်အမည်ရလူမျိုးကို ယုံကြည်စိတ်ချမှု ဆက်စပ်ချက်**




*မှတ်ချက်* - ၉၀ ရာခိုင်နှုန်း ယုံကြည်မှုအတိုင်းအတာ (confidence intervals)၊ N = 600 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ပုံ ၂-၆ တိုင်းရင်းသားပြည်နယ်များတွင် ပြည်နယ်အမည်ရလူမျိုးများက လူနည်းစုများကို ရှုမြင်ပုံ**




*မှတ်ချက်* - N (ဗမာများ) = 1,165 ၊ 1,161 ။ N (ပြည်နယ်အမည်ရလူနည်းစုများ) = 685 ၊ 683 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## ၂-၂-၂ ပြည်နယ်များတွင် ပြည်နယ်အမည်ရ လူမျိုးများက လူနည်းစုများကို ရှုမြင်ပုံ

ပြည်နယ်များတွင် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများက အခြားလူနည်းစုလူမျိုးများကို ရှုမြင်ပုံမှာ အပေါင်းလက္ခဏာသဘော ဆောင်သော်လည်း အရေးပါသည့် ကွာခြားချက်များ ရှိပါသည်။[၁၂] ပထမဦးစွာ ပြည်နယ်

၁၂ ပြည်နယ်အမည်ရလူမျိုးများအား ၎င်းတို့ပြည်နယ်အတွင်းရှိ လူနည်းစုလူမျိုးများအပေါ် ထားရှိသည့် သဘောထားကို မေးမြန်းရာတွင် ၎င်းတို့ပြည်နယ်တွင်းနေထိုင်သည့် ဗမာများအပေါ် ထားရှိသည့် သဘောထားကို မေးမြန်းသည့်အပြင် ဗမာမဟုတ်သော လူဦးရေအများဆုံး လူနည်းစုလူမျိုးများအပေါ် သဘောထားကိုလည်း အတိအလင်း ထုတ်ဖော်မေးမြန်းခဲ့ပါသည်။

အမည်ရ လူနည်းစုလူမျိုးများသည် ဗမာများနှင့် လူနည်းစုလူမျိုးများကို ယုံကြည်မှုမှာ အပြန်အလှန်အားဖြင့် ဗမာများနှင့် လူနည်းစုလူမျိုးများက ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများကို ယုံကြည်မှုထက်ပိုမိုနည်းပါးကြောင်း တွေ့ရှိရပါသည်။ ပြည်နယ်အမည်ရ လူမျိုးဖြေကြားသူများအနက် ဗမာများကို ယုံကြည်သည်ဟု ဖြေကြားသူ ၅၂ ရာခိုင်နှုန်း၊ အခြားလူနည်းစုလူမျိုးများကို ယုံကြည်သည်ဟု ဖြေကြားသူ ၅၆ ရာခိုင်နှုန်း ရှိပါသည် (ပုံ ၂-၆ ကို ကြည့်ပါ)။

သို့သော် လူမျိုးမတူသူများ လက်ထပ်ခြင်းကို လက်ခံမှုနှင့် စပ်လျဉ်း၍မူ ဗမာများနှင့် လူနည်းစုလူမျိုးများအား အတူတူပင် လက်ခံကြပါသည်။ ပြည်နယ်အမည်ရ လူနည်းစု ၆၅ ရာခိုင်နှုန်းက မိမိတို့ကိုယ်တိုင် သို့မဟုတ် မိသားစုဝင်တစ်ဦးဦး ဗမာလူမျိုးနှင့် လက်ထပ်ခြင်းကို လက်ခံမည်ဟုဆိုပြီး လူနည်းစုလူမျိုးတစ်ဦးနှင့် လက်ထပ်ခြင်းကို ၆၁ ရာခိုင်နှုန်းက လက်ခံမည်ဟု ဆိုပါသည် (ပုံ ၂-၆ ကို ကြည့်ပါ)။

## ၂-၃ လူမျိုးနှင့် နိုင်ငံရေး

မြန်မာနိုင်ငံတွင် နေ့စဉ်ဘဝနေထိုင်မှုအဆင့်၌ လူမျိုးများအကြား ဆက်ဆံရေးမှာ အပေါင်းလက္ခဏာသဘောဆောင်ပြီး လူမှုရေးလက်ခံမှုရှိခြင်းကြောင့် မတူကွဲပြားမှုကို ထောက်ခံပံ့ပိုးသော အင်စတီကျူးရှင်း (နိုင်ငံတော်အဖွဲ့အစည်း) များနှင့် မူဝါဒများ ဖြစ်ပေါ်လာမည်ဟု ယတိပြတ်မဆိုနိုင်ပါ။ ဤအပိုင်းတွင် နိုင်ငံရေးသဘောထားများ အတိအကျအားဖြင့် ပြည်နယ်အမည်ရ လူနည်းစုများက လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံမှုနှင့် လုပ်ပိုင်ခွင့်အာဏာလက်ဝယ်ရှိ လူအုပ်စုများအကြား အများပါဝင်နိုင်သည့် မူဝါဒ

ဆိုလိုသည်မှာ ဗမာများအပေါ် ထားရှိသည့်သဘောထားကို မေးမြန်းသည့်အပြင် ကချင်ပြည်နယ်တွင် ကချင်များကို ရှမ်းများအပေါ် ထားရှိသည့်သဘောထား၊ ကရင်ပြည်နယ်တွင် ကရင်များကို မွန်များအပေါ် ထားရှိသည့် သဘောထား၊ ကယားပြည်နယ်တွင် ကရင်နီများကို ရှမ်းများအပေါ်ထားရှိသည့်သဘောထား၊ မွန်ပြည်နယ်တွင် မွန်များကို ကရင်များအပေါ်ထားရှိသည့်သဘောထား၊ ရခိုင်ပြည်နယ်တွင် အာရက္ခ (ရခိုင်)များကို ရိုဟင်ဂျာများအပေါ်ထားရှိသည့်သဘောထား၊ ရှမ်းပြည်နယ်တွင် ရှမ်းများကို ပအိုဝ်းများအပေါ် ထားရှိသည့် သဘောထားတို့ကိုပါ မေးမြန်းခဲ့ပါသည်။

များအား ထောက်ခံမှုတို့ကို လေ့လာဖော်ပြထားပါသည်။ ရလဒ်များကို ကြည့်ခြင်းဖြင့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများသည် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံကြသော်လည်း ပြည်နယ်အမည်ရ လူနည်းစုလူမျိုးဖြေကြားသူများနှင့် ဗမာလူမျိုးဖြေကြားသူများအနက် အများစုသည် လူနည်းစုဘာသာစကားများနှင့် နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်မှုတို့ကို အားပေးမြှင့်တင်လျက် မတူကွဲပြားမှုကို ထောက်ခံပံ့ပိုးသည့် မူဝါဒများကိုလည်း ထောက်ခံကြပါသည်။

## ၂-၃-၁ လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံမှု

မြန်မာနိုင်ငံတည်ထောင်ချိန်မှစ၍ ဗမာများသည် နိုင်ငံရေးတွင် ကြီးစိုးလွှမ်းမိုးသည့် အုပ်စုဖြစ်ခဲ့ပြီး ဗမာလူမျိုးဗဟိုပြု အင်စတီကျူးရှင်းများဖြင့် လွှမ်းမိုးမှုကို အားကောင်းစေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် လူမျိုးအခြေပြု ဖက်ဒရယ်စနစ် ပေါ်ပေါက်လာပါက ပြည်နယ်အဆင့်တွင် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများလည်း ပေါ်ပေါက်လာပြီး '(ဗဟိုအဆင့်ရှိ) လူမျိုးဗဟိုပြု အင်စတီကျူးရှင်းတစ်မျိုးကို (ပြည်နယ်အဆင့်တွင်) အခြား လူမျိုးဗဟိုပြု အင်စတီကျူးရှင်းနောက်တစ်မျိုးဖြင့် အစားထိုးရုံမျှသာရှိလိမ့်မည်' ဟု စိုးရိမ်ပူပန်မှုများရှိပါသည် (Breen and He 2020: 75)။

ဤအပိုင်းတွင် တိုင်းရင်းသားပြည်နယ်များတွင် ပြည်နယ်အမည်ရ လူအုပ်စုများက ၎င်းပြည်နယ်အတွင်းရှိ အခြား လူနည်းစုအုပ်စုများ၏ အကျိုးစီးပွားကိုထိခိုက်လျက် မိမိတို့၏အကျိုးစီးပွားကို ဆောင်ရွက်သည့် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံလာနိုင်သည့် အတိုင်းအတာကို လေ့လာဖော်ထုတ်ထားပါသည်။ ယင်းသို့ ဖော်ထုတ်နိုင်ရန် ပြည်နယ်အမည်ရ လူနည်းစုများကို အောက်ပါအဆိုများအား မည်သည့်အတိုင်းအတာအထိ သဘောတူညီကြောင်း သို့မဟုတ် သဘောမတူညီကြောင်း ဖော်ပြစေခဲ့ပါသည်။ (၁) [______လူမျိုး] များသည် [မိမိတို့၏ ______ပြည်နယ်] တွင် အစိုးရ အလုပ်အကိုင်ရာထူးနေရာများကို ဦးစားပေးအနေဖြင့် ရရှိခွင့်ရှိသည်။ (၂) [မိမိတို့၏ ______ပြည်နယ်] တွင် ပြည်နယ်ဝန်ကြီးချုပ်သည် အမြဲတစေ မိမိတို့ တိုင်းရင်းသား လူမျိုးသာလျှင် ဖြစ်သင့်သည်။ ကွင်းအတွင်းရှိ ကွက်လပ်ကို ဖြေကြားသူက မိမိမည်သည့်လူမျိုးဖြစ်ကြောင်း ဖော်ပြခဲ့သည့်အတိုင်း လူမျိုးအမည်ဖြည့်သွင်းပါသည်။ ဥပမာ ဖြေကြားသူသည် ချင်းလူမျိုးဖြစ်ပါက အဆိုများမှာ


(၁) 'ချင်းလူမျိုးများသည် ချင်းပြည်နယ်တွင် အစိုးရ အလုပ်အကိုင်ရာထူး နေရာများကို ဦးစားပေးအနေဖြင့် ရရှိခွင့်ရှိသည်။ (၂) ချင်းပြည်နယ်တွင် ပြည်နယ်ဝန်ကြီးချုပ်သည် အမြဲတစေ ချင်းလူမျိုးသာလျှင် ဖြစ်သင့်သည်။' ဟူ၍ ဖြစ်ပါမည်။ ဗမာလူမျိုး ဖြေကြားသူများအား ဤမေးခွန်းများကို မမေးမြန်းခဲ့ပါ။ ထိရှလွယ်သော မေးခွန်းများဖြစ်ပြီး ဗမာလူမျိုး ဖြေကြားသူများအနေဖြင့် စစ်တမ်းကောက်ယူသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ သံသယဖြစ်ဖွယ်ရှိခြင်းကြောင့် ဖြစ်ပါသည်။ စစ်တမ်းမကောက်မီ အုပ်စုငယ် (focus group) ဖြင့် မေးခွန်းများကို စမ်းသပ်မေးမြန်းစဉ်က ယင်းသို့သော စိုးရိမ်ပူပန်မှုများ ထွက်ပေါ်ခဲ့ပါသည်။ သို့ဖြစ်၍ ဗမာလူမျိုး ဖြေကြားသူများအတွက် ယင်းမေးခွန်းအစုကို မမေးမြန်းဘဲ ချန်လှပ်ထားခဲ့ပါသည်။

ပြည်နယ်အမည်ရ လူနည်းစုများသည် လူမျိုးဗဟိုပြုအင်စတီကျူးရှင်းများကို လိုလားချက် အားကောင်းကြောင်း လေ့လာချက်တွင် တွေ့ရှိရပါသည် (ပုံ ၂-၇ ကို ကြည့်ပါ)။ ၈၀ ရာခိုင်နှုန်း နီးပါးက မိမိတို့ တိုင်းရင်းသားပြည်နယ်တွင် အစိုးရ အလုပ်အကိုင်များအတွက် မိမိတို့လူမျိုးများကို ဦးစားပေးသင့်သည်ဟု ဖော်ပြခဲ့ကြပါသည်။ အလားတူ လေးပုံသုံးပုံက မိမိတို့ပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ်သည် မိမိတို့ လူမျိုးဖြစ်သင့်သည်ဟု ဆိုပါသည်။

**ပြည်နယ်အမည်ရ လူနည်းစုများ ၈၀ ရာခိုင်နှုန်း နီးပါးက မိမိတို့ တိုင်းရင်းသားပြည်နယ်တွင် အစိုးရ အလုပ်အကိုင်များအတွက် မိမိတို့ လူမျိုးများကို ဦးစားပေးသင့်သည်ဟု ဖော်ပြခဲ့ကြပါသည်။**

ယင်းသို့ လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို လိုလားခြင်းများသည် ပြည်နယ်အမည်ရ လူမျိုးတစ်မျိုးနှင့် တစ်မျိုး မတူညီပါ။ ပုံ ၂-၈ တွင် လူမျိုးအလိုက် ဖြေကြားချက်များ အမျိုးမျိုးရှိပုံကို ဖော်ပြထားပါသည်။ မတူကွဲပြားမှုအများဆုံး တိုင်းရင်းသားပြည်နယ်များဖြစ်သော ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ လူမျိုးများသည် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကိုဆန့်ကျင်မှု အားအကောင်းဆုံးဖြစ်ပါသည်။ ရှမ်းလူမျိုး ဖြေကြားသူများသည် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများဖြစ်စေရေး အဆိုပြုချက်ကို ဆန့်ကျင်မှု အားအကောင်းဆုံး ဖြစ်ပါသည်။ ၂၀ ရာခိုင်နှုန်း နီးပါးက ရှမ်းပြည်နယ်တွင် အစိုးရ အလုပ်အကိုင်များအတွက် မိမိတို့လူမျိုးကို ဦးစားပေးရန် သဘောမတူညီကြပါ။ ၃၀ ရာခိုင်နှုန်းနီးပါးက ရှမ်းပြည်နယ်၏ ပြည်နယ်ဝန်ကြီးချုပ် ရာထူးတာဝန်ကို မိမိတို့ လူမျိုးအတွက်သာ သီးသန့်သတ်မှတ်ထားရှိရန် သဘောမတူညီကြပါ။

**ပုံ ၂-၇ နေထိုင်ရာနယ်မြေဒေသအလိုက် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံမှု**





*မှတ်ချက်* - N (တိုင်းရင်းသားပြည်နယ်) = 684 ၊ N (ပြင်ပ) = 450 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## ၂-၃-၂ လူနည်းစုများအတွက် လိုက်လျောဆောင်ရွက်ပေးရေး မူဝါဒများကို ထောက်ခံမှု

ပြည်နယ်အမည်ရ လူနည်းစုများအကြားတွင် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို လိုလားမှု အားကောင်းခြင်းကြောင့် ပြည်နယ်အမည်မရ လူနည်းစုများနှင့် ၎င်းတို့၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သော အင်စတီကျူးရှင်းများနှင့် မူဝါဒများ အားကောင်းရန် အရေးကြီးပါသည်။ ဤအပိုင်းတွင် အင်အားကြီးသောလူအုပ်စုများဖြစ်သည့် တိုင်းဒေသကြီးများရှိ ဗမာ

**ပုံ ၂-၈ လူမျိုးအလိုက် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံမှု**




*မှတ်ချက်* - ဘားတစ်ခုစီအတွက် ဖြေကြားသူအရေအတွက်မှာ ၁၁၂ ဦးမှ ၂၁၃ ဦး ဖြစ်ပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

များနှင့် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်များရှိ ပြည်နယ်အမည်ရ လူနည်းစု လူမျိုးများ၏ မတူကွဲပြားမှုကို ထောက်ခံပံ့ပိုးသော မူဝါဒများအပေါ် ထောက်ခံမှုအတိုင်းအတာကို လေ့လာထားပါသည်။ လူနည်းစုများ၏ ယဉ်ကျေးမှုအခွင့်အရေးများကို အားပေးမြှင့်တင်လျက် လူနည်းစုအုပ်စုများအတွက် နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်နိုင်မှုကို တိုးမြှင့်ပေးသည့် အစီအမံနှစ်ရပ်ကို အဓိကထား မေးမြန်းခဲ့ပါသည်။ ယင်းတို့မှာ အစိုးရကျောင်းများတွင် လူနည်းစု ဘာသာစကားများကို သင်ကြားပေးသည့်အတန်းများ ထည့်သွင်းသင်ကြားပေးရေး ထောက်ခံမှုနှင့် ပြည်နယ်အစိုးရအတွင်း လူနည်းစုများအတွက် ဝန်ကြီးရာထူး

နေရာများ သီးသန့်သတ်မှတ်ထားရှိရေး ထောက်ခံမှုတို့ ဖြစ်ပါသည်။[၁၃] ယင်း အစီအမံနှစ်ရပ်ကို ရွေးချယ်ခဲ့ခြင်းမှာ လူနည်းစုများ၏ ပြောဆိုရေးသားဆွေးနွေး မှုများတွင် အများဆုံးပါဝင်ခြင်းကြောင့် ဖြစ်ပါသည်။


ယေဘုယျ အလားအလာနှစ်ရပ်ကို လေ့လာတွေ့ရှိရပါသည်။ ပထမ အလားအလာမှာ ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ လူများစုလူမျိုးများ ဥပမာ တိုင်းဒေသကြီးများရှိ ဗမာများ သို့မဟုတ် သက်ဆိုင်ရာတိုင်းရင်းသား ပြည်နယ်များရှိ ပြည်နယ်အမည်ရ လူအုပ်စုများသည် နိုင်ငံရေးတွင် လူနည်းစု များ ကိုယ်စားပြုပါဝင်နိုင်စေရေးထက် ယဉ်ကျေးမှုအခွင့်အရေးများကို ပိုမို၍ ထောက်ခံကြခြင်း ဖြစ်ပါသည် (ပုံ ၂-၉ ကို ကြည့်ပါ)။ ဗမာများအနက် ယဉ် ကျေးမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးရေး ထောက်ခံသူ ၇၆ ရာခိုင်နှုန်း ရှိပြီး နိုင်ငံရေးတွင် လူနည်းစုများ ကိုယ်စားပြုပါဝင်နိုင်စေရေးကို ထောက်ခံ သူ ၆၂ ရာခိုင်နှုန်းရှိပါသည်။ အလားတူ ပြည်နယ်အမည်ရ လူနည်းစုများ အနက် ယဉ်ကျေးမှုဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုပေးရေး ထောက်ခံသူ ၆၆ ရာခိုင်နှုန်းရှိပြီး နိုင်ငံရေးတွင် လူနည်းစုများ ကိုယ်စားပြုပါဝင်နိုင်စေရေး ကို ထောက်ခံသူ ၅၄ ရာခိုင်နှုန်းရှိပါသည်။ ယင်းသို့ ထောက်ခံမှု ကွာခြားရ ခြင်းမှာ ယဉ်ကျေးမှုအခွင့်အရေးများသည် သက်ဆိုင်ရာ လူအုပ်စုများအတွက် ခြိမ်းခြောက်အန္တရာယ်ပြုမှု နည်းပါးခြင်းကြောင့်ဖြစ်နိုင်ပါသည်။ လူနည်းစုများ အတွက် ဝန်ကြီးရာထူးနေရာများ သတ်မှတ်ပေးထားပါက နိုင်ငံရေးလုပ်ငန်း စဉ်တွင် ပါဝင်ပြောဆိုနိုင်သည့်အသံ ရရှိရေး အာမခံချက်ပေးခြင်းဖြစ်ပြီး ကြီးစိုး လျက်ရှိသော လူအုပ်စုများလက်ဝယ်ရှိ အာဏာလျော့ပါးသွားနိုင်သည့် ဖြစ် နိုင်ခြေ ရှိပါသည်။ ဒုတိယအလားအလာမှာ ပြည်နယ်အမည်ရ လူနည်းစုလူမျိုး ဖြေကြားသူများနှင့် နှိုင်းယှဉ်လျှင် ဗမာလူမျိုးဖြေကြားသူများက ယင်းပြဋ္ဌာန်း ချက်များကို ပိုမို၍ထောက်ခံကြခြင်း ဖြစ်ပါသည်။

ဗမာလူမျိုးများကို မြန်မာနိုင်ငံတွင် လူများစုလူအုပ်စုအဖြစ် သာမန်အား ဖြင့် လေ့လာကြသော်လည်း အချို့ပြည်နယ်များတွင် ဗမာများသည် လူနည်းစု

---

၁၃ ယင်းမေးခွန်းများမှာ လူနည်းစုများကို ယေဘုယျရည်ညွှန်းသော်လည်း ဥပမာပေးရာတွင် ဗမာ မဟုတ်သော လူဦးရေအများဆုံး လူနည်းစုလူမျိုးကို ဥပမာအဖြစ် ဖော်ပြခဲ့ပါသည်။ ဥပမာ ကရင်ပြည်နယ်တွင် ကရင်လူမျိုး ဖြေကြားသူများကို ကရင်ပြည်နယ်အတွင်း ဗမာမဟုတ်သော လူဦးရေအများဆုံး လူနည်းစုလူမျိုးဖြစ်သည့် မွန်နှင့်စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။

**ပုံ ၂-၉ လူနည်းစုကို ပံ့ပိုးမှုပေးရေး မူဝါဒများအပေါ် ထောက်ခံမှု**





*မှတ်ချက်* - N (ဗမာ) = 1,082 ၊ 1,159 ။ N (ပြည်နယ်အမည်ရလူနည်းစု) = 685 ၊ 649 ၊ 703 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

အုပ်စုဖြစ်ပါသည်။ အထူးသဖြင့် ဗမာများသည် ကချင်ပြည်နယ်တွင် (ပြည်နယ် လူဦးရေ၏ ၃၃ ရာခိုင်နှုန်း)၊ ကယားပြည်နယ်တွင် (ပြည်နယ်လူဦးရေ၏ ၁၅ ရာခိုင်နှုန်း)၊ ကရင်ပြည်နယ်တွင် (ပြည်နယ်လူဦးရေ၏ ၁၄ ရာခိုင်နှုန်း)၊ မွန် ပြည်နယ်တွင် (ပြည်နယ်လူဦးရေ၏ ၃၇ ရာခိုင်နှုန်း) အသီးသီးရှိကြပြီး လူဦးရေ အများဆုံး လူနည်းစုလူမျိုးဖြစ်ပါသည် (Jap and Courtin 2022 တွင် ကြည့် ပါ)။ ဗမာများသည် ရှမ်းပြည်နယ်တွင်လည်း လူဦးရေ၏ ၁၂ ရာခိုင်နှုန်းရှိပြီး လူဦးရေများပြားသော လူနည်းစုလူမျိုး ဖြစ်ပါသည်။ ယင်းပြည်နယ်များတွင်

ဗမာများသည် လူနည်းစုဖြစ်သော်လည်း ပြည်နယ်များရှိ ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြားတွင် ဗမာများအတွက် ရာထူးနေရာများ လျာထားပေးရေးကို ထောက်ခံသူများစွာ ပိုမိုနည်းပါးပြီး ၃၄ ရာခိုင်နှုန်းသာရှိပါသည် (ပုံ ၂-၁၀ ကို ကြည့်ပါ)။ ဤသို့ဖြစ်ရခြင်းမှာ ဗမာများသည် တစ်နိုင်ငံလုံးတွင် လူများစုဖြစ်ခြင်းကြောင့် နိုင်ငံရေးတွင် ကိုယ်စားပြုပါဝင်ရေးအတွက် အထူးပြဋ္ဌာန်းချက်များ မလိုအပ်ဟု ရှုမြင်ခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ပုံ ၂-၁၀ တွင် ဖော်ပြထားသည့်အတိုင်း ဗမာများသည် လူဦးရေအများဆုံး လူနည်းစုလူမျိုးအဖြစ် နေထိုင်ကြသည့် တိုင်းရင်းသားပြည်နယ်များတွင် (ဆိုလိုသည်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်) ပြည်နယ်အမည်ရ အုပ်စုများသည် ဗမာများအတွက်ရာထူးနေရာများ လျာထားပေးရေးကို ထောက်ခံမှု အနည်းပါးဆုံး ဖြစ်ပါသည်။

**ပုံ ၂-၁၀ ဗမာများအတွက် ရာထူးနေရာများ လျာထားပေးရေး ထောက်ခံမှု**




*မှတ်ချက်* - ဘားတစ်ခုစီအတွက် ဖြေကြားသူအရေအတွက်မှာ ၁၀၉ ဦးမှ ၂၀၉ ဦးဖြစ်ပါသည်။


*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## ၂-၄ ရိုဟင်ဂျာများကို အကာအကွယ်ပေးခြင်း

ယခင်အပိုင်းများတွင် လူမျိုးများအကြား ဆက်ဆံရေးများမှာ များသောအားဖြင့် အပေါင်းလက္ခဏာ သဘောဆောင်ကြောင်း၊ ဖြေကြားသူအများစုသည် မတူကွဲပြားမှုကိုအားပေးသည့် မူဝါဒများကို ထောက်ခံကြကြောင်း ဖော်ပြခဲ့သော်လည်း အထူးသဖြင့် ရိုဟင်ဂျာများအပေါ်ထားရှိသော သဘောထားများကို ပိုမို၍စေ့စပ်စွာ လေ့လာသုံးသပ်သင့်ပါသည်။ ရိုဟင်ဂျာများသည် ရန်ပြုညှင်းပန်းမှုနှင့် လူမျိုးတုံးသတ်ဖြတ်မှုမြောက်သော ရက်စက်ကြမ်းကြုတ်မှုများကို ဆယ်စုနှစ်များစွာ ကြုံတွေ့ခဲ့ရပြီး မြန်မာနိုင်ငံတွင် ဘဝရပ်တည်ရန် အခက်ခဲဆုံး/အန္တရာယ် အကျရောက်လွယ်ဆုံး လူမျိုးဖြစ်ပါသည်။ ဖြစ်စဉ်တစ်ခုချင်းအလိုက် ကြားသိရသည်မှာ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် ရိုဟင်ဂျာများနှင့် စပ်လျဉ်း၍ အများပြည်သူ၏ စိတ်ခံစားမှုများ ပျော့ပြောင်းလာသည်ဟု ယူဆရသော်လည်း ၂၀၂၄ ခုနှစ် လေ့လာချက်ရလဒ်များအရ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာများကို ဖယ်ကြဉ်လိုသည့် သဘောထားများ အမြောက်အမြား ရှိသေးကြောင်း တွေ့ရှိရပါသည်။

၂၀၂၂ ခုနှစ်တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည့် International IDEA အဖွဲ့၏ စစ်တမ်းတွင် ဖြေကြားသူအားလုံးနီးပါး (၉၈ ရာခိုင်နှုန်း) က 'မြန်မာနိုင်ငံတွင် နေထိုင်သူအားလုံး လူမျိုးဘာသာမရွေး တန်းတူညီမျှသော နိုင်ငံသားအခွင့်အရေးများ ရရှိသင့်သည်' ဟု သဘောတူညီခဲ့ကြပါသည်။ ယခုလေ့လာချက်တွင် နိုင်ငံသားအခွင့်အရေးများဆိုင်ရာ ရှုမြင်ပုံများနှင့် စပ်လျဉ်း၍ နောက်ထပ်မေးခွန်းများ မေးမြန်းခဲ့ပါသည်။ ရိုဟင်ဂျာလူမျိုးများသည် နိုင်ငံသားအခွင့်အရေးများ တင်းပြည့် သို့မဟုတ် အချို့ရရှိသင့်ကြောင်း သို့မဟုတ် လုံးဝမရရှိသင့်ကြောင်း မေးမြန်းခဲ့ပါသည်။ ပုံ ၂-၁၁ တွင် ဖော်ပြထားသည့်အတိုင်း ဗမာအများစုနှင့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများက ရိုဟင်ဂျာများအတွက် နိုင်ငံသားအခွင့်အရေးများ အချို့အဝက်ရရှိစေရေး ထောက်ခံကြသော်လည်း နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိစေရေး အများပြည်သူထောက်ခံမှုမှာ နည်းပါးလျက်ရှိပါသေးသည်။ ဗမာများအနက် ၂၆ ရာခိုင်နှုန်းနှင့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအနက် ၂၈ ရာခိုင်နှုန်းကသာ ရိုဟင်ဂျာများ နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိရေးကို ထောက်ခံသည်ဟု ဆိုကြပါသည်။

**ပုံ ၂-၁၁ ရိုဟင်ဂျာများအတွက် နိုင်ငံသားအခွင့်အရေးများကို ထောက်ခံမှု**




*မှတ်ချက်* - N (ဗမာ၊ တိုင်းဒေသကြီးများ) = 1,119 ၊ N (ဗမာ၊ ပြည်နယ်များ) = 492 ၊ N (ပြည်နယ်အမည်ရ၊ တိုင်းရင်းသားပြည်နယ်များ) = 690 ၊ N (ပြည်နယ်အမည်ရ၊ သက်ဆိုင်ရာပြည်နယ်ပြင်ပ) = 450 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ရိုဟင်ဂျာများသည် ရခိုင်ပြည်နယ်တွင် စုဝေးနေထိုင်ကြသဖြင့် ရိုဟင်ဂျာများနှင့် ၎င်းတို့၏အခွင့်အရေး အကာအကွယ်ပေးသော မူဝါဒများအပေါ် အာရက္ခ (ရခိုင်)လူမျိုး ဖြေကြားသူများ၏ အမြင်သဘောထားများကို ထည့်သွင်းစဉ်းစားရန် အရေးကြီးပါသည်။ ရိုဟင်ဂျာများနှင့် လူမျိုးမတူသူချင်း လက်ထပ်ထိမ်းမြားခြင်းအကြောင်း မေးမြန်းရာတွင် (ရခိုင်ပြည်နယ်တွင်း နေထိုင်သူနှင့် ရခိုင်

ပြည်နယ်ပြင်ပတွင် နေထိုင်သူ) အာရက္ခလူမျိုး ဖြေကြားသူများ အနက် ၇၂ ရာခိုင်နှုန်းက ဆန့်ကျင်သည်ဟုဆိုပါသည်။ လူမျိုးမတူသူချင်း လက်ထပ်ခြင်းကို ၂၇ ရာခိုင်နှုန်းက ဆန့်ကျင်သည်ဟု ဖော်ပြကြပြီး ၄၅ ရာခိုင်နှုန်းက ပြင်းထန်စွာဆန့်ကျင်သည်ဟု ဖော်ပြပါသည်။ အလားတူ ရိုဟင်ဂျာများကို ယုံကြည်မှု ရှိမရှိ မေးမြန်းရာ အာရက္ခလူမျိုး ဖြေကြားသူများ အနက် ၇၀ ရာခိုင်နှုန်းက မယုံကြည်ဟု ဆိုပါသည်။ ယင်းတို့အနက် ၃၄ ရာခိုင်နှုန်းက လွန်စွာမယုံကြည်ဟုဖော်ပြပါသည်။ ဆန့်ကျင်ဘက်အားဖြင့် အခြားပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအားလုံးအနက် ၁၇ ရာခိုင်နှုန်းကသာ သက်ဆိုင်ရာပြည်နယ်အတွင်းရှိ လူဦးရေအများဆုံး လူနည်းစုလူမျိုးတစ်ဦးနှင့် လူမျိုးမတူသူချင်း လက်ထပ်ထိမ်းမြားခြင်းကို ဆန့်ကျင်ကြပြီး ၂၈ ရာခိုင်နှုန်းကသာ မယုံကြည်ဟု ဖော်ပြကြပါသည်။ ဤတွေ့ရှိချက်များအရ ရိုဟင်ဂျာများအပေါ် ရန်လိုမှု ပြင်းထန်ကြောင်း ဖော်ပြလျက်ရှိပါသည်။

နိုင်ငံသားအခွင့်အရေးများနှင့် စပ်လျဉ်း၍ (ရခိုင်ပြည်နယ်တွင်းနှင့် ရခိုင်ပြည်နယ်ပြင်ပတွင် နေထိုင်ကြသော) အာရက္ခ(ရခိုင်) လူမျိုးဖြေကြားသူများအကြား ၂၆ ရာခိုင်နှုန်းကသာ နိုင်ငံသားအခွင့်အရေး အပြည့်အဝ ရရှိစေရေးကို ထောက်ခံကြောင်း ဖြေကြားကြပါသည်။ ရခိုင်ပြည်နယ် လွှတ်တော်တွင် ရိုဟင်ဂျာများအတွက် လွှတ်တော်ကိုယ်စားလှယ်နေရာများ ခွဲဝေသတ်မှတ်ပေးရေးကို ထောက်ခံ မထောက်ခံ မေးမြန်းရာတွင် မထောက်ခံသူ ၄၇ ရာခိုင်နှုန်းရှိပြီး ထောက်ခံသူ ၄၀ ရာခိုင်နှုန်းရှိသဖြင့် မထောက်ခံသူက ပိုမိုများပြားပါသည် (ပုံ ၂-၁၂ ကို ကြည့်ပါ)။ အခြား ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြားတွင် ဆန့်ကျင်သူ ၂၆ ရာခိုင်နှုန်းနှင့် ထောက်ခံသူ ၅၇ ရာခိုင်နှုန်း ရှိသဖြင့် နှိုင်းယှဉ်ကြည့်လျှင် ကွာခြားချက်မှာ လွန်စွာသိသာထင်ရှားပါသည်။ နောက်ဆုံးအနေဖြင့် ရိုဟင်ဂျာများအတွက် ရခိုင်ပြည်နယ်တွင် အစိုးရကျောင်းများ၌ ဘာသာစကားအတန်းများ သင်ကြားပေးခွင့်ပြုခြင်းဖြင့် ယဉ်ကျေးမှုပိုင်းလိုက်လျောညီထွေဆောင်ရွက်ပေးရေး မေးမြန်းရာ အာရက္ခလူမျိုး ဖြေကြားသူ ၄၆ ရာခိုင်နှုန်းက ထောက်ခံပြီး ၄၁ ရာခိုင်နှုန်းက ဆန့်ကျင်ပါသည် (ပုံ ၂-၁၂ ကို ကြည့်ပါ)။ ဤနေရာတွင်လည်း အခြား ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြားတွင် လူနည်းစုဘာသာစကား အတန်းများ ထည့်သွင်းသင်ကြားပေးရေး ထောက်ခံသူ ၇၁ ရာခိုင်နှုန်းနှင့် ဆန့်ကျင်သူ ၁၉ ရာခိုင်နှုန်းရှိခြင်းကြောင့် အာရက္ခလူမျိုး ဖြေကြားသူများနှင့် ကွာခြားမှု များပြားပါသည်။

## ၂-၅ ဘာသာရေးနှင့် နိုင်ငံရေး

ရလဒ်များကို ကြည့်ခြင်းဖြင့် လူမျိုးမရွေး ဗုဒ္ဓဘာသာဝင်များ အကြားတွင် မွတ်ဆလင်များကို သည်းမခံမှု ပြင်းထန်များပြား ကြောင်း တွေ့ရှိရပါသည်။


မြန်မာနိုင်ငံတွင် လူအုပ်စုများအကြား ပဋိပက္ခဖြစ်ခြင်းကို လူမျိုးအလိုက် ဖြစ်သည်ဟု ရှုမြင်လေ့ရှိသော်လည်း ယင်းတင်းမာမှုများတွင် ဘာသာရေး အပိုင်းကဏ္ဍလည်း ပါဝင်လျက်ရှိပြီး အစ္စလာမ်ကြောက်ရောဂါနှင့် မွတ်ဆလင် ဆန့်ကျင်ရေး စိတ်ခံစားမှုများကိုဖြန့်ဖြူးသည့် မဘသကဲ့သို့သော ဗုဒ္ဓဘာသာဝင် အမျိုးသားရေးဝါဒီ အုပ်စုများ အင်အားကြီးထွားလာခြင်းကြောင့် တင်းမာမှု ပိုမိုဆိုးဝါးလာပါသည်။ ဤအပိုင်းတွင် ဘာသာရေးသည်းခံမှုကို လေ့လာထား ပါသည်။ ရလဒ်များကို ကြည့်ခြင်းဖြင့် လူမျိုးမရွေး ဗုဒ္ဓဘာသာဝင်များအကြား တွင် မွတ်ဆလင်များကို သည်းမခံမှု အားကောင်းကြောင်း တွေ့ရှိရပါသည်။ သို့သော် ပညာရေး၊ မြို့ပြတွင်နေထိုင်ခြင်း၊ မိမိ၏ ဘာသာရေး ဝိသေသ လက္ခဏာကို တစ်ယူသန်စွဲယူမှုနည်းပါးခြင်း အပါအဝင် လူတစ်ဦးချင်းဆိုင်ရာ သွင်ပြင်လက္ခဏာများသည် ဘာသာရေးသည်းခံမှုအဆင့် ပိုမိုမြင့်မားခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရာတွင် မွတ်ဆလင်အများ အပြားနှင့် ရိုဟင်ဂျာများကို ဖယ်ထုတ်ထားခဲ့ပါသည်။ ယင်းသန်းခေါင်စာရင်း အရ မြန်မာနိုင်ငံ လူဦးရေ၏ ၉၀ ရာခိုင်နှုန်း နီးပါးမှာ ဗုဒ္ဓဘာသာများဖြစ်သည် ဟု ရေတွက်ရရှိပါသည်။ ချင်း၊ ကချင်နှင့် ကရင်နီ လူမျိုးများမှလွဲ၍ ဗမာများ အပါအဝင် တိုင်းရင်းသားလူမျိုးအများစုမှာ ဗုဒ္ဓဘာသာဝင်များ အများစု ဖြစ် ပါသည်။ ချင်း၊ ကချင်နှင့် ကရင်နီ လူမျိုးသုံးမျိုးမှာ ခရစ်ယာန်ဘာသာဝင် အများစုဖြစ်သည်ဟု ကျယ်ပြန့်စွာ ထင်မြင်ယူဆကြပါသည်။ ဇယား ၂-၃ တွင် ဖော်ပြထားသည့် နမူနာတွင် ပါဝင်သူများကို ခွဲခြားဖော်ပြချက်သည် လည်း ယင်းယူဆချက်နှင့် ကိုက်ညီပါသည်။

ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) တွင် မြန်မာနိုင်ငံကို ဘာသာရေးနှင့် နိုင်ငံရေး မရောယှက်သော နိုင်ငံအဖြစ် မျှော်မှန်းထားပြီး မြန်မာပြည်သူလူထု အကြားတွင် ယင်းရှုမြင်ပုံကို ထောက်ခံမှု အားကောင်းသည်ဟု ထင်မြင်ယူဆကြပါသည်။

ဗုဒ္ဓဘာသာသည် မြန်မာနိုင်ငံတွင် လူများစု သက်ဝင်ယုံကြည်သော ဘာသာဖြစ်ရုံမျှမက နိုင်ငံအတွင်းတွင်လည်း ယခင်က အထူးအဆင့်အတန်း ရှိခဲ့ပါသည်။ သို့သော် ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) တွင် မြန်မာနိုင်ငံ ကို ဘာသာရေးနှင့် နိုင်ငံရေး မရောယှက်သော နိုင်ငံအဖြစ် မျှော်မှန်းထားပြီး မြန်မာပြည်သူလူထုအကြားတွင် ယင်းရှုမြင်ပုံကို ထောက်ခံမှုအားကောင်းသည် ဟု ထင်မြင်ယူဆကြပါသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းတွင် ဖြေကြားသူ ၈၁

ပုံ ၂-၁၂ လူနည်းစုအလေးပေးမှုဝါဒများကို အာရက္ခ(ရခိုင်)လူမျိုးများ၏ ထောက်ခံမှု




*မှတ်ချက်* - N (အာရက္ခ) = 131 ၊ 133 ။ N (အခြား) = 554 ၊ 516 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ရာခိုင်နှုန်းက မြန်မာနိုင်ငံသည် ဘာသာရေးနှင့် နိုင်ငံရေး မရောယှက်သော နိုင်ငံ ဖြစ်သင့်သည်ဟု ဖော်ပြကြပါသည်။ ထို့အပြင် ၉၆ ရာခိုင်နှုန်းက ဘာသာရေးလူနည်းစုများသည် မိမိတို့ သက်ဝင်ယုံကြည်သည့် ဘာသာကို လွတ်လပ်စွာ ယုံကြည်ကိုးကွယ်နိုင်သင့်ကြောင်း ဖော်ပြကြပါသည်။

ဘာသာရေးနှင့် နိုင်ငံရေး မရောယှက်သော နိုင်ငံဖြစ်စေရေး ထောက်ခံမှုနှင့် ဘာသာရေးလွတ်လပ်ခွင့်ကို ထောက်ခံမှုရှိခြင်းကြောင့် ဘာသာရေး

သည်းခံမှု အထူးသဖြင့် မည်သည့်ဘာသာကို ယုံကြည်ကိုးကွယ်သည်ဖြစ်စေ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်များကို အသိအမှတ်ပြုမှုလည်း ရှိလိမ့်မည်ဟု ယတိပြတ်မဆိုနိုင်ပါ။ ဘာသာရေးလူနည်းစုများကို ရန်ပြုညှင်းပန်းမှုနှင့် အစိုးရက ခွင့်ပြုထားသော အကြမ်းဖက်မှု သမိုင်းကြောင်း ရှည်လျားခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ ပကတိအခြေအနေတွင် ဘာသာရေးလူနည်းစုများ၏ အခွင့်အရေးများကို အထူးအာရုံစူးစိုက်သင့်ပါသည်။

ဘာသာရေးလူနည်းစုများ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်များနှင့် စပ်လျဉ်း၍ ဘာသာရေးလူများစုများ၏ သဘောထားကို တိုင်းတာသိရှိရန် ဤလေ့လာချက်တွင် ဗုဒ္ဓဘာသာဝင် ဖြေကြားသူများအား အောက်ဖော်ပြပါ အဆိုနှင့် စပ်လျဉ်း၍ မိမိတို့၏အမြင်ကို ဖော်ပြစေခဲ့ပါသည်။

**ဇယား ၂-၃ စစ်တမ်း နမူနာတွင် ပါဝင်သူများကို လူမျိုးဘာသာအလိုက် ခွဲခြားဖော်ပြချက်**

| လူမျိုး | ဗုဒ္ဓဘာသာဝင် | မွတ်ဆလင် | ခရစ်ယာန်ဘာသာဝင် |
|---|---|---|---|
| **ကချင်** | ၁၁.၈ | ၀.၄ | ၈၆.၁ |
| **ကရင်** | ၆၁.၄ | ၃.၃ | ၃၄.၀ |
| **ချင်း** | ၁၄.၇ | ၁.၇ | ၈၁.၀ |
| **မွန်** | ၉၁.၅ | ၁.၈ | ၄.၉ |
| **ဗမာ** | ၉၅.၂ | ၁.၃ | ၀.၉ |
| **အာရက္ခ(ရခိုင်)** | ၉၅.၄ | ၁.၅ | ၀.၅ |
| **ရှမ်း** | ၈၉.၀ | ၃.၃ | ၅.၉ |

*မှတ်ချက်* - နမူနာတွင် ပါဝင်သည့်အရေအတွက် ကန့်သတ်ချက်များကြောင့် ကရင်နီကို ထည့်သွင်းဖော်ပြနိုင်ခြင်းမရှိပါ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ


'[မွတ်ဆလင်/ခရစ်ယာန်/ဟိန္ဒူ] ဘာသာဝင်လူတစ်ဦးချင်းသည် ၎င်းတို့ဆန္ဒရှိပါက မြန်မာနိုင်ငံတွင် အများပြည်သူဆိုင်ရာ ရာထူးတာဝန်များ (ဥပမာ လွှတ်တော်ကိုယ်စားလှယ်) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ရာထူးရယူတာဝန် ထမ်းဆောင်ခြင်းများ ပြုလုပ်နိုင်သင့်သည်။' ကွင်းအတွင်းရှိ စာသားနေရာတွင် မြန်မာနိုင်ငံရှိ လူနည်းစုဘာသာ အဓိကအားဖြင့် သုံးဘာသာရှိသည့်

အနက်မှ တစ်ဘာသာကို ဖော်ပြပါသည်။ ပုံ ၂-၁၃ တွင် ဖော်ပြထားသည့် အတိုင်း ဗုဒ္ဓဘာသာဝင်များသည် ခရစ်ယာန်များနှင့် စပ်လျဉ်း၍ ဘာသာရေး သည်းခံမှုအဆင့် အမြင့်မားဆုံးဖော်ပြကြပါသည်။ ၇၅ ရာခိုင်နှုန်းက ခရစ်ယာန် များ၏ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်ကို ထောက်ခံကြပါသည်။ သို့သော် မွတ်ဆလင်များအတွက် ထောက်ခံမှုမှာ အလွန်နည်းပါးပြီး ဗုဒ္ဓဘာသာဝင် ဖြေကြားသူ ၄၅ ရာခိုင်နှုန်းကသာ မွတ်ဆလင်များ၏ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ခွင့်ကို ထောက်ခံကြပါသည်။ လူနည်းစုများ နိုင်ငံရေးတွင် ပါဝင် ဆောင်ရွက်ခြင်းအပေါ် ဆန့်ကျင်မှုအဆင့်ကိုလေ့လာပါက ဤမလိုမုန်းထားမှု မှာ ပိုမို၍ပင်ထင်ရှားပါသည်။ ဗုဒ္ဓဘာသာဝင် ၁၅ ရာခိုင်နှုန်းနီးပါးက ခရစ်ယာန် များအတွက်ဖော်ပြပါ နိုင်ငံရေးအခွင့်အရေးများကို သဘောမတူကြောင်း ဖော်ပြ ကြပြီး မွတ်ဆလင်များအတွက်ဆိုပါက ယင်းကိန်းဂဏန်းမှာ နှစ်ဆကျော် အထိ မြင့်တက်လာပြီး ၄၂ ရာခိုင်နှုန်းရှိပါသည်။ အကျဉ်းအားဖြင့် မြန်မာနိုင်ငံ တွင် ဗုဒ္ဓဘာသာဝင်များအကြား မွတ်ဆလင်လူနည်းစုများကို သည်းမခံမှု များ ပြားပါသည်။

မြန်မာနိုင်ငံတွင် ဘာသာရေးသည်းခံမှုကို ဆက်လက်၍ လေ့လာဖော် ထုတ်နိုင်ရန် ခရစ်ယာန်များက ဟိန္ဒူများနှင့် မွတ်ဆလင်များအပေါ် ရှုမြင်ပုံ ကိုလည်း လေ့လာခဲ့ပါသည်။[၁၄] ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ လူဦးရေ၏ ၆.၃ ရာခိုင်နှုန်းမှာ ခရစ်ယာန်ဘာသာဝင်များ ဖြစ်ပါသည်။ ရာခိုင်နှုန်းအားဖြင့် နည်းပါးသော်လည်း ပြည်ထောင်စုအဆင့်အောက် ပြည်နယ် အဆင့်များတွင် အများစုကိုးကွယ်သည့် ဘာသာဖြစ်ပြီး ချင်းပြည်နယ်၌ ပြည်နယ်လူဦးရေ၏ ၈၅ ရာခိုင်နှုန်း ကိုးကွယ်ကြပါသည်။ ကယားပြည်နယ်၊

၁၄ ဟိန္ဒူများနှင့် မွတ်ဆလင်များက ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များကို မည်သို့ ရှုမြင်ကြောင်း မလေ့လာခဲ့ပါ။ ဗုဒ္ဓဘာသာဝင်များက ခရစ်ယာန်ဘာသာဝင်များ၊ ဟိန္ဒူများနှင့် မွတ်ဆလင်များကို မည်သို့ရှုမြင်ကြောင်းနှင့် ခရစ်ယာန်ဘာသာဝင်များက အခြားဘာသာရေး လူနည်းစုများကို မည်သို့ ရှုမြင်ကြောင်းကိုသာ အဓိကထားလေ့လာခဲ့ပါသည်။ ယင်းသို့ လေ့ လာခဲ့ခြင်းမှာ အကြောင်းနှစ်ရပ်ရှိပါသည်။ ပထမအကြောင်းမှာ နမူနာကောက်ယူရာတွင် ဟိန္ဒူ များနှင့် မွတ်ဆလင်များ ပါဝင်သည့်အရေအတွက် အလွန်နည်းပါးသဖြင့် ၎င်းတို့၏ ရှုမြင်ပုံများ နှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ရှိသောကောက်ချက်များ ထုတ်ယူနိုင်ခြင်းမရှိပါ။ ဒုတိယအကြောင်းမှာ ဗုဒ္ဓဘာသာဝင်များနှင့် ခရစ်ယာန်ဘာသာဝင်များသည် လူဦးရေများပြားပြီး ဗုဒ္ဓဘာသာဝင် များက ဘာသာရေးလူနည်းစုများကို ရှုမြင်ပုံနှင့် ခရစ်ယာန်ဘာသာဝင်များက အခြားဘာသာ ရေးလူနည်းစုများကို ရှုမြင်ပုံတို့သည် မူဝါဒများအပေါ် သက်ရောက်မှု ရှိနိုင်ခြင်းကြောင့် ဖြစ် ပါသည်။

**ပုံ ၂-၁၃ ဘာသာရေးလူနည်းစုများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို ဗုဒ္ဓဘာသာဝင် ဖြေကြားသူများအကြား ထောက်ခံမှု**





*မှတ်ချက်* - N (ဗုဒ္ဓဘာသာဝင်များ) = 820 ။ 795 ။ 802 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်နယ်လူဦးရေ၏ ၄၅ ရာခိုင်နှုန်း၊ ၃၄ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်း အသီးသီး ရှိသဖြင့် အချိုးအစားအားဖြင့် အတော်အတန် များပြားပါသည်။ မွတ်ဆလင်များ နိုင်ငံရေးတွင်ပါဝင်ခွင့်နှင့် စပ်လျဉ်း၍ ခရစ်ယာန်ဘာသာဝင် ဖြေကြားသူ ထက်ဝက်က ထောက်ခံကြပြီး အထူးထောက်ခံသူများမှာ ၂၆ ရာခိုင်နှုန်းသာ ရှိပါသည်။ ဟိန္ဒူများနိုင်ငံရေးတွင် ပါဝင်ခွင့်နှင့် စပ်လျဉ်း၍ ခရစ်ယာန်ဘာသာဝင် ဖြေကြားသူ ၅၅ ရာခိုင်နှုန်းက ထောက်ခံကြပြီး အထူးထောက်ခံသူများမှာ ၂၈ ရာခိုင်နှုန်း ရှိပါသည် (ပုံ ၂-၁၄ ကို ကြည့်ပါ)။

**ပုံ ၂-၁၄ ခရစ်ယာန်ဘာသာဝင်ဖြေကြားသူများအကြား ဘာသာရေးလူနည်းစုများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို ထောက်ခံမှု**





*မှတ်ချက်* - N (ခရစ်ယာန်ဘာသာဝင်များ) = 216 ၊ 216 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင်ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ထိတ်လန့်ဖွယ်ရာ တွေ့ရှိချက်တစ်ရပ်မှာ ဗမာများနှင့် လူနည်းစုလူမျိုးများသည် မွတ်ဆလင်လူနည်းစုများအပေါ် အနုတ်လက္ခဏာ သဘောဆောင်သော အလားတူသဘောထားများ ရှိကြခြင်းဖြစ်ပါသည်။ ပုံ ၂-၁၅ တွင် တွေ့မြင်နိုင်သည့်အတိုင်း မွတ်ဆလင်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဗမာများနှင့် လူနည်းစုလူမျိုးများအကြား စာရင်းအင်းပိုင်းအားဖြင့် ကွာခြားမှုမရှိပါ။ ဤတွေ့ရှိချက်မှာ မြန်မာနိုင်ငံ လူ့အဖွဲ့အစည်းတွင် လူများစုလူမျိုးအတွင်း၌သာမက အခြားလူမျိုးများအကြားတွင်လည်း အစ္စလာမ်ကြောက် ရောဂါပြန့်နှံ့နေသည့်အတိုင်းအတာကို အလေးအနက် ဖော်ပြလျက်ရှိပါသည်။ အံ့သြဖွယ်ရာမဟုတ်သောအချက်မှာ မြို့ပြတွင်နေထိုင်သူများနှင့် တက္ကသိုလ်ပညာ တက်ရောက်သင်ကြားခဲ့သူများသည် မွတ်ဆလင်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို ပိုမို၍ထောက်ခံကြခြင်းနှင့် ဘာသာရေး

ဝိသေသလက္ခဏာ ယုံကြည်သက်ဝင်မှု ပိုမိုအားကောင်းသူများသည် မွတ်ဆလင်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို ပိုမို၍ဆန့်ကျင်ကြခြင်း ဖြစ်ပါသည် (ပုံ ၂-၁၅ ကို ကြည့်ပါ)။

**ပုံ ၂-၁၅ မွတ်ဆလင်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းကို ထောက်ခံမှုနှင့် ဆက်စပ်ကိန်း**




*မှတ်ချက်* - ယုံကြည်မှုအတိုင်းအတာ (confidence interval) များမှာ ၉၅ ရာခိုင်နှုန်း။ N = 701 ။ မှီခိုကိန်းရှင် (dependent variable) ကို ၄ မှတ်ပါသော စကေးဖြင့် တိုင်းတာပါသည်။ ဘာသာရေးဝိသေသလက္ခဏာ အရေးပါမှု အတိုင်းအတာကို စံကိုက် (standardize) ပြုလုပ်ထားပြီး အခြား လွတ်လပ်ကိန်းရှင် (independent variable) များအားလုံးမှာ ဝ-၁ စကေးဖြင့် တိုင်းတာထားပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## ၂-၆ နိုင်ငံရေးစနစ်များနှင့် နိုင်ငံတော်အဖွဲ့အစည်း (အင်စတီကျူးရှင်း) များဆိုင်ရာ လိုလားချက်များ

ယခင်အပိုင်းများတွင် လူအုပ်စုများအကြား ရေပြင်ညီ ဆက်ဆံရေးကို အဓိက ဖော်ပြခဲ့သော်လည်း ဤအပိုင်းတွင် လူတစ်ဦးချင်းနှင့် နိုင်ငံတော် အကြား အထက်အောက် ဆက်ဆံရေးကို အဓိကဖော်ပြပါထားပါသည်။ အထူးသဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးကို ထောက်ခံမှုနှင့် ဖက်ဒရယ်ဒီမိုကရေစီကို

ထောက်ခံမှုတို့ကို လေ့လာထားပါသည်။ ဖက်ဒရယ်ဒီမိုကရေစီနှင့် စပ်လျဉ်း၍ မေးမြန်းရာတွင် လူတစ်ဦးချင်း၏ ဖက်ဒရယ်ဒီမိုကရေစီကို သိရှိနားလည်ပုံ၊ နယ်မြေစုဖွဲ့ပုံ၊ အာဏာခွဲဝေမှုတို့အတွက် လိုလားချက်များကို ပိုမို၍နက်ရှိုင်းစွာ စူးစမ်းလေ့လာခဲ့ပါသည်။ ဖက်ဒရယ်စနစ်သည် ပုံစံအမျိုးမျိုး ရှိသော်လည်း မြန်မာနိုင်ငံတွင် လူပြောအများဆုံးဖြစ်သည့် လူမျိုးဗဟိုပြု ဖက်ဒရယ်စနစ် (ethnofederalism) ကို ကျင့်သုံးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို အဓိက လေ့လာထားပါသည်။

ယေဘုယျအားဖြင့် လူနည်းစုလူမျိုးများအကြားတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံမှုအဆင့် မြင့်မားပါသည်။ မိမိလူမျိုးအပေါ် ဂုဏ်ယူမှုအားကောင်းလေလေ ထောက်ခံမှုများပြားလေလေဖြစ်ပြီး နိုင်ငံအပေါ် ဂုဏ်ယူမှုများပြားလေလေ ထောက်ခံမှု နည်းပါးလေလေ ဖြစ်ပါသည်။ ဖြေကြားသူများအကြားတွင် ဖက်ဒရယ် ဒီမိုကရေစီကို သိရှိနားလည်ပုံ အမျိုးမျိုးဖြစ်နေသော်လည်း လူအုပ်စုခွဲအသီးသီးတွင် ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှုမှာ အမြဲတစေမြင့်မားပြီး နိုင်ငံရေးအာဏာကို ပြည်နယ်အဆင့်သို့ ဗဟိုချုပ်ကိုင်မှု လျှော့ချထားရှိရန် လိုလားကြပါသည်။ ‘ဗမာပြည်နယ်’ ဖွဲ့စည်းတည်ထောင်ရေးနှင့်စပ်လျဉ်း၍ လက်ရှိအနေအထားအတိုင်း ဆက်လက်ထားရှိလိုကြပါသည်။

## ၂-၆-၁ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အလိုရှိခြင်း

အမျိုးသားရေးဝါဒသည် ယနေ့ကမ္ဘာတွင် လူမျိုးရေးပဋိပက္ခ အများအပြား၏ ဗဟိုအချက်အချာ နေရာတွင်ရှိပါသည်။ ဤအငြင်းပွားမှုရှိပြီး ရှုပ်ထွေးသော အမျိုးသားရေးဝါဒ အယူအဆကို အများစုလက်ခံထားသော အဓိပ္ပာယ်ဖော်ပြချက်တစ်ရပ်တွင် 'နိုင်ငံနှင့် လူမျိုး ထပ်တူဖြစ်သင့်သည်’ (‘the political and the national unit should be congruent’) ဟု ဆိုပါသည် (Gellner 1983)။ ဤနေရာတွင် နိုင်ငံရေးယူနစ်ဆိုသည်မှာ အချုပ်အခြာအာဏာပိုင် နိုင်ငံတော်ကိုဆိုလိုပြီး လူမျိုးအလိုက် ယူနစ်ဆိုသည်မှာ ယဉ်ကျေးမှုတူအုပ်စုကို ဆိုလိုပါသည်။ အထူးသဖြင့် ဒုတိယကမ္ဘာစစ်ပြီးနောက် လူနည်းစုလူမျိုးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းဆိုမှုများ များပြားလာပြီး မိမိတို့ကိုယ်ပိုင် နိုင်ငံတည်ထောင်ခြင်းဖြင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အကောင်းဆုံး ရရှိနိုင်သည်ဟု ယူဆလာကြပါသည်။ မြန်မာနိုင်ငံရှိ လူနည်းစုတိုင်းရင်းသားလူမျိုးအများအပြားမှာလည်း အလားတူပင်ဖြစ်ပါသည်။

ထို့ကြောင့် နမူနာတွင် ပါဝင်သော လူနည်းစုလူမျိုး အများစု (၅၅ ရာခိုင်နှုန်း) က မိမိတို့ အုပ်စုအတွက် လွတ်လပ်သော နိုင်ငံကိုယ်ပိုင် ရှိသင့်သည်ဟု ဖြေဆိုကြသည်မှာ အံ့သြဖွယ်ရာမဟုတ်ပေ။[၁၅] ဤရာခိုင်နှုန်းသည် ၂၀၂၂ ခုနှစ် စစ်တမ်းကောက်ယူစဉ်ကထက် ရာခိုင်နှုန်းများစွာ ပိုမိုလာပါသည်။ ထိုစဉ်က ဖြေကြားသူ ငါးပုံတစ်ပုံက လွတ်လပ်သောပြည်နယ်ဖြစ်သင့်သည်ဟု ဖြေကြားခဲ့ပြီး 'ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရရှိသည့် နယ်မြေဒေသဖြစ်ခြင်း'ကို ဆိုလိုပါသည်။ ဤသို့ ကွာခြားခြင်းမှာ နမူနာတွင် ပါဝင်သူများ၏ သွင်ပြင်လက္ခဏာများနှင့် မေးခွန်းမေးမြန်းသည့် ပုံစံတို့ မတူညီခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းတွင် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် နမူနာကို ကောက်ယူခဲ့ပြီး ဖြေကြားသူအများစုမှာ ဗမာလူမျိုးဖြစ်ပါသည်။ မေးခွန်းတွင်လည်း ဖြေကြားသူများအနေဖြင့် အနာဂတ်စနစ်များအတွက် ရွေးချယ်နိုင်သည့် ပုံစံများကို တစ်မျိုးစီခွဲ၍ပေးမထားဘဲ စနစ်လေးခုကိုသာ ရွေးချယ်ရန်ပေးထားပါသည်။[၁၆]

ယခုစစ်တမ်းသည် ၂၀၂၂ ခုနှစ် စစ်တမ်းနှင့် ကွာခြားသည့် နောက်တစ်ပိုင်းမှာ လွတ်လပ်သော ပြည်နယ်ဖြစ်သင့်သည်ဟု ထောက်ခံဖြေကြားသူများအား မိမိတို့လူမျိုးအတွက် လွတ်လပ်သောနိုင်ငံ ထူထောင်ပြီးနောက် နိုင်ငံတကာအသိုက်အဝန်းက အသိအမှတ်ပြုမှုရရှိရန် မဖြစ်နိုင်ပါက လွတ်လပ်သော နိုင်ငံ ထူထောင်ရေးကို ထောက်ခံပါဦးမည်လောဟု နောက်ဆက်တွဲ မေးခွန်းမေးမြန်းခြင်းဖြစ်ပါသည်။ ၄၄ ရာခိုင်နှုန်းက ယင်းသို့သော ကြိုးပမ်းမှုကို 'အခိုင်

---

၁၅ လူနည်းစုလူမျိုးများ လွတ်လပ်ရေးရယူရေး ထောက်ခံမှုအတိုင်းအတာကို တိုင်းတာသိရှိရန် ဖြေကြားသူများအား ဤအဆိုကို မည်သည့်အတိုင်းအတာအထိ သဘောတူညီကြောင်း မေးမြန်းခဲ့ပါသည်။ ''[Ethnic group] လူမျိုးဟာ ကိုယ်ပိုင်နိုင်ငံ ('[Ethnic] နိုင်ငံ")အနေနဲ့ ရပ်တည်သင့်ပါတယ်။'' ကွင်းအတွင်းရှိစာသားမှာ ဖြေကြားသူက စစ်တမ်းအစပိုင်းတွင် မည်သည့်လူမျိုးဖြစ်ကြောင်း ဖြေကြားခဲ့သည့်အတိုင်း ဖော်ပြပါသည်။ ဖြေကြားသူသည် ကချင်လူမျိုးဖြစ်ပါက အဆိုမှာ 'ကချင်လူမျိုးဟာ ကိုယ်ပိုင်ကချင်နိုင်ငံအနေနဲ့ ရပ်တည်သင့်ပါတယ်' ဟု ဖော်ပြပါသည်။

၁၆ ၂၀၂၂ ခုနှစ် စစ်တမ်းမေးခွန်းတွင် 'အနာဂတ်မြန်မာနိုင်ငံတွင် ကျင့်သုံးသင့်သည့် အစိုးရပုံစံကို စဉ်းစားလျက် အောက်ပါတို့အနက် မည်သည့်ပုံစံသည် အသင့်တော်ဆုံးဟု ထင်မြင်ယူဆပါသနည်း။' ဟု မေးမြန်းခဲ့ပြီး ရွေးချယ်ရန် အဖြေ ငါးခု (၁) ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရပုံစံကိုပင် ဆက်လက်ကျင့်သုံးသင့်သည် (၂) ဖက်ဒရယ်ဒီမိုကရေစီနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် မူဘောင်အတွင်း ပြည်နယ်များနှင့် တိုင်းဒေသကြီးများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ကိုယ်တိုင်အချို့သောဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည့် အာဏာရှိသင့်သည် (၃) စစ်တပ်က တည်ထောင်ထားရှိသည့် နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီလက်အောက်တွင် ဆက်လက်၍ ရှိသင့်သည် (၄) မိမိနေရပ် ပြည်နယ်သည် လွတ်လပ်သော ပြည်နယ်ဖြစ်သင့်သည် (၅) ထင်မြင်ချက်မရှိပါ/မသိပါ တို့အနက် တစ်ခုကို ရွေးချယ်ဖြေဆိုပေးရန်ဖြစ်ပါသည်။

အမာထောက်ခံသည်' ဟု ဆိုပြီး ၂၈ ရာခိုင်နှုန်းက 'အတော်အတန် ထောက်ခံသည်' ဟု ဆိုပါသည်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရှိ လူနည်းစုလူမျိုးများအကြားတွင် လူမျိုးအခြေပြု ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ရရှိလိုသည့်ဆန္ဒ အားကောင်းပါသည်။

သို့ရာတွင် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကွာခြားချက် များပြားကြောင်း သတိပြုရန် အရေးကြီးပါသည်။ အာရက္ခ (ရခိုင်)နှင့် ကချင်လူမျိုး ဖြေကြားသူများက လွတ်လပ်ရေးကို ထောက်ခံမှုအများဆုံးဖြစ်ပြီး မိမိတို့ လူမျိုးတွင် လွတ်လပ်သော နိုင်ငံရှိသင့်ကြောင်း 'သဘောတူညီသည်' ဟု ဖြေကြားသူနှင့် 'အခိုင်အမာသဘောတူညီသည်' ဟုဖြေကြားသူ ၈၃ ရာခိုင်နှုန်းနှင့် ၇၁ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ သိသာစွာ ကွာခြားချက်မှာ မွန်လူမျိုးနှင့် ရှမ်းလူမျိုး ဖြေကြားသူများအနက် သဘောတူညီသူများမှာ ထက်ဝက်မပြည့်ပါ (ပုံ ၂-၁၆ ကို ကြည့်ပါ)။ လူတစ်ဦးချင်းအဆင့်တွင် လူမျိုးအပေါ်ဂုဏ်ယူမှုသည် လွတ်လပ်ရေးကိုလိုလားခြင်းနှင့် တိုက်ရိုက်ဆက်စပ်မှုရှိပြီး နိုင်ငံအပေါ် ဂုဏ်ယူမှုသည် ပြောင်းပြန်ဆက်စပ်မှုရှိပါသည် (ပုံ ၂-၁၇ ကို ကြည့်ပါ)။ တစ်နည်း အားဖြင့် လူမျိုးအပေါ် ဂုဏ်ယူမှုများပြားသည်နှင့်အမျှ လွတ်လပ်ရေးကို ပိုမို၍ အလိုရှိကြပါသည်။ တဖန် နိုင်ငံအပေါ်ဂုဏ်ယူမှု များပြားသည်နှင့်အမျှ လွတ်လပ်ရေးကို အလိုရှိမှုလျော့နည်းကျဆင်းသွားပါသည်။

လူမျိုးအပေါ် ဂုဏ်ယူမှုများပြားသည်နှင့်အမျှ လွတ်လပ်ရေးကို ပိုမို၍ အလိုရှိကြပါသည်။ အလားတူ နိုင်ငံအပေါ် ဂုဏ်ယူမှုများပြားသည်နှင့်အမျှ လွတ်လပ်ရေးကို အလိုရှိမှု လျော့နည်းကျဆင်း သွားပါသည်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ထောက်ခံမှုသည် လူဦးရေဆိုင်ရာ သွင်ပြင်လက္ခဏာများအလိုက်လည်း ကွာခြားပါသည်။ ပုံ ၂-၁၇ တွင်ဖော်ပြထားသည့်အတိုင်း ဗုဒ္ဓဘာသာဝင်များနှင့် မြို့ပြတွင်နေထိုင်သူ လူနည်းစုလူမျိုးအကြား လွတ်လပ်ရေးကို အလိုရှိမှုနည်းပါးပါသည်။ သို့ရာတွင် သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်တွင် နေထိုင်ကြသူများ (ဥပမာ ကချင်ပြည်နယ်တွင် နေထိုင်ကြသော ကချင်များ) နှင့် လူငယ်များသည် အခြားလူနည်းစုလူမျိုးများနှင့် နှိုင်းယှဉ်လျှင် လွတ်လပ်ရေးကို ပိုမို၍လိုလားကြပါသည်။ ဤတွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် လူနည်းစုလူမျိုးများအကြား လွတ်လပ်ရေးကို အလိုရှိမှုသည် ပုံသေမဟုတ်ဘဲ ပကတိအခြေအနေအလိုက် အပြောင်းအလဲဖြစ်နိုင်ကြောင်း ညွှန်ပြနေပါသည်။ ထို့အပြင် ဖက်ဒရယ်စနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကဲ့သို့သော နိုင်ငံရေးစနစ်များနှင့် အင်စတီကျူးရှင်း (နိုင်ငံတော်အဖွဲ့အစည်း) များသည် နိုင်ငံရေးပါဝင်ဆောင်ရွက်ရန် အခွင့်အလမ်းများနှင့်

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တိုးတက်ရရှိစေနိုင်ပါသည်။ နောက်အပိုင်းများတွင် ယင်းသို့သော အင်စတီကျူးရှင်းများကို ဖြေကြားသူများအနေဖြင့် မည်သို့ရှုမြင်ကြောင်း လေ့လာဖော်ပြထားပါသည်။

## ၂-၆-၂ ဒီမိုကရေစီကို ထောက်ခံမှု


၂၀၂၂ ခုနှစ် စစ်တမ်းအရ ဒီမိုကရေစီကို အများဆုံးသိရှိနားလည်ကြပုံမှာ 'လူတိုင်းလွတ်လပ်စွာနေထိုင်နိုင်ပြီး မည်သူမျှခွဲခြားဆက်ဆံခြင်းမခံရဘဲ အများပြည်သူရေးရာများတွင် ပါဝင်ဆောင်ရွက်နိုင်' သောစနစ်ဟူ၍ ဖြစ်ပါသည်။ 'ဒီမိုကရေစီသည် ပြီးပြည့်စုံခြင်းမရှိသည့်တိုင် လက်ရှိအကောင်းဆုံးစနစ် ဖြစ်သည်' ဟူသော အဆိုကို မည်သည့်အတိုင်းအတာအထိ ထောက်ခံကြောင်း မေးမြန်းသောအခါ တိုင်းဒေသကြီးများတွင် နေထိုင်သောဗမာများအနက် ၈၅ ရာခိုင်နှုန်း၊ ပြည်နယ်များတွင် နေထိုင်သူ ဗမာများအနက် ၈၁ ရာခိုင်နှုန်းက သဘောတူညီသည်ဟု ဖြေကြားကြပါသည်။ ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြားတွင် သက်ဆိုင်ရာတိုင်းရင်းသား ပြည်နယ်တွင် နေထိုင်ကြသူများအနက် ၈၁ ရာခိုင်နှုန်း၊ သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ် ပြင်ပတွင် နေထိုင်ကြသူများအနက် ၈၅ ရာခိုင်နှုန်းက သဘောတူညီကြပါသည် (ပုံ ၂-၁၈ ကို ကြည့်ပါ)။ ယင်းတွေ့ရှိချက်များအရ မြန်မာနိုင်ငံပြည်သူလူထုအတွက် အနည်းဆုံးအားဖြင့် သဘောတရား အယူအဆအဆင့်တွင် ဒီမိုကရေစီ၏ အရေးပါမှုကို အထင်အရှား ဖော်ပြနေပါသည်။

## ၂-၆-၃ ဖက်ဒရယ်ဒီမိုကရေစီကို သိရှိနားလည်ပုံ

သို့ပင်ဖြစ်သော်လည်း လက်ရှိဆက်လက်ဆင်နွှဲနေသည့် တော်လှန်ရေးတွင် ဖက်ဒရယ်ဒီမိုကရေစီမှာ အချက်အချာဖြစ်သောကြောင့် သာမန်ပြည်သူလူထုအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီကို မည်သို့ သိရှိနားလည်ကြကြောင်း ၂၀၂၄ ခုနှစ် လေ့လာချက်တွင် အသေးစိတ် လေ့လာထားပါသည်။ သာမန်ပြည်သူလူထုအနေဖြင့် ဖက်ဒရယ်ဒီမိုကရေစီကို မည်သို့ သိရှိနားလည်ကြပါသနည်း။ ဖက်ဒရယ်ဒီမိုကရေစီ အယူအဆကို သိရှိနားလည်ပုံနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြပါရန်မေးမြန်းသောအခါ[၁၇] ဖြေကြားချက်များအရ သိရှိနား

၁၇ 'ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို ဘယ်လိုနားလည်ပါသလဲ' ဟု မြန်မာဘာသာဖြင့် မေးမြန်းပါသည်။

### ပုံ ၂-၁၆ ကိုယ်ပိုင်နိုင်ငံတည်ထောင်ရေး ထောက်ခံမှု




*မှတ်ချက်* - ဤမေးခွန်းအတွက် လူမျိုးတစ်မျိုးလျှင် ဖြေကြားသူအရေအတွက် ၁၀၀ မှ ၂၂၈ ဦး ရှိပါသည်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဆိုင်ရာ ဤမေးခွန်းကို ကရင်နီလူမျိုးနှင့် ပအိုဝ်းကဲ့သို့သော ပြည်နယ်အမည်မရ လူနည်းစုလူမျိုးများကို မေးမြန်းခဲ့သော်လည်း ယင်းအုပ်စုများအတွက် နမူနာတွင် ပါဝင်သည့်အရေအတွက် နည်းပါးလွန်းသဖြင့် ၎င်းတို့၏ ဖြေကြားချက်ရလဒ်များကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ


လည်ပုံ အမျိုးမျိုးရှိကြောင်းတွေ့ရှိရပြီး[၁၈] အများပါဝင်မှု (inclusion)၊ ငြိမ်းချမ်းရေး (peace)၊ တရားမျှတမှု (justice)၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့် (autonomy)၊ အာဏာခွဲဝေမှု (power-sharing) နှင့် ဒီမိုကရေစီ (democracy) တို့ကို ရည်ညွှန်းလျက် ထည့်သွင်းဖြေကြားကြပါသည်။[၁၉]

---

၁၈ 'နားမလည်ပါ' သို့မဟုတ် 'အသေအချာမသိရှိပါ' ဟု ဖြေကြားသူ များပြားကြောင်း သတိပြုသင့်ပါသည်။

၁၉ ဤလေ့လာချက်တွင် ပါဝင်သူ ၃,၂၂၁ ဦး အနက် ၃၀ ရာခိုင်နှုန်းခန့်သာလျှင် ဤမေးခွန်းကို ဖြေကြားကြပါသည်။

## ပုံ ၂-၁၇ ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများက လွတ်လပ်ရေးကို အလိုရှိမှု




*မှတ်ချက်* - ယုံကြည်မှုအတိုင်းအတာ (confidence interval) များမှာ ၉၅ ရာခိုင်နှုန်း။ n = 753 ။ မှီခိုကိန်းရှင် (dependent variable) ကို ၄-မှတ် စကေးဖြင့် တိုင်းတာပါသည်။ နိုင်ငံအပေါ်ဂုဏ်ယူမှုနှင့် လူမျိုးအပေါ်ဂုဏ်ယူမှု အတိုင်းအတာများကို စံကိုက် (standardized) ပြုလုပ်ထားပြီး အခြားလွတ်လပ်ကိန်းရှင် (independent variable) အားလုံးမှာ ၀-၁ စကေးဖြစ်ပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ဖြေကြားသူအများအပြားက ပြည်သူလူထုသည် အချုပ်အခြာအာဏာပိုင်ဖြစ်ကြောင်း အောက်ပါအတိုင်း ရည်ညွှန်းဖော်ပြကြပါသည်။


> ဖက်ဒရယ်ဒီမိုကရေစီဆိုတာ ပြည်သူလူထုက အုပ်ချုပ်တဲ့ အစိုးရစနစ်ဆိုတော့ ပြည်သူလူထု ကျေနပ်ပျော်ရွှင်ကြတယ်။ ဆန္ဒရှိသလို ပြောဆိုပြုမူနိုင်တဲ့ အခွင့်အရေး အပြည့်အဝရှိတယ်။ ဒါကြောင့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ကို အလွန်ကြိုက်နှစ်သက်တယ်။ (ရှမ်းလူမျိုးတစ်ဦး)

ဖြေကြားသူအများအပြားက ဖက်ဒရယ်ဒီမိုကရေစီကို လူ့အခွင့်အရေးများနှင့် တန်းတူညီမျှမှုရှိသော စနစ်ဟု ရှုမြင်ကြပါသည်။

> လူသားဂုဏ်သိက္ခာနဲ့ ဘဝနေထိုင်နိုင်အောင် အာမခံချက်ပေးတဲ့စနစ်လို့ မြင်ပါတယ်။ (အိန္ဒိယတစ်ဦး)

**ပုံ ၂-၁၈ အုပ်စုခွဲအလိုက် ဒီမိုကရေစီကို လိုလားမှု**

**ဒီမိုကရေစီသည် ပြီးပြည့်စုံမှု ရှိချင်မှ ရှိမည်ဖြစ်သော်လည်း လက်ရှိစနစ်များတွင် အကောင်းဆုံးဖြစ်သည်။**




*မှတ်ချက်* - N (ဗမာ) = 990 ၊ 433 ။ N (ပြည်နယ်အမည်ရလူနည်းစုလူမျိုး) = 613 ၊ 400 ။

*ရည်ညွှန်း* - International IDEA က ၂၀၂၂ ခုနှစ်တွင် ကောက်ယူခဲ့သော စစ်တမ်းမှရရှိသည့် အချက်အလက်များ

လူမျိုးတိုင်း အခွင့်အရေးတန်းတူညီမျှရကြတဲ့ ပြည်သူလူထုက အုပ်ချုပ်တဲ့ အုပ်ချုပ်မှုစနစ် ဒါမှမဟုတ် အစိုးရပါ။ (ကရင်တစ်ဦး)

မြန်မာနိုင်ငံမှာနေထိုင်ကြသူတိုင်း အရင်ဦးဆုံးလူ့အခွင့်အရေးတွေ အပြည့်အဝ ရစေချင်တယ်။ လူမျိုးဘာသာမရွေး လူတိုင်းတန်းတူညီမျှ အခွင့်အရေးတွေ ရသင့်တယ်။ ဖက်ဒရယ်စနစ်ဆိုတာ တန်းတူညီမျှ အခွင့်အရေးတွေရရှိပြီး တစ်ဦးနဲ့တစ်ဦး ဂုဏ်သိက္ခာကို လေးစားအသိအမှတ်ပြုပြီး အတူယှဉ်တွဲ နေထိုင်ကြတာလို့ ဆိုလိုပါတယ်။ ဖက်ဒရယ်စနစ်မှာ လူတစ်ဦးချင်းရဲ့ လွတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးတွေကို တန်ဖိုးထားပြီး အသိအမှတ်ပြုပါတယ်။ (ချင်းလူမျိုးတစ်ဦး)

**မြန်မာနိုင်ငံမှာ နေထိုင်ကြသူတိုင်း အရင်ဦးဆုံး လူ့အခွင့်အရေးတွေ အပြည့်အဝ ရစေချင်တယ်။ လူမျိုးဘာသာမရွေး လူတိုင်း တန်းတူညီမျှ အခွင့်အရေးတွေ ရသင့်တယ်။**

ဖက်ဒရယ်ဒီမိုကရေစီစနစ်မှာ လူမျိုးဘာသာမရွေး လူအားလုံး လွတ်လွတ်လပ်လပ် အတူယှဉ်တွဲနေထိုင်နိုင်တယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေလည်းရကြတယ်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ရှိတယ် … ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ အစဉ်အလာတွေကို လူမျိုးဘာသာမရွေး အပြန်အလှန်အသိအမှတ်ပြုတယ်၊ ကာကွယ်စောင့်ရှောက်နိုင်အောင် ကူညီတယ်။ (ရိုဟင်ဂျာတစ်ဦး)

တိုင်းရင်းသားလူမျိုးတွေအားလုံး တန်းတူညီမျှမှုနဲ့ လူ့အခွင့်အရေး အပြည့်အဝခံစားနိုင်ပြီး လွတ်လပ်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိတဲ့ စနစ်ဖြစ်ပါတယ်။ (ဗမာတစ်ဦး)

ဖြေကြားသူအချို့က ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် အာဏာခွဲဝေခြင်းကို အဓိကထားပြောကြားပါသည်။

ဗဟိုချုပ်ကိုင်တဲ့စနစ် မဟုတ်ဘူး။ တိုင်းရင်းသားတိုင်း၊ ပြည်နယ်တိုင်း ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့ နိုင်ငံရေးပါတီက အုပ်ချုပ်တယ်။ (ကချင်တစ်ဦး)

ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ ဗဟိုချုပ်ကိုင်မှုမရှိတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ အများပါဝင်မှုတွေရှိတဲ့ စနစ်ဖြစ်ပါတယ်။ (ဗမာတစ်ဦး)

နားလည်သလိုပြောရရင် …ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းအောင်၊ ကိုယ့်ဒေသဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် အတူတကွ စုပေါင်းပြီး လုပ်နိုင်မယ်။ နိုင်ငံကောင်းဖို့ (ဘယ်လူအုပ်စု၊ ဘယ်လက်နက်ကိုင်အဖွဲ့အစည်း) ဘယ်သူ့ကိုမှ ကြောက်စရာမလိုဘဲ အချင်းချင်း တိုင်ပင်ဆွေးနွေးပြီး ဗဟိုအစိုးရနဲ့အတူ စည်းလုံးညီညွတ်မှု၊ ကျင့်ဝတ်ခိုင်မာမှု ရှိပြီး ရှေ့ဆက်ချီတက်ဖို့လိုအပ်မှာ ဖြစ်ပါတယ်။ (ဗမာတစ်ဦး)

ဖြေကြားသူအချို့က ဖက်ဒရယ်စနစ်ကို (နယ်မြေဒေသအခြေပြု ဖက်ဒရယ်စနစ်) (territorial federalism) နယ်မြေဒေသကို အခြေပြုသည့်အနေဖြင့် ရှုမြင်ကြပြီး အခြား ဖြေကြားသူများကမူ (လူမျိုးအခြေပြု ဖက်ဒရယ်စနစ်) (ethnofederalism) လူမျိုးကို အခြေပြု၍ သိရှိနားလည်ထားကြပါသည်။

ကိုယ့်ဒေသမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပိုပြီးရမယ်။ ဥပဒေပြုဖို့ အခွင့်အလမ်းတွေ၊ အစီအမံတွေ၊ ဒေသနဲ့ပိုပြီးကိုက်ညီတဲ့ နည်းပညာ၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေးနဲ့ အစဉ်အလာဆိုင်ရာ မူဝါဒတွေ ရလာမယ်လို့ ထင်တယ်။ (တရုတ်တစ်ဦး)

တိုင်းရင်းသားတွေက သူတို့ဒေသအကြောင်း သူတို့ အသိဆုံးဘဲ။ တိုင်းရင်းသားတွေသာ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ရနေခဲ့လို့ရှိရင် အာဏာသိမ်းဖို့လည်း လွယ်မှာမဟုတ်ဘူး။ အဲဒါကြောင့် ဖက်ဒရယ်စနစ် လိုအပ်ပါတယ်။ (ကရင်တစ်ဦး)

တိုင်းရင်းသားအားလုံး သက်ဆိုင်ရာပြည်နယ်ရဲ့ အချုပ်အချာအာဏာကို ပိုင်ဆိုင်ကြပါတယ်။ သူတို့ပြည်နယ်အတွက် အကောင်းအဆိုးကို လွတ်လပ်စွာ ဆုံးဖြတ်ဖို့ သူတို့မှာ အခွင့်အရေးရှိသင့်ပါတယ်။ ... (ဥပမာ) ကချင်ပြည်နယ်မှာ ကချင်လူမျိုးတွေရဲ့ဆုံးဖြတ်ချက်က ပထမဆုံး ဦးစားပေး ဖြစ်သင့်ပါတယ်။ (ကချင်တစ်ဦး)

ကချင်တွေက ကချင်(ပြည်နယ်)ကိုအုပ်ချုပ်၊ ကယားတွေက ကယား (ပြည်နယ်)ကိုအုပ်ချုပ်ပေါ့။ (လီဆူးတစ်ဦး)

တိုင်းရင်းသားလူနည်းစုလူမျိုး ဖြေကြားသူအများအပြားက ဗမာများ ကြီးစိုးမှုကို ရည်ညွှန်းပြောကြားကြပါသည်။

ဗမာတွေကြီးစိုးတဲ့အစိုးရတွေဘဲ မြန်မာနိုင်ငံကို ဆက်ပြီးအုပ်ချုပ်နေရင် ဘယ်စနစ်မှ အလုပ်ဖြစ်မယ်မထင်ဘူး။ (အာရက္ခ(ရခိုင်)တစ်ဦး)

ဖက်ဒရယ်စနစ် တည်ဆောက်မယ်ဆိုရင် တိုင်းရင်းသားအားလုံး အခွင့်အရေးအပြည့်အဝတန်းတူ အစစ်အမှန် ရစေချင်ပါတယ်။ ဗမာလူမျိုးကြီးဝါဒကို ဖျက်သိမ်းဖို့လိုပါမယ်။ ငွေစက္ကူတွေပေါ်မှာ ဗမာခေါင်းဆောင်ပုံတွေချည်း မဖြင်ချင်ပါဘူး။ တိုင်းရင်းသားခေါင်းဆောင်ပုံတွေလည်း ပါသင့်ပါတယ်။ တိုင်းရင်းသားတွေက တိုင်းရင်းသားပြည်နယ်တွေရှိသလို ဗမာမှာလည် ဗမာပြည်နယ်ရှိသင့်ပါတယ်။ ... (မွန်တစ်ဦး)

အချို့က ခွဲထွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းပြောကြားကြပါသည်။

> ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိရမယ်၊ ဒါပေမယ့် ပြည်ထောင်စုက ခွဲထွက်တာတော့ မလုပ်သင့်ဘူး။ (ဗမာတစ်ဦး)
>
> လူတွေက ဖက်ဒရယ်စနစ်မှာပါဝင်ဖို့ ရွေးချယ်နိုင်သလိုခွဲထွက်ခွင့်လည်း ရှိသင့်တယ်။ (မွန်တစ်ဦး)

ဖြေကြားသူတစ်ဦးက အနာဂတ်စနစ်တွင် လူနည်းစုလူမျိုးများက လက်တုံ့ပြန် ဖိနှိပ်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်ကြောင်း ပြောကြားပါသည်။


> ပြည်နယ်အစိုးရက အာဏာအသီးသီး ရယူထားပြီး ပြည်ထောင်စုမှာ ဗဟို ချုပ်ကိုင်မှုနည်းနည်းဘဲရှိမယ် ဒါမှမဟုတ် လုံးဝမရှိတဲ့စနစ်လို့ မြင်တယ်။ ကချင်ပြည်နယ်မှာ နေပေမယ့် KIO/KIA (ကချင်လွတ်လပ်ရေးတပ်မတော်) က ဘယ်လို အုပ်ချုပ်ရေးစနစ်မျိုးကို သုံးသလဲ မသိဘူး။ ဖက်ဒရယ် စနစ်နာမည်တပ်ပြီး အဲဒီလိုအုပ်စုတွေက အာဏာရလာနိုင်တယ် … စစ် အုပ်ချုပ်ရေးကို အသားပေး/ကျင့်သုံးလာရင် ထောက်လည်းမထောက်ခံ ချင်ဘူး၊ သူတို့အုပ်ချုပ်မှုအောက်မှာလည်း မနေချင်ဘူး။ သဘာဝသယံ ဇာတတွေကို အကြောင်းပြုပြီး အဂတိလိုက်စားမှုလည်း ဖြစ်နိုင်တယ် လို့ စိုးရိမ်ပါတယ်။ … အရင်က ဗမာအစိုးရအဆက်ဆက် ဖိနှိပ်တာကို ခံခဲ့ရတော့ အဲဒီအုပ်စုတွေက ဗမာလူထုကို မကောင်းတဲ့အယူအစွဲနဲ့ ဆက်ဆံပြီး လက်တုံ့ပြန်မလားလို့လဲ စဉ်းစားမိတယ်။ ဘာဘဲဖြစ်ဖြစ် တရားမျှတမှု မရှိရင်တော့ ဖက်ဒရယ်အုပ်ချုပ်မှုဆိုတာ အဓိပ္ပာယ်ရှိမှာ မဟုတ်ပါဘူး။ (ဗမာတစ်ဦး)

**ဗမာများအကြားတွင် ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှုအဆင့်သည် လူနည်းစုလူမျိုးများအကြား ထောက်ခံမှုအဆင့်နှင့်တူညီပါသည်။ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်ပွားပြီးချိန်အထိ ဖက်ဒရယ်ဒီမိုကရေစီကို များသောအားဖြင့် ‘တိုင်းရင်းသားအရေး’ ဟု ယူဆခဲ့ကြခြင်းကြောင့် ဤတွေ့ရှိချက်မှာ ထူးခြားပါသည်။**

## ၂-၆-၄ ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှု

ဖက်ဒရယ်ဒီမိုကရေစီ၏ အဓိပ္ပာယ်ကိုအမျိုးမျိုး ဖြေဆိုကြသော်လည်း မြန်မာနိုင်ငံ ပြည်သူလူထု အုပ်စုအသီးသီးတွင် ယင်းအပေါ် လူထုထောက်ခံမှု အားကောင်းပါသည်။ ပုံ ၂-၁၉ တွင် ဖော်ပြထားသည့်အတိုင်း တိုင်းဒေသကြီး များတွင် နေထိုင်သော ဗမာများ၊ ပြည်နယ်များတွင် နေထိုင်သော ဗမာများ၊ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်များတွင် နေထိုင်ကြသော ပြည်နယ် အမည်ရ လူမျိုးများနှင့် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်များ ပြင်ပတွင် နေထိုင်ကြသော ပြည်နယ်အမည်ရ လူမျိုးများ အနက် ၈၀ ရာခိုင်နှုန်းခန့်က ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံကြပါသည်။ ဗမာများအကြားတွင် ဖက်ဒရယ်

**ပုံ ၂-၁၉ အုပ်စုခွဲအလိုက် ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှု**




*မှတ်ချက်* - N (ဗမာ) = 982 ၊ 427 ။ N (ပြည်နယ်အမည်ရလူနည်းစုလူမျိုး) = 605 ၊ 393 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ဒီမိုကရေစီကို ထောက်ခံမှုအဆင့်သည် လူနည်းစုလူမျိုးများအကြား ထောက်ခံမှုအဆင့်နှင့် တူညီပါသည်။[၂၀] ၂၀၂၁ ခုနှစ် အာဏာသိမ်းမှု ဖြစ်ပွားပြီးချိန်အထိ ဖက်ဒရယ်ဒီမိုကရေစီကို များသောအားဖြင့် 'တိုင်းရင်းသားအရေး' ဟု ယူဆခဲ့ကြခြင်းကြောင့် ဤတွေ့ရှိချက်မှာ ထူးခြားပါသည်။

၂၀ β(ဗမာ) = 0.011 ။ စံအမှား (standard error) = 0.029 ။ ပီ-တန်ဖိုး (p-value) = 0.692 ။ n = 2,226 ။ အဓိပ္ပာယ်မှာ ဗမာများအကြား ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှုနှင့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြား ထောက်ခံမှုအဆင့်သည် စာရင်းအင်းပညာ ရှုထောင့်အရ ထူးထူးခြားခြားကွာခြားမှု မတွေ့ရပေ။

၂-၆-၃ ဖက်ဒရယ်ဒီမိုကရေစီကို သိရှိနားလည်ပုံအပိုင်းတွင် ဖော်ပြခဲ့သည့် အတိုင်း ဖြေကြားသူများသည် ဤမေးခွန်းကို မိမိတို့၏ ဖက်ဒရယ်ဒီမိုကရေစီ ကို သိရှိနားလည်ပုံအပေါ်အခြေခံ၍ ဖြေကြားကြခြင်းဖြစ်ကြောင်း သတိမူရန် အရေးကြီးပါသည်။ ယင်းသိရှိနားလည်ပုံများသည် တစ်မျိုးနှင့်တစ်မျိုး ကိုက် ညီမှုမရှိခြင်း၊ တစ်ခါတစ်ရံ အချင်းချင်း ဆန့်ကျင်နေခြင်းများ ရှိနိုင်ပါသည်။ အမြင်အားဖြင့် ဖက်ဒရယ်ဒီမိုကရေစီကို အများပြည်သူထောက်ခံမှုရှိသည်ဟု တွေ့မြင်နိုင်သော်လည်း ဖက်ဒရယ်ဒီမိုကရေစီဆိုသည်မှာ မည်သည်ကို ဆိုလို ကြောင်း အများပြည်သူ ရေးသားပြောဆိုဆွေးနွေးမှုများတွင် ပိုမိုကောင်းမွန် စွာ ရှင်းလင်းဖော်ပြရန် လိုအပ်လျက်ရှိပါသည်။

## ၂-၆-၅ နယ်မြေဒေသစုဖွဲ့ပုံ

ဖက်ဒရယ်ဒီမိုကရေစီကို ထောက်ခံမှုအားကောင်းသော်လည်း နိုင်ငံရေး ပြောဆိုရေးသားဆွေးနွေးမှုများတွင် အငြင်းပွားကြသည့် အဓိက အချက်တစ် ချက်မှာ ဖက်ဒရယ်စနစ်ကို မည်သည့်ပုံသဏ္ဍာန်ဖြင့် ဖွဲ့စည်းတည်ထောင်မည် နည်းဆိုသောမေးခွန်း၊ အထူးသဖြင့် 'ဗမာပြည်နယ်' ဖွဲ့စည်းတည်ထောင်ရေး၊ ပြည်နယ်သစ်များ ဖွဲ့စည်းတည်ထောင်ရန်ဖြစ်နိုင်ခြေတို့နှင့် ဆက်စပ်ပါသည်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကချင်ပြည်နယ်၊ ကရင်နီ ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းဝိသေသတိုင်းတို့ကို ဖွဲ့စည်းတည်ထောင်ခဲ့ ပါသည် (ပုံ ၂-၂၀ ကို ကြည့်ပါ)။ ကရင်ပြည်နယ်ဖွဲ့စည်းရန်လည်း အာမခံချက် ပေးထားပါသည်။ ထို့နောက် နယ်နိမိတ် သတ်မှတ်ရေးကော်မရှင် ဖွဲ့စည်းခဲ့ပြီး ကရင်ပြည်နယ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဆက်လက်၍ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ချင်းဝိသေသတိုင်းကို ချင်းပြည်နယ်အဖြစ် ပြန်လည် ဖွဲ့စည်းခဲ့ပြီး ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ကို ဖွဲ့စည်း တည်ထောင်ခဲ့ပါသည် (ပုံ ၂-၂၀ ကို ကြည့်ပါ)။ သို့ရာတွင် ပြည်နယ် ၇ ပြည်နယ် နှင့် တိုင်း ၇ တိုင်းတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဆင့်အတန်းမှာ အတူတူ ပင်ဖြစ်ပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ နှစ်ရပ်လုံးတွင် ပြည်နယ်များ၏ တိုင်းရင်းသားသဘောသဘာဝ ကို အသိအမှတ်ပြုခြင်းမရှိပါ။ သို့ဖြစ်၍ မြန်မာနိုင်ငံတွင် ဗမာလူမျိုးမှလွဲ၍ အဓိကတိုင်းရင်းသားများသည် အမည်အခေါ်အဝေါ်မျှပင်ဖြစ်စေကာမူ မိမိ တို့၏ တိုင်းရင်းသားပြည်နယ်ရှိသည်ဟု ဆိုနိုင်ပါသည်။ ဗမာပြည်မ (မိုးနည်း

ရေရှား ရပ်ဝန်း သို့မဟုတ် အညာဒေသ)၊ ယင်းနှင့် ဆက်စပ်နေသော နယ်မြေများကို ‘တိုင်း’ (၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ‘တိုင်းဒေသကြီး’) ၇ တိုင်းအဖြစ် ဖွဲ့စည်းပါသည်။ သို့သော် ‘ဗမာပြည်နယ်’ ဟူ၍မရှိပါ။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြည်ထောင်စုနယ်မြေတစ်ခုကိုလည်း ပထမဆုံး ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ပြည်နယ် ၇ ပြည်နယ်နှင့် တိုင်း ၇ တိုင်းတို့၏ ဖက်ဒရယ်မစစ်မှန်သော ဖက်ဒရယ်ယောင် အခွင့်အရေးများနှင့် လုပ်ပိုင်ခွင့်များမှာ အတူတူပင်ဖြစ်ပါသည်။

'ဗမာပြည်နယ်’ မရှိခြင်းသည် ဗိုလ်ချုပ်အောင်ဆန်း ပေးခဲ့သော 'ဗမာတစ်ကျပ်၊ တိုင်းရင်းသားတစ်ကျပ်' ဆိုသည့် တိုင်းရင်းသားတန်းတူညီမျှမှုရှိရေး ကတိကဝတ်နှင့် ဆန့်ကျင်လျက်ရှိပြီး (Walton 2008: 897 တွင် ရည်ညွှန်းဖော်ပြထားပါသည်) တိုင်းရင်းသားမညီမျှမှုကို ပိုမိုဆိုးဝါးစေသည်ဟု အချို့သော လူနည်းစုလူမျိုး ခေါင်းဆောင်များက ဆိုပါသည်။[၂၁] သို့ဖြစ်၍ လက်ရှိ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အဆိုပြုချက်အချို့တွင် ဗမာပြည်နယ်ဖွဲ့စည်းတည်ထောင်ရေးကို ဖော်ပြထားကြပါသည်။


မြန်မာနိုင်ငံရှိ လူအုပ်စုအသီးသီး၏ လိုလားချက်များကို တိုင်းတာသိရှိနိုင်ရန် ဖြေကြားသူများအား (က) လက်ရှိ တိုင်းဒေသကြီးများကို ဗမာပြည်နယ်များအဖြစ် ပြန်လည်ဖွဲ့စည်းခြင်း (ခ) လက်ရှိ တိုင်းဒေသကြီးများကို ပေါင်းစည်း၍ ဗမာပြည်နယ်တစ်ပြည်နယ်အဖြစ် ဖွဲ့စည်းခြင်း (ဂ) လက်ရှိ ပြည်နယ်နှင့် တိုင်းဒေသကြီး စုဖွဲ့ပုံအတိုင်းထားရှိခြင်းတို့အနက် မည်သည်ကို သဘောတူညီမှု အများဆုံးဖြစ်ကြောင်း ဖော်ပြစေခဲ့ပါသည်။ စတုတ္ထရွေးချယ်နိုင်သည့် အဖြေတစ်ရပ်အဖြစ် 'ယင်းတို့နှင့် မတူညီသော အဆိုပြုချက်တစ်ရပ် ဖော်ပြလိုသည်’ ဟုလည်း ထည့်သွင်းပေးခဲ့ပါသည်။

ရလဒ်များကို ကြည့်လျှင် ဗမာပြည်နယ် ဖွဲ့စည်းတည်ထောင်ရေးနှင့် စပ်လျဉ်း၍ ဗမာများနှင့် လူနည်းစုလူမျိုးများမှာ ရှုမြင်ပုံများ ဆင်တူကြသည်ကို

---

၂၁ ဤအဆိုကိုပင် 'ဗမာတစ်ကျပ်၊ ရှမ်းတစ်ကျပ်' ဟု ဆိုသည်လည်း ရှိပါသည်။ လူအုပ်စုအဆင့်ထက် လူတစ်ဦးချင်းအဆင့်တွင် တိုင်းရင်းသားတန်းတူညီမျှမှုကို ဖော်ညွှန်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုကြပါသည် (Shan Herald 2016)။ တစ်နည်းအားဖြင့် တိုင်းရင်းသားလူမျိုးတစ်မျိုးစီ တန်းတူညီမျှ ကိုယ်စားပြုမှုရရှိခြင်းက တစ်ပိုင်း၊ လူမျိုးမရွေး မည်သူမဆို တစ်ဦးချင်းအနေဖြင့် တန်းတူကိုယ်စားပြုမှု ရရှိခြင်းကတစ်ပိုင်း ဖြစ်ပါသည်။

**ပုံ ၂-၂၀ မြန်မာနိုင်ငံတွင် ပြည်နယ်နှင့်တိုင်းများ ပေါ်ပေါက်လာပုံ**




*ရည်ညွှန်းများ* - တောင်တန်းဒေသများ နယ်နိမိတ်သတ်မှတ်ရေးဆိုင်ရာ အချက်အလက်များအတွက် H. Tinker (ed.), Burma, the Struggle for Independence, 1944-1948: Documents from Official and Private Sources (London: HMSO, 1983)။ Imperial Gazetteer of India, v. 26, Atlas 1931 edition နှင့် ၁၉၄၈ ခုနှစ် ၁၉၇၄ ခုနှစ် နှင့် ၂၀၀၈ ခုနှစ်မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေများ။ မြေပုံရေးဆွဲသူ Constant Courtin၊ ၂၀၂၄ ခုနှစ်။

တွေ့ရှိရပါသည်။ ဗမာများနှင့် လူနည်းစုလူမျိုးများအနည်းစုက ဗမာပြည်နယ် ဖွဲ့စည်းတည်ထောင်ခြင်းကို ထောက်ခံကြပါသည် (ပုံ ၂-၂၁ ကို ကြည့်ပါ)။ ဗမာများနှင့် လူနည်းစုလူမျိုးများ နှစ်စုလုံးအကြားတွင် ဗမာပြည်နယ်အများ ဖွဲ့စည်းတည်ထောင်ခြင်းကို လိုလားမှုအနည်းဆုံးဖြစ်ပါသည်။ တိုင်းဒေသကြီးများကို စုပေါင်း၍ ဗမာပြည်နယ်တစ်ပြည်နယ်တည်း ဖွဲ့စည်းတည်ထောင်ခြင်းကို ဗမာပြည်နယ်အများ ဖွဲ့စည်းတည်ထောင်ခြင်းထက် ပိုမို၍လိုလားကြသော်လည်း လူအုပ်စုအသီးသီးမှ ဖြေကြားသူများအနက် ၁၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းကသာ ထိုလိုလားချက်ကို သဘောတူညီသည်ဟု ရွေးချယ်ကြခြင်းဖြစ်ပါသည်။ ခြုံငုံ၍ကြည့်လျှင် လက်ရှိအနေအထားအတိုင်း ဆက်လက်ထားရှိခြင်းကို လိုလားမှု အားကောင်းသည်ဟု ယူဆရပါသည်။

တိုင်းဒေသကြီးများကို စုပေါင်း၍ ဗမာပြည်နယ်တစ်ပြည်နယ်တည်း ဖွဲ့စည်းတည်ထောင်ခြင်းကို ဗမာပြည်နယ်အများ ဖွဲ့စည်းတည်ထောင်ခြင်းထက် ပိုမို၍ လိုလားကြသော်လည်း လူအုပ်စု အသီးသီးမှ ဖြေကြားသူများအနက် ၁၇ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်း ကသာ ထိုလိုလားချက်ကို သဘောတူညီသည်ဟု ရွေးချယ်ကြခြင်း ဖြစ်ပါသည်။ ခြုံငုံ၍ကြည့်လျှင် လက်ရှိအနေအထားအတိုင်း ဆက်လက်ထားရှိခြင်းကို လိုလားမှု အားကောင်းသည်ဟု ယူဆရ ပါသည်။

ပေးထားသည့် အဆိုသုံးမျိုးလုံးကို မရွေးချယ်သော ဖြေကြားသူများအနက် ၁၅၀ ခန့်က အဆိုပြုချက် ရေးသားဖော်ပြကြပါသည်။ ဗမာလူမျိုးဖြေကြားသူအချို့က ဗမာပြည်နယ်အပါအဝင် တိုင်းရင်းသားအခြေပြု ပြည်နယ်များ မထားရှိသင့်ဟုဆိုပါသည်။ ဖြေကြားသူတစ်ဦးက မိမိ၏ရှုမြင်ပုံကို အောက်ပါအတိုင်း ရှင်းပြပါသည်။

> နိုင်ငံတွင် ပြည်ထောင်စုအဆင့်အောက် ယူနစ်များ (ပြည်နယ်များ) အဖြစ်သာ ဖွဲ့စည်းသင့်ပါသည်။ တိုင်းရင်းသားအခြေပြု ပြည်နယ်များ သတ်မှတ်ခြင်းသည် ငြိမ်းချမ်းရေးကို ထိခိုက်နိုင်ပါသည်။


ဖြေကြားသူ အချို့က ပြည်ထောင်စုအဆင့်အောက် ယူနစ်များကို နယ်မြေဒေသ သွင်ပြင်လက္ခဏာများအလိုက် အမည်များ ပြန်လည်မှည့်ခေါ်ရန်လည်း အဆိုပြုပါသည်။

> လက်ရှိ နယ်မြေဒေသစုဖွဲ့ပုံအတိုင်းဆက်ထားပြီး နာမည်ပြောင်းသင့်တယ်လို့ အကြံပြုချင်ပါတယ်။ ဥပမာ ကချင်ပြည်နယ်ကို မေခမလိခ ပြည်နယ်၊ ရခိုင်ပြည်နယ်ကို အနောက်ကမ်းရိုးတမ်းပြည်နယ်၊ … ရှမ်းပြည်နယ်ကို ပုဗ္ဗပြည်နယ်၊ မွန်ပြည်နယ်ကို ဒက္ခိဏပြည်နယ်၊ … လို့ ခေါ်နိုင်ပါတယ်။ [နယ်မြေဒေသအမည်ပေးရာမှာ] တိုင်းရင်းသားလူမျိုးကိုစွဲပြီး မှည့်ခေါ်တာမျိုး ရပ်စဲသင့်ပါတယ်။ နောက်ပြီးတော့ ပြည်နယ်နဲ့ တိုင်းဒေသကြီးမခွဲဘဲ ဝေါဟာရတစ်မျိုးတည်း ခေါ်ဝေါ်သင့်ပါတယ်။

ဥပမာ ရန်ကုန်ပြည်နယ်၊ ဒက္ခိဏပြည်နယ်၊ အနောက်ကမ်းရိုးတမ်း ပြည်နယ်လို့ ခေါ်နိုင်ပါတယ်။ (ဗမာတစ်ဦး)

လက်ရှိ နယ်မြေဒေသခွဲခြားပုံက အစုအဖွဲ့ ၈ မျိုးပါဝင်တဲ့ အမျိုးသား ညီလာခံမှာတုန်းက အဆင့်အသီးသီးမှာ အကြိမ်ကြိမ်ဆွေးနွေး စိစစ် အတည်ပြုထားတာဖြစ်ပါတယ်။ လက်ရှိဖြစ်နေတဲ့ ပြဿနာအများစုက တိုင်းရင်းသားလူမျိုး အမျိုးသားရေးဝါဒကို ဗဟိုပြုပြီး ဖြစ်နေပေမယ့် တကယ်တမ်းကတော့ ပြည်သူလူထုက ကာလကြာရှည် သွေးနှောပြီး နိုင်ငံတစ်ဝန်း ပြန့်နှံ့နေထိုင်ကြတာဖြစ်ပါတယ်။ ပြည်လုံးကျွတ်သန်းခေါင် စာရင်းမှာတွေ့နိုင်ပါတယ်။ [နယ်မြေဒေသတွေကို] တိုင်းရင်းသားလူမျိုး အလိုက်အမည်မပေးသင့်ဘူး။ အခြားသိသာထင်ရှားတဲ့ သွင်ပြင်လက္ခဏာ တစ်ခုကိုရွေးချယ်ပြီး အမည်ပေးသင့်ပါတယ်။ ရန်ကုန်မြို့ကို အခြေခံ မယ်ဆိုရင် ရန်ကုန်တိုင်း၊ ပဲခူးမြို့ကို အခြေခံမယ်ဆိုရင် ပဲခူးတိုင်း စသည် ဖြင့် အမည်ပေးနိုင်ပါတယ်။ အလားတူ ရှမ်းပြည်နယ်တောင်ပိုင်းကို တောင်ကြီးပြည်နယ် ဒါမှမဟုတ် တောင်ကြီးတိုင်း၊ ကချင်ပြည်နယ်ကို မြစ်ကြီးနားပြည်နယ် သို့မဟုတ် မြစ်ကြီးနားတိုင်းလို့ခေါ်ရင် မကောင်း ဘူးလား။ (ဗမာတစ်ဦး)

**ပုံ ၂-၂၁ နယ်မြေဒေသစုဖွဲ့ပုံအတွက် လိုလားချက်များ**




*မှတ်ချက်* - N (ဗမာ) = 1,252 ။ N (လူနည်းစုလူမျိုး) = 1,065 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ဗမာလူမျိုးနှင့် လူနည်းစုလူမျိုး ဖြေကြားသူများအနက် တိုင်းရင်းသားလူမျိုးအခြေပြု ပြည်နယ်များရှိရန်နှင့် ဗမာပြည်နယ်ဖွဲ့စည်းတည်ထောင်ရန် အရေးကြီးကြောင်း ထပ်လောင်းဖော်ပြလျက် နယ်မြေဒေသနယ်နိမိတ်များကို ပြောင်းလဲနိုင်မည့်နည်းလမ်းများကို အဆိုပြုကြသူများလည်း အများအပြားရှိပါသည်။

> ပြည်နယ် ၈ ပြည်နယ် ထားစေချင်တယ်။ ဒါမှ တိုင်းရင်းသားတွေအတွက် တရားမျှတမှု ရှိမှာဖြစ်ပါတယ်။ (ဗမာတစ်ဦး)

> ဗမာလူမျိုးအများစုနေကြတဲ့ နယ်မြေတွေကို ဗမာပြည်နယ်တည်ထောင်သင့်ပါတယ်။ ကျန်တဲ့နယ်မြေတွေကို အများစုလူမျိုးတွေဆီ လွှဲပြောင်းပေးသင့်ပါတယ်။ ဥပမာ ကလေးကို ချင်းပြည်နယ်ထဲ လွှဲပေးသင့်ပါတယ်။ (ဗမာတစ်ဦး)

> စစ်ကိုင်းတိုင်းဒေသကြီးက ကောလင်း၊ ဝန်းသို၊ ဗန်းမောက်၊ အင်းတော်၊ ကသာ၊ ထီးချိုင့်ကို ကချင်ပြည်နယ်ထဲ လွှဲပေးသင့်တယ်။ ကလေးကို ချင်းပြည်နယ်ထဲ လွှဲပေးသင့်တယ်။ မိုးကုတ်နဲ့ ပြင်ဦးလွင်ကို ရှမ်းပြည်နယ်ထဲ ထည့်သွင်းသင့်တယ်။ ပဲခူးတိုင်းဒေသကြီးက ညောင်လေးပင်နဲ့ အနီးတဝိုက်ကို ကရင်ပြည်နယ်ထဲ ထည့်သင့်တယ်။ ရောဂတီတိုင်းဒေသကြီးအချို့အပိုင်းတွေကို ကရင်ပြည်နယ်ထဲ ထည့်သင့်တယ်။ တနင်္သာရီကို မွန်ပြည်နယ်ထဲ ထည့်သင့်တယ်။ ကျန်တဲ့နယ်မြေတွေကို ဗမာပြည်နယ်တည်ထောင်သင့်တယ်။ (ဗမာတစ်ဦး)

အချို့မှတ်ချက်များအရ လူမျိုးအခြေပြု နယ်မြေဒေသများ တည်ထောင်ရေးအရေးကြီးကြောင်း ညွှန်ပြလျက်ရှိပါသည်။ ဥပမာ ဖြေကြားသူတစ်ဦးက အောက်ပါအတိုင်း ဖြေကြားပါသည်။

> ရှမ်းနီနဲ့ ကဒူးလို လူအုပ်စုတွေက ကိုယ်ပိုင်နယ်မြေ ရှိသင့်ပါတယ်။ (ရှမ်းနီ)

စင်စစ် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ထောင်လျှင် ပြည်နယ်အသစ်များ ပေါ်ပေါက်လာနိုင်ပါသည်။ တိုင်းရင်းသားလူမျိုး ၇ မျိုးအတွက်သာလျှင် တိုင်းရင်းသားပြည်နယ် ဖွဲ့စည်းတည်ထောင်ထားရှိပြီး ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ ဖွဲ့စည်း၍ နောက်ထပ်

တိုင်းရင်းသားလူမျိုး ၆ မျိုးကို အသိအမှတ်ပြုထားပါသည်။[၂၂] ဖက်ဒရယ်ဒီမိုကရေစီစနစ်တွင် ပြည်နယ်သစ်များ ဖွဲ့စည်းတည်ထောင်လာနိုင်ပါသည်။

တိုင်းရင်းသားပြည်နယ် မရရှိသော ဖြေကြားသူများကို မိမိတို့တိုင်းရင်းသားလူမျိုး အမည်ဖြင့် ပြည်နယ်ရရှိရန် လိုလားခြင်းရှိမရှိ မေးမြန်းခဲ့ပါသည်။ အများစုက မိမိတို့လူမျိုးတွင် ကိုယ်ပိုင်တိုင်းရင်းသားပြည်နယ် ရှိသင့်သည်ဟု ဖြေကြားပါသည် (ပုံ ၂-၂၂ ကို ကြည့်ပါ)။[၂၃] နမူနာတွင် ပါဝင်သော ပြည်နယ်အမည်မရ လူနည်းစုများ အရေအတွက် နည်းပါးခြင်းကြောင့် ဤတွေ့ရှိချက်ကို အဓိပ္ပာယ်ဖော်ပြရာတွင် သတိထားရန်နှင့်ဆက်လက်၍ နောက်ထပ်သုတေသနပြုရန် လိုအပ်ပါသည်။

ဤနေရာတွင် ထည့်သွင်းစဉ်းစားရမည့် အရေးပါသောစိုးရိမ်ပူပန်မှု နှစ်ရပ်ရှိပါသည်။ ပထမစိုးရိမ်ပူပန်မှုမှာ တိုင်းရင်းသားပြည်နယ်သစ်များ တည်ထောင်ပါက ပြည်နယ်တောင်းခံကြသည့် တိုင်းရင်းသားလူမျိုးများ ပို၍ပို၍ ပေါ်ထွက်လာနိုင်ခြင်းဖြစ်ပါသည်။ ဤစိုးရိမ်ပူပန်မှုနှင့်စပ်လျဉ်း၍ စဉ်းစားနိုင်ရန် အချက်အလက် မရှိသော်လည်း မြန်မာနိုင်ငံတွင် ပြည်နယ်အမည်မရသော လူနည်းစုတိုင်းရင်းသားလူမျိုးများအနက် လူဦးရေအများဆုံးဖြစ်သည့် ပအိုဝ်းလူမျိုးဖြေကြားသူများနှင့် အခြား ပြည်နယ်အမည်မရ လူနည်းစုလူမျိုး ဖြေကြားသူများ၏ ဖော်ပြချက်များကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် အခြေအနေကို ရိပ်စားမိနိုင်ပါသည်။[၂၄] ပအိုဝ်းလူမျိုး ဖြေကြားသူများအနက် ကိုယ်ပိုင်ပြည်နယ်ရှိသင့်သည်ဟု 'အခိုင်အမာ သဘောတူညီသူ' ၆၅ ရာခိုင်နှုန်း ရှိပါသည်။ အခြားပြည်နယ်အမည်မရ လူနည်းစုများအကြားတွင် ၃၇ ရာခိုင်နှုန်းသာ ရှိပါသည်။

---

၂၂ ယင်းတိုင်းရင်းသားလူမျိုး ၆ မျိုးမှာ ဓနု၊ ကိုးကန့်၊ နာဂ၊ တအာင်း၊ ပအိုဝ်းနှင့် ဝ တို့ ဖြစ်ပါသည်။ သို့သော် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရပင်လျှင် ယင်း ဒေသများမှာ ပြည်နယ်များနှင့် တန်းတူအဆင့်မဟုတ်ပါ။

၂၃ ပြည်နယ်အမည်မရလူနည်းစု ဖြေကြားသူများအား အောက်ဖော်ပြပါ အဆိုနှင့် မည်သည့်အတိုင်းအတာအထိ သဘောတူညီကြောင်း မေးမြန်းခဲ့ပါသည်။ '[လူမျိုးအုပ်စု] လူမျိုးသည် မြန်မာနိုင်ငံတွင် ကိုယ်ပိုင် [လူမျိုးအုပ်စု] ပြည်နယ် ရှိသင့်သည်။' ကွင်းအတွင်းရှိ စာသားနေရာတွင် ဖြေကြားသူ စစ်တမ်းအစပိုင်းတွင် ဖြေကြားခဲ့သည့် လူမျိုးကို ထည့်သွင်းဖော်ပြပါသည်။ ဖြေကြားသူသည် ပအိုဝ်းလူမျိုးဖြစ်ပါက အဆိုမှာ 'ပအိုဝ်းလူမျိုးသည် မြန်မာနိုင်ငံတွင် ကိုယ်ပိုင် ပအိုဝ်းပြည်နယ် ရှိသင့်သည်။' ဟု ဖော်ပြပါသည်။

၂၄ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အစီရင်ခံစာများအရ ပအိုဝ်းလူမျိုးများသည် လူဦးရေအရ ကရင်နီထက် လူဦးရေပိုမိုများပြားပြီး ကချင်များနှင့်နှိုင်းယှဉ်လျှင် အနည်းဆုံး တန်းတူအရေအတွက် ရှိပါသည် (Jap and Courtin 2022 ကို ကြည့်ပါ)။


ဤသို့ ကွာခြားနေခြင်းမှာ တိုင်းရင်းသားပြည်နယ်အလိုရှိမှုသည်လူဦးရေများခြင်းနှင့် ဆက်စပ်နေသည်ဟု ယူဆရပါသည်။ သို့ဖြစ်၍ လူဦးရေနည်းပါးသောပြည်နယ်အမည်မရ လူနည်းစုများအကြားတွင် တိုင်းရင်းသားပြည်နယ် အလိုရှိမှု နည်းပါးဖွယ်ရာ ရှိပါသည်။

ဒုတိယစိုးရိမ်ပူပန်မှုမှာ ပြည်နယ်အမည်ရနှင့် ပြည်နယ်အမည်မရ လူမျိုးများအကြား လူမျိုးပဋိပက္ခ ပြန့်ပွားလာနိုင်ခြင်း ဖြစ်ပါသည်။ ပြည်နယ်အမည်မရ လူမျိုးများအတွက် ပြည်နယ်ဖွဲ့စည်းပေးမည်ဆိုပါက ကချင်ပြည်နယ်နှင့်ရှမ်းပြည်နယ်နယ်နိမိတ်များကို များစွာပြောင်းလဲရေးဆွဲရမည်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနယ်နိမိတ်ကို အတော်အတန် ပြင်ဆင်ရေးဆွဲရပါမည်။ ပြည်နယ်သစ်များအတွက် နယ်နိမိတ်များသတ်မှတ်ခြင်းကို အကြောင်းပြု၍ လူမျိုးပဋိပက္ခများ ဖြစ်ပေါ်လာနိုင်ပါသည်။ နယ်မြေဒေသအခြေပြု ဖက်ဒရယ်စနစ်နှင့်လူမျိုးအခြေပြုဖက်ဒရယ်စနစ်တို့ကို နှိုင်းယှဉ်စဉ်းစားရာတွင် ဤအချက်ကိုအဓိကစိုးရိမ်ပူပန်မှုအဖြစ် ၂၀၁၈ ခုနှစ်က ပြုလုပ်ခဲ့သော လေ့လာချက်တွင်ဖော်ပြထားပါသည် (Breen and He 2020 ကို ကြည့်ပါ)။ ယင်းအဓိပ္ပာယ်သက်ရောက်မှုများကြောင့် ထိခိုက်နိုင်ခြေများမှာ ဤလေ့လာချက်၏ အတိုင်းအတာကိုကျော်လွန်နေပြီး နောင်သုတေသနပြုလုပ်ရာတွင် လေ့လာနိုင်ပါမည်။

## ၂-၆-၆ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး

ဖက်ဒရယ်စနစ်အပြင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လမ်းကြောင်းဖြင့်လည်း လူနည်းစုများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်တို့ကို ပိုမိုကောင်းမွန်စေနိုင်ပါသည်။ စင်စစ် ဗဟိုအစိုးရမှ လုပ်ပိုင်ခွင့်အာဏာကို ပြည်နယ်နှင့် ဒေသန္တရ အုပ်ချုပ်ရေးယူနစ်များသို့ လွှဲအပ်အုပ်ချုပ်စေသည့်ဗဟိုချုပ်ကိုင်မှုလျှော့ချရေးသည် ဖက်ဒရယ်ဒီမိုကရေစီစနစ် ကောင်းစွာလည်ပတ်ဆောင်ရွက်ရန် မရှိမဖြစ်အရေးပါပါသည်။ မြန်မာနိုင်ငံမှာ သမိုင်းတစ်လျှောက် ဗဟိုချုပ်ကိုင်မှု များပြားသောနိုင်ငံဖြစ်ပြီး ဒေသန္တရအဆင့်အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု လုပ်ငန်းအားလုံးကို ဗဟိုအစိုးရကပင် ကြီးကြပ်ပါသည်။ နိုင်ငံတော်၏ ဤသွင်ပြင်လက္ခဏာသည် ဗမာများ နိုင်ငံရေးတွင် ဗိုလ်ကျစိုးမိုးရန် လွယ်ကူချောမွေ့စေပြီး လူနည်းစုလူမျိုးများ၏ မကျေနပ်ချက်များကို တိုးပွားစေပါသည်။

**ပုံ ၂-၂၂ ပြည်နယ်အမည်မရ လူနည်းစုလူမျိုးများအကြား ကိုယ်ပိုင်ပြည်နယ်အလိုရှိမှု**




*မှတ်ချက်* - N = 159 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် အများပြည်သူ၏ ထောက်ခံမှုကို တိုင်းတာရန် စစ်တမ်းတွင် ပါဝင်ဖြေကြားသူများကို ပညာရေးမူဝါဒ၊ မြေယာဆိုင်ရာဥပဒေများနှင့် သဘာဝသယံဇာတမူဝါဒတို့အပေါ် ဗဟိုအစိုးရ သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးအစိုးရ၊ မည်သည့်အစိုးရက အပြည့်အဝထိန်းချုပ်သင့်ကြောင်း မေးမြန်းခဲ့ပါသည်။ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ဆွေးနွေးမှုများမှာ ရှုပ်ထွေးလေ့ရှိခြင်းကြောင့် အများပြည်သူနှင့် သက်ဆိုင်မှုအရှိဆုံး အကြောင်းအရာများကို အဓိကထားမေးမြန်းရန် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ (မြို့နယ်များအတွက် နေ့စဉ် စီမံအုပ်ချုပ်မှုလုပ်ငန်းများကို ဒေသန္တရအဆင့်တွင် လုပ်ဆောင်ပြီး) အထက်အဆင့် မူဝါဒအကောင်အထည်ဖော်မှုကို ပြည်နယ်နှင့် ဗဟိုက ဆောင်ရွက်ခြင်းကြောင့် ပြည်နယ်နှင့် ဗဟိုအုပ်ချုပ်မှု နှစ်မျိုးကိုသာ နှိုင်းယှဉ်လျက် မည်သည်ကိုလိုလားကြောင်း မေးမြန်းခဲ့ပါသည်။


ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ပြည်သူလူထုက အများအပြား ထောက်ခံကြကြောင်း တွေ့ရှိရပါသည်။ မသေချာကြောင်း ဖြေကြားသူအချိုးအစား (မှာပျမ်းမျှအားဖြင့် နမူနာတွင် ပါဝင်သူများ၏ လေးပုံတစ်ပုံခန့်ရှိပြီး) များပြားသည်ကို သတိမူရမည်ဖြစ်သော်လည်း ဗမာများနှင့် ပြည်နယ်အမည်ရလူနည်းစုများ အများစုက ယင်းမူဝါဒနယ်ပယ်များကို ပြည်နယ်အစိုးရက အပြည့်အဝထိန်းချုပ်ခြင်းကို လိုလားသည်ဟု ဖြေကြားပါသည် (ပုံ ၂-၂၃ ကို ကြည့်ပါ)။ ဤအချက်မှာ ၂၀၂၂ ခုနှစ် စစ်တမ်းတွင် တွေ့ရှိရသည့် မသေချာမှုအဆင့်မြင့်မားနေခြင်းနှင့် အလားတူဖြစ်ပါသည်။ မူဝါဒနယ်ပယ် သုံးရပ်အနက် ပြည်နယ်အစိုးရက ထိန်းချုပ်ခြင်းကို အများဆုံးထောက်ခံသည့် နယ်ပယ်မှာ မြေယာဆိုင်ရာဥပဒေများ ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် မြေပိုင်ဆိုင်မှု အရေးကြီးခြင်းကြောင့် ဖြစ်နိုင်ပါသည်။ ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများဆိုပါက မြေယာဆိုင်ရာဥပဒေများမှာ ရိုးရာအစဉ်အလာ ကျင့်ထုံးများနှင့် မကိုက်ညီသဖြင့် ထိုဥပဒေများကို ၎င်းတို့က မကျေနပ်ကြပေ။

သို့သော် သတိပြုဖွယ်ရာ ကွာခြားမှုများလည်း ရှိပါသည်။ ပျမ်းမျှအားဖြင့် လူမျိုးနောက်ခံ မည်သို့ပင်ရှိစေကာမူ မြန်မာအမျိုးသားဝိသေသလက္ခဏာကို အရေးပါသည်ဟု ခံယူမှုမြင့်မားသည်နှင့်အမျှ ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကိုထောက်ခံမှု လျော့နည်းကျဆင်းသွားပါသည် (ပုံ ၂-၂၄ ကို ကြည့်ပါ)။ ဗမာနှင့် လူနည်းစုလူမျိုးများအကြား ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ထောက်ခံမှုကို နှိုင်းယှဉ်ကြည့်လျှင် ဗမာများက ထောက်ခံမှုပိုမိုနည်းပါးပါသည်။[၂၅] လူနည်းစုလူမျိုးများအနက် သက်ဆိုင်ရာပြည်နယ်တွင် နေထိုင်ကြသော ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ (ကချင်ပြည်နယ်နေ ကချင်များ၊ ချင်းပြည်နယ်နေ ချင်းများ၊ စသည်တို့) သည် ပျမ်းမျှအားဖြင့် အခြား လူနည်းစုလူမျိုးများထက် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ပိုမို၍ ထောက်ခံကြပါသည် (ပုံ ၂-၂၄ ကို

၂၅ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် ထောက်ခံမှုကို ဗဟိုချုပ်ကိုင်မှုလျှော့ချရေး စစ်တမ်းမေးခွန်းသုံးခုအပေါ်အခြေခံသည့် ထပ်ဖြည့်အညွှန်းကိန်း (additive index) အဖြစ် တွက်ချက်ခဲ့ပါသည်။ မေးခွန်းတစ်ခုစီအတွက် သက်ဆိုင်ရာ မူဝါဒနယ်ပယ်ကို ပြည်နယ်အစိုးရက ထိန်းချုပ်သင့်သည်ဟု ဖြေကြားသူများကို ၁ ဟု ရေးသွင်းပြီး ဗဟိုအစိုးရက ထိန်းချုပ်သင့်သည် သို့မဟုတ် မသေချာပါ ဟု ဖြေကြားသူများကို ၀ ဟု ရေးသွင်းပါသည်။ ထို့နောက် ၁ နှင့် ၀ နှစ်မျိုးကို ပေါင်းပါသည်။ β (ဗမာ) = –0.20 ။ စံကိုက်အမှား (standard error) = 0.055 ။ ပီ-တန်ဖိုး (p-value) = 0.000 ။ n = 2,355 ။ သို့ဖြစ်၍ ဗမာများနှင့် လူနည်းစုလူမျိုးအကြား ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ထောက်ခံမှု ကွာခြားချက်မှာ စာရင်းအင်းရှုထောင့်မှ အရေးပါပါသည်။

### ပုံ ၂-၂၃ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး လိုလားချက်များ

**မူဝါဒနယ်ပယ်အသီးသီးကို အပြည့်အဝ ထိန်းချုပ်မှု ရရှိသင့်သည့် အစိုးရအဆင့်**





*မှတ်ချက်* - ဤမေးခွန်းများအတွက် N (တိုင်းဒေသကြီးများတွင် နေထိုင်သည့်ဗမာများ) မှာ 1,073 မှ 1,079 ဦး ပါဝင်ပါသည်။ N (ပြည်နယ်များတွင် နေထိုင်သည့်ဗမာများ)မှာ 452 ဦးမှ 455 ဦး ပါဝင်ပါသည်။ N (တိုင်းရင်းသားပြည်နယ်များတွင် နေထိုင်သည့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများ) မှာ 630 မှ 637 ဦး ပါဝင်ပါသည်။ N (တိုင်းရင်းသားပြည်နယ်များပြင်ပတွင် နေထိုင်သည့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများ) မှာ 422 ဦးမှ 428 ဦး ရှိပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ကြည့်ပါ)။ ဗမာများအကြားတွင် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးကို ထောက်ခံမှုမှာ ပြည်နယ်များတွင် နေထိုင်သူများနှင့် တိုင်းဒေသကြီးများတွင် နေထိုင်သူများအကြား ကွာခြားချက်မရှိပါ (ပုံ ၂-၂၄ ကို ကြည့်ပါ)။

**ပုံ ၂-၂၄ ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ထောက်ခံမှု ဆက်စပ်ချက်**




*မှတ်ချက်* - ၉၅ ရာခိုင်နှုန်း ယုံကြည်မှုအတိုင်းအတာ (confidence interval) များ။ N ဗမာ = 1,170 ။ N လူနည်းစု လူမျိုးများ = 985 ။ မှီခိုကိန်းရှင် (dependent variable) ကို ၄ မှတ် စကေးဖြင့် တိုင်းတာပါသည်။ အမျိုးသား ဝိသေသလက္ခဏာ (National identity) တိုင်းတာချက်ကို စံကိုက် (standardize) ပြုလုပ်ထားပါသည်။ အခြား လွတ်လပ်ကိန်းရှင်များအားလုံးမှာ ၀-၁ စကေး ဖြစ်ပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ။

## ၂-၇ လူမျိုးအခြေပြုဖက်ဒရယ်စနစ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် သက်ရောက်မှုများကို လေ့လာခြင်း

ဖက်ဒရယ်စနစ်ဆိုသည်မှာ လူမျိုးအုပ်စုများ (သာမန်အားဖြင့် လူနည်းစုများ)အတွက် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံချက်ပေးထားပြီး ဗဟို/ပြည်ထောင်စုနှင့် ပြည်နယ်နှင့် တိုင်း/နယ်မြေဒေသ အစိုးရများအကြား အာဏာခွဲဝေထားသည့် စနစ်ဖြစ်ပြီး ဖက်ဒရယ်စနစ်အတွက် တိုက်ပွဲဝင်ခြင်းမှာ မြန်မာနိုင်ငံ စတင်တည်ထောင်ချိန်မှစ၍ မြန်မာနိုင်ငံရေးတွင် ကာလကြာရှည် စွဲမြဲလျက်ရှိသည့် အကြောင်းအရာတစ်ရပ်ဖြစ်ပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တည်ထောင်ရန် ချုပ်ဆိုခဲ့သည့် သမိုင်းဝင်စာချုပ်

ဖြစ်သော ၁၉၄၇ ခုနှစ် ပင်လုံစာချုပ်တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို 'တောင်တန်းဒေသများအတွက် နယ်တွင်း အုပ်ချုပ်ရေးတွင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝ ရှိကြောင်း မူအားဖြင့်လက်ခံသည်' ဟု ထည့်သွင်းချုပ်ဆိုထားပါသည်။[၂၆] သို့ရာတွင် ၁၉၄၇ ခုနှစ်၊ ၁၉၇၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ဖက်ဒရယ်သွင်ပြင်လက္ခဏာအချို့ ပါဝင်သော်လည်း မြန်မာနိုင်ငံသည် ပြည်နယ်များသို့ ဗဟိုချုပ်ကိုင်မှု အများဆုံးလျှော့ချပေးရန် စည်းရုံးတိုက်တွန်းသူများ မျှော်မှန်းထားသည့် အတိုင်းအတာအထိ ဗဟိုချုပ်ကိုင်မှု လျှော့ချခဲ့ခြင်း မရှိပါ။

၂၀၂၁ ခုနှစ် အာဏာသိမ်းမှုဖြစ်ပွားပြီးချိန်မှစ၍ ဒီမိုကရေစီအင်အားစုများသည် အနာဂတ်မြန်မာနိုင်ငံအတွက် မျှော်မှန်းချက်ကို ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) တွင် အကျဉ်းဖော်ပြခဲ့ပါသည်။ FDC မှာ စစ်ဘက်က ပြုစုခဲ့သော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အစားထိုးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်၏ ရှေ့ပြေးဖြစ်သည်ဟု အများက ယူဆကြပါသည်။[၂၇] FDC တွင် မြန်မာနိုင်ငံကို ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုအဖြစ် ပြန်လည်ဖွဲ့စည်းတည်ထောင်မည်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြထားပါသည်။

သို့ရာတွင် ဖက်ဒရယ်စနစ်မှာ လူမျိုးအခြေပြုဖြစ်စေ၊ နယ်မြေဒေသအခြေပြု ဖြစ်စေ၊ ကျင့်သုံးနိုင်ပြီး မြန်မာနိုင်ငံသည် မည်သည့်အမျိုးအစားကို ကျင့်သုံးမည်ဖြစ်ကြောင်း၊ သို့မဟုတ် နှစ်မျိုးလုံးကို ရောနှောကျင့်သုံးမည်ဖြစ်ကြောင်း မရှင်းလင်းသေးပါ။ ပထမ အမျိုးအစားမှာ အင်္ဂလိပ်ဘာသာဖြင့် ethnofederalism ဟုလည်း ခေါ်ပြီး ပထဝီနယ်မြေအလိုက် စုဝေးနေထိုင်ကြသောလူမျိုးများကို ယင်းနယ်မြေဒေသတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးသည့်စနစ်ဖြစ်ပါသည် (Anderson 2014)။ ဤစနစ်တွင် ပြည်နယ်များသည် တိုင်းရင်းသားလူမျိုးများ၏ အစဉ်အလာ နေရပ်ဒေသများနှင့် အရင်းအမြစ်များဆိုင်ရာ အခွင့်အရေးများ၊ ရုံးသုံးနှင့် ပညာရေးအတွက် မိမိတို့ဘာသာစကားကို သုံးစွဲခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို အသိအမှတ်ပြုပြီး အင်စတီကျူးရှင်းများ တည်ဆောက်ပေးပါသည် (Breen and He 2020)။ နယ်မြေဒေသ အခြေပြု ဖက်ဒရယ်စနစ်ကို အင်္ဂလိပ်ဘာသာဖြင့် territorial federalism ဟုလည်း

၂၆ ပင်လုံစာချုပ်နှင့် ပင်လုံစာချုပ်၏ အမွေကို သိရှိနားလည်ရေး ရှုပ်ထွေးမှုကို Walton (2008) တွင် ဖတ်ရှုနိုင်ပါသည်။

၂၇ FDC ဆန်းစစ်ချက်ကို International IDEA (2022)တွင် လေ့လာနိုင်ပါသည်။

ခေါ်ပြီး ဤစနစ်တွင်မူ ပြည်နယ်နယ်နိမိတ်များကို 'လူမျိုး၊ ဘာသာစကားနှင့် သမိုင်းတစ်လျှောက် စဉ်ဆက်မပြတ်မှုတို့ထက် ပထဝီနယ်မြေ တစ်ဆက် တစ်စပ်တည်းဖြစ်မှု၊ စီးပွားရေးအရင်းအမြစ်များနှင့် အခြေခံအဆောက်အအုံ ကဲ့သို့သော စံနှုန်းများအပေါ်အခြေခံ၍' သတ်မှတ်ပါသည် (Breen and He 2020)။ ပြည်ထောင်စုအဆင့်အောက် ယူနစ် သို့မဟုတ် ပြည်နယ်များသတ်မှတ် ရာတွင် အသုံးပြုမည့် စံနှုန်းများကို FDC တွင် သတ်မှတ်ထားခြင်း မရှိသေးပါ (International IDEA 2022)။

သို့ရာတွင် လူနည်းစုလူမျိုး ခေါင်းဆောင်များသည် ယေဘုယျအားဖြင့် ယခင်ကစ၍ ယခုတိုင် လူမျိုးအခြေပြု ဖက်ဒရယ်စနစ်ကို လိုလားကြပါသည် (Breen and He 2020; Wansai 2024)။ လူနည်းစုလူမျိုးများအနက် သာမန် ပြည်သူလူထုသည် နယ်မြေဒေသအခြေပြု ဖက်ဒရယ်စနစ်ထက် လူမျိုးအခြေ ပြု ဖက်ဒရယ်စနစ်ကို ပိုမို၍လိုလားခြင်း ရှိမရှိ မသိရှိရပါ။ Michael G. Breen နှင့် Boagang He တို့ ၂၀၁၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော လေ့လာချက်တစ်ခုတွင် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေကြားသူ ၁၆၆ ဦးကို မေးမြန်းခဲ့ ရာ ၆၀ ရာခိုင်နှုန်းက တိုင်းရင်းသားပြည်နယ်များ တည်ထောင်ရေးကို ထောက်ခံ ကြပါသည်။ စဉ်းစားဆွေးနွေးမှုများ ပြုလုပ်ပြီးနောက် ထပ်မံမေးမြန်းရာ ထောက်ခံသူ ၄၃ ရာခိုင်နှုန်း သို့ ကျဆင်းသွားပါသည် (Breen and He 2020)။ လူနည်းစုလူမျိုး သာမန်ပြည်သူလူထုအကြားတွင် လူမျိုးအခြေပြု ဖက်ဒရယ် စနစ်ကို ထောက်ခံမှုအတော်အတန်ရှိသည်ဟု ညွှန်ပြလျက်ရှိပါသည်။

ဤအပိုင်းတွင် မတူကွဲပြားသော လူ့အဖွဲ့အစည်းများအပေါ် လူမျိုးအခြေ ပြု ဖက်ဒရယ်စနစ်၏ သက်ရောက်မှုများကို လေ့လာဖော်ပြထားပါသည်။ လက်ရှိ ပညာရပ်စာပေတွင် ဤအကြောင်းအရာအတွက် ရှင်းလင်းသော အဖြေ ကို ဖော်ပြထားခြင်းမရှိပါ။ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်သည် လူနည်းစု လူမျိုးများ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ပြီး (Hechter 2000) နိုင်ငံမှ ခွဲမထွက်စေရန် တားဆီးနိုင်သည်ဟု ယူဆချက်များ ရှိသကဲ့သို့ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်ကျင့်သုံးလျှင် နိုင်ငံမှခွဲထွက်မှုဖြစ် နိုင်သည့် အလားအလာ ပိုမိုများပြားလာမည်ဟု ယူဆချက်များလည်း ရှိပါ သည် (Roeder 2009)။ ဤစိုးရိမ်ပူပန်မှုကို ၂-၆-၆ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်း တွင် ဖော်ပြထားသည့် အချက်အလက်ပိုင်း တုံ့ပြန်ဖြေကြားချက်အချို့တွင် လည်း တွေ့မြင်နိုင်ပါသည်။ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်အောက်တွင် လူမျိုး

များအကြား ဆက်ဆံရေးများ ဆိုးဝါးလာမည်ကို စိုးရိမ်ပူပန်မှုများလည်း ရှိပါသည် (Juon and Rohrbach 2023)။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာနိုင်ငံပကတိအခြေအနေတွင် ဖက်ဒရယ်ဒီမိုကရေစီကို အကောင်အထည်ဖော်ရာ၌ အရေးပါသော စိုးရိမ်ပူပန်မှုတစ်ရပ်မှာ ဗဟိုချုပ်ကိုင်သော ဗမာလူမျိုးဗဟိုပြု အင်စတီကျူးရှင်းများနေရာတွင် ပြည်နယ်များရှိ လူနည်းစုအုပ်စုများ၏ အကျိုးစီးပွားကို ထိခိုက်လျက် ပြည်နယ်အမည်ရ လူအုပ်စုများ၏ အကျိုးစီးပွားများကို မြှင့်တင်ဆောင်ရွက်မည့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော အင်စတီကျူးရှင်းများဖြင့် အစားထိုးရုံမျှသာ ဖြစ်မည်လောဟူသည့် စိုးရိမ်ပူပန်မှု ဖြစ်ပါသည်။

မြန်မာနိုင်ငံ ပကတိအခြေအနေတွင် ဖက်ဒရယ်ဒီမိုကရေစီကို အကောင်အထည်ရာ၌ အရေးပါသော စိုးရိမ်ပူပန်မှုတစ်ရပ်မှာ ဗဟိုချုပ်ကိုင်သော ဗမာလူမျိုးဗဟိုပြု အင်စတီကျူးရှင်းများနေရာတွင် ပြည်နယ်များရှိ လူနည်းစုအုပ်စုများ၏ အကျိုးစီးပွားကို ထိခိုက်လျက် ပြည်နယ်အမည်ရ လူအုပ်စုများ၏ အကျိုးစီးပွားများကို မြှင့်တင်ဆောင်ရွက်မည့် ဗဟိုချုပ်ကိုင်မှုလျှော့ချထားသော အင်စတီကျူးရှင်းများဖြင့် အစားထိုးရုံမျှသာ ဖြစ်မည်လော ဟူသည့် စိုးရိမ်ပူပန်မှုဖြစ်ပါသည်။

လူမျိုးအခြေပြု ဖက်ဒရယ်စနစ်၏ သက်ရောက်မှုများကို လေ့လာရန် စစ်တမ်းအတွင်း လက်တွေ့စမ်းသပ်ချက်တစ်ရပ်ကို ထည့်သွင်းပြုလုပ် ခဲ့ပါသည်။ ဤသုတေသန ဒီဇိုင်းပုံစံကို လူမှုသိပ္ပံပညာရှင်များက အကြောင်းရင်းကို ရှာဖွေဖော်ထုတ်သည့် မေးခွန်းများကိုလေ့လာရာတွင် မကြာခဏ အသုံးပြုကြပါသည်။ ဤချဉ်းကပ်ပုံတွင် ဆောင်ရွက်ချက်တစ်ရပ်အတွက် နှိုင်းယှဉ်သည့် အုပ်စုများအကြား ကွာခြားချက်များကို အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ချက်ကို ကျပန်းရွေးချယ် ပြုလုပ်ပါသည်။ ဆောင်ရွက်ချက်ပြုလုပ်ရန် ကျပန်းရွေးချယ်သဖြင့် နှိုင်းယှဉ်သည့် အုပ်စုများမှာ အလားတူ အုပ်စုများဖြစ်ပါမည်။ ထိုအခါ ထွက်ပေါ်လာသည့် ကွာခြားချက်များမှာ ဆောင်ရွက်ချက်ကြောင့် ဖြစ်သည်ဟု ဖော်ထုတ်နိုင်ပါမည်။

လက်တွေ့စမ်းသပ်ရန်အတွက် ဖြေကြားသူထက်ဝက်ကို ကျပန်းရွေးချယ်လျက် ဆောင်ရွက်ချက် ပြုလုပ်သည့် အုပ်စုသို့ ထည့်သွင်းပါသည်။ ကျန်ထက်ဝက်မှာ ထိန်းချုပ်အုပ်စု (control group) ဖြစ်ပါသည်။ ဆောင်ရွက်ချက်မှာ လူမျိုးအခြေပြုဖက်ဒရယ်စနစ်အကြောင်း ဖော်ပြသည့်စာပိုဒ်ကို ဖတ်ရှုစေခြင်းဖြစ်ပါသည်။ ဖြေကြားသူများကို စာပိုဒ်ကိုဖတ်ရှုခြင်းဖြင့် မိမိတို့လူမျိုး၏ ပြည်နယ်အဆင့် အနေအထားကိုစဉ်းစားရန် ကြိုတင်၍လမ်းကြောင်းဖော်ထုတ်အစပျိုးပေးပါသည်။ သို့ဖြင့် အချို့ဖြေကြားသူများသည် မိမိတို့၏အဆင့်အတန်းကို ပြည်နယ်အမည်ရအုပ်စုအဖြစ် (သက်ဆိုင်ရာ ပြည်နယ်အတွင်း အထူးအဆင့်အတန်းနှင့် အခွင့်အရေးများရရှိခြင်း) တွေးထင်စဉ်းစားလာမည် ဖြစ်သည်။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့အဆိုပြုယူဆသည်မှာ နောက်ပိုင်းဆက်လက်

မေးမြန်းသည့် မေးခွန်းများကို ဖြေဆိုရာတွင် သက်ရောက်မှုရှိလာမည်ဟု ဖြစ်သည်။ ကျပန်းရွေးချယ်လျက် ထိန်းချုပ်အုပ်စု (control group) တွင် ပါဝင်သော ဖြေကြားသူထက်ဝက်ကိုမူ နိုင်ငံရေးနှင့် လုံးဝမသက်ဆိုင်သည့် အတိုအရှည်ဆင်တူသော စာပိုဒ်ကိုဖတ်ရှုစေပါသည်။ မြစ်များ၊ ဇီဝမျိုးစုံမျိုးကွဲခြင်း၊ သို့မဟုတ် စိုက်ပျိုးရေးဆိုင်ရာ အကြောင်းအရာများဖြစ်ပါသည်။

ဖြေကြားသူများသည် စမ်းသပ်ချက်စာပိုဒ် သို့မဟုတ် ထိန်းချုပ်စာပိုဒ်ကို ဖတ်ရှုပြီးသောအခါ ၎င်းတို့ကို အင်စတီကျူးရှင်းများနှင့် စပ်လျဉ်း၍ လိုလားချက်များ၊ လူမျိုးအချင်းချင်း ဆက်ဆံရေးများနှင့် လူနည်းစုကို ပံ့ပိုးပေးသည့် မူဝါဒများကို ထောက်ခံမှုတို့ဆိုင်ရာ မေးခွန်းအချို့မေးမြန်းပါသည်။ ယင်းအုပ်စုနှစ်စု (ဆောင်ရွက်ချက်အုပ်စုနှင့် ထိန်းချုပ်အုပ်စု) အကြား ရလဒ်ကွာခြားချက်များကို ဇယား ၂-၄ တွင် ဖော်ပြထားပါသည်။ အုပ်စုနှစ်စုအကြား စာရင်းအင်းပညာရှုထောင့်မှ အရေးပါအရာရောက်သည့် ကွာခြားချက်မတွေ့ရှိရလျှင် 'Null' (ဗလာ) ရလဒ်ဖြစ်ပါသည်။ စာရင်းအင်းပညာရှုထောင့်မှ အရေးပါအရာရောက်သည့် ကွာခြားချက်များကို အနီရောင် (အနုတ်လက္ခဏာသက်ရောက်မှု) နှင့် အစိမ်းရောင် (အပေါင်းလက္ခဏာသက်ရောက်မှု) တို့ဖြင့် ဖော်ပြထားပါသည်။ ယင်းသက်ရောက်မှုများမှာ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်ကျင့်သုံးခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် 'သက်ရောက်မှုများ'ကို ဖော်ပြသည့် အထောက်အထားအဖြစ် အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။

ဇယား ၂-၄ တွင် ဖော်ပြထားသည့်အတိုင်းရလဒ်အများစုမှာ 'Null' (ဗလာ) ရလဒ်ဖြစ်ပါသည်။ ပြည်နယ်အတွင်း လူမျိုးတစ်မျိုးက အထူးအဆင့်အတန်းနှင့် အခွင့်အရေးများရရှိသည့် ပကတိအခြေအနေကို အသွင်တူဖန်တီးခြင်းဖြင့် (ဆိုလိုသည်မှာ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်အောက်တွင် နေထိုင်သည့် အပိုင်းကဏ္ဍတစ်ရပ်ကို ပုံတူပြုလုပ်ခြင်းဖြင့်) ကိုယ်ပိုင်ပြဌာန်းခွင့်ကို ထောက်ခံမှု ပြောင်းလဲသွားခြင်းမရှိပါ။ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်သည် နိုင်ငံ၏ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲရေးကို ထိခိုက်နိုင်သည့် အထောက်အထားမရှိပါ။ သက်ဆိုင်ရာ တိုင်းရင်းသားပြည်နယ်တွင် နေထိုင်ကြသော ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်ကို ထောက်ခံမှုမှာ တသမတ်တည်းဖြစ်ပြီး ပြောင်းလဲခြင်းမရှိပါ။ ပြည်နယ်များတွင် နေထိုင်ကြသော ဗမာများနှင့် ပြည်နယ်အမည်မရ လူနည်းစုလူမျိုးများအတွက်လည်း

လူမျိုးအခြေပြု ဖက်ဒရယ်စနစ်သည် လေ့လာခဲ့သောရလဒ်များကို ပြောင်းလဲစေခြင်း မတွေ့ရှိရပါ။

**ဇယား ၂-၄ လက်တွေ့စမ်းသပ်မှုရလဒ်များ**

| | တိုင်းဒေသကြီးများတွင်နေထိုင်သော ဗမာများ | ပြည်နယ်များတွင်နေထိုင်သော ဗမာများ | တိုင်းရင်းသားပြည်နယ်များတွင်နေထိုင်သော ပြည်နယ်အမည်ရလူနည်းစုလူမျိုးများ | ပြည်နယ်အမည်မရလူနည်းစုလူမျိုးများ |
|---|---|---|---|---|
| ကိုယ်ပိုင်ပြဌာန်းခွင့်ကို ထောက်ခံမှု | NA | NA | Null | Null |
| လူမျိုးအပေါ် ဂုဏ်ယူမှု | Null | Null | -^ | Null |
| လူနည်းစုများကို ယုံကြည်မှု | Null | NA | -* | NA |
| ဗမာများကို ယုံကြည်မှု | NA | NA | -^ | Null |
| ပြည်နယ်အမည်ရအုပ်စုကို ယုံကြည်မှု | NA | Null | NA | Null |
| လူနည်းစုဝင်နှင့် လက်ထပ်ခြင်းကို ထောက်ခံမှု | Null | NA | Null | NA |
| ဗမာနှင့် လက်ထပ်ခြင်းကို ထောက်ခံမှု | NA | NA | Null | Null |
| ပြည်နယ်အမည်ရလူမျိုးနှင့် လက်ထပ်ခြင်းကို ထောက်ခံမှု | NA | Null | NA | Null |
| လူနည်းစုဘာသာစကားကို ကာကွယ်စောင့်ရှောက်မှု | Null | NA | -^ | NA |
| လူနည်းစုများအတွက် လျာထားးရာထူးနေရာများ | +** | NA | Null | NA |
| ပြည်နယ်အမည်ရလူမျိုး ဘာသာစကားကို ကာကွယ်စောင့်ရှောက်မှု | NA | Null | NA | Null |
| ပြည်နယ်အမည်ရလူနည်းစုများအတွက် လျာထားးရာထူးနေရာများ | NA | Null | NA | Null |
| ဗမာများအတွက် လျာထားးရာထူးနေရာများ | NA | NA | Null | Null |
| လူမျိုးတူများအတွက် သီးသန့် အများပြည်သူဝန်ဆောင်မှု | NA | NA | Null | NA |
| လူမျိုးတူများသာ ပြည်နယ်ဝန်ကြီးချုပ် ဖြစ်နိုင်ခြင်း | NA | NA | Null | NA |

*မှတ်ချက်များ* - အရာရောက်အဆင့်များ (Significance levels) - ^ = 0.1; * = 0.05; ** = 0.01.

NA ဆိုသည်မှာ ဖြေကြားသူကို သက်ဆိုင်ရာ ရလဒ်အတွက် မေးခွန်းမမေးမြန်းခဲ့ဟု ဆိုလိုပါသည်။

Null ဆိုသည်မှာ သက်ရောက်မှုမရှိဟု ဆိုလိုပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

လူမျိုးတစ်မျိုးက အထူးအဆင့်အတန်းနှင့် အခွင့်အရေးများရရှိနေသည့် အခြေအနေကို အထင်အရှား ဖော်ပြခြင်းသည် ပြင်ပအုပ်စု/အခြားသူဟုရှုမြင်သည့်အုပ်စု (outgroup) များအပေါ်ထားရှိသော သဘောထားများအပေါ်တွင်မူ သက်ရောက်မှုအချို့ ရှိပါသည်။ တိုင်းရင်းသား ပြည်နယ်အတွင်း နေထိုင်လျက်ရှိသော ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများသည် ၎င်းတို့ပြည်နယ်အတွင်းရှိ အခြားလူနည်းစုလူမျိုးများနှင့် ဗမာများကို ယုံကြည်မှုလျော့နည်းသွားပြီး အခြားလူနည်းစု ဘာသာစကားများကို အားပေးမြှင့်တင်သည့် မူဝါဒများကို ထောက်ခံမှုလည်း နည်းပါးသွားပါသည်။ သို့ရာတွင် တိုင်းဒေသကြီးများတွင် နေထိုင်ကြသော ဗမာများအတွက်မူ လူမျိုးအခြေပြု ဖက်ဒရယ်စနစ်အခြေအနေကို ဖော်ပြခြင်းဖြင့် လူနည်းစုများအတွက် ရာထူးနေရာများ လျာထားပေးရေးပိုမို၍ ထောက်ခံလာကြပါသည်။

## ၂-၈ အဓိက နိုင်ငံရေးဆောင်ရွက်နေသူများအပေါ် ယုံကြည်မှု


ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြုစုသည့် လုပ်ငန်းစဉ်တွင် အဓိကအရေးပါသော နိုင်ငံရေးဆောင်ရွက်သူများသည် နိုင်ငံရေးဆွေးနွေးမှုများကို အလေးအနက် ခံယူမှုဖြင့်ပါဝင်ဆွေးနွေးရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် သာမန်ပြည်သူလူထုက ယင်းနိုင်ငံရေး ဆောင်ရွက်သူများကို မည်သို့ရှုမြင်ကြပါသနည်း။ ဤအပိုင်းတွင် သာမန်ပြည်သူလူထုသည် နိုင်ငံရေးဆွေးနွေးမှုများတွင် လက်ရှိ ပါဝင်လျက်ရှိသော (သို့မဟုတ် ပါဝင်သင့်သော) အဓိကအရေးပါသည့် နိုင်ငံရေးအဖွဲ့အစည်းများအပေါ် မည်မျှယုံကြည်မှုရှိကြောင်း လေ့လာထားပါသည်။

အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ယုံကြည်မှု အလွန်များပြားပြီး နမူနာတွင် ပါဝင်သူ ၇၀ ရာခိုင်နှုန်းက ယုံကြည်ကြောင်း ဖြေကြားပါသည် (ပုံ ၂-၂၅ ကို ကြည့်ပါ)။ ဤအချက်မှာ ၂၀၂၂ ခုနှစ် စစ်တမ်းကောက်ယူစဉ်က တွေ့ရှိချက်များနှင့် ကိုက်ညီပါသည်။ ထိုစဉ်က ဖြေကြားသူ ၆၂ ရာခိုင်နှုန်းက အမျိုးသားညီညွတ်ရေးအစိုးရ (NUG)၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)၊ အမျိုးသားညီညွတ်ရေးအတိုင်ပင်ခံကောင်စီ (NUCC) ကဲ့သို့သော ကြားကာလအစိုးရ အင်စတီကျူးရှင်းများကို ရှုမြင်ပုံကောင်းမွန်ပါသည်။

**အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ကို ယုံကြည်မှုအလွန်များပြားပြီး နမူနာတွင် ပါဝင်သူ ၇၀ ရာခိုင်နှုန်းက ယုံကြည်ကြောင်း ဖြေကြားပါသည်။**

သို့ရာတွင် ကွာခြားချက်များရှိသည်ကို သတိပြုသင့်ပါသည်။ ဗမာများနှင့် နှိုင်းယှဉ်လျှင် လူနည်းစုလူမျိုးများအကြား NUG ကို ယုံကြည်မှု အနည်းငယ်နိမ့်ကျသည်ဟု ယူဆဖွယ်ရာ အထောက်အထားအချို့ တွေ့ရှိရပါသည်။ လူနည်းစုလူမျိုးများအကြား သံသယစိတ်လက်ကျန် ရှိနေသေးသည်ဟု ဖော်ပြနေပါသည်။ ဗမာများအကြားတွင် တိုင်းဒေသကြီးများတွင် နေထိုင်သူများနှင့် နှိုင်းယှဉ်ပါက ပြည်နယ်များတွင် နေထိုင်သူများသည် NUG ကို ယုံကြည်မှု ပိုမိုနည်းပါးပါသည် (ပုံ ၂-၂၆ ကို ကြည့်ပါ)။ ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြားတွင် သက်ဆိုင်ရာတိုင်းရင်းသားပြည်နယ်များပြင်ပတွင် နေထိုင်သူများနှင့် နှိုင်းယှဉ်လျှင် သက်ဆိုင်ရာတိုင်းရင်းသား ပြည်နယ်များအတွင်းနေထိုင်သူများသည် NUG ကို ယုံကြည်မှု ပိုမိုနည်းပါးပါသည် (ပုံ ၂-၂၅ ကို ကြည့်ပါ)။


**ပုံ ၂-၂၅ နိုင်ငံရေးဆောင်ရွက်သူများကို ယုံကြည်မှု**




*မှတ်ချက်* - N (ဗမာ—NUG) = 1,332 ။ N (လူနည်းစုလူမျိုး—NUG) = 1,088 ။ N (ဗမာ—PDF) = 1,276 ။ N (လူနည်းစုလူမျိုး—PDF) = 1,042 ။ N (Bamar—SAC) = 1,192 ။ N (လူနည်းစုလူမျိုး—SAC) = 973 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

**ပုံ ၂-၂၆ ဗမာများနှင့် ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများအကြား NUG ကို ယုံကြည်မှု ဆက်စပ်ပုံ**




*မှတ်ချက်* - ၉၅ ရာခိုင်နှုန်း ယုံကြည်မှုအတိုင်းအတာ (confidence interval) များ။ N (ဗမာ) = 1,121 ။ N (ပြည်နယ်အမည်ရ လူနည်းစုလူမျိုးများ) = 791 ။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်း စစ်တမ်းမှ ရရှိသည့် အချက်အလက်များ

PDF နှင့် စပ်လျဉ်း၍လည်း ယုံကြည်မှုအလွန်များပြားကြောင်း တွေ့ရှိရပါသည်။ ဖြေကြားသူ ၇၅ ရာခိုင်နှုန်းက ယုံကြည်သည်ဟု ဆိုပါသည်။ ဤတွေ့ရှိချက်မှာ ၂၀၂၂ ခုနှစ် စစ်တမ်းကောက်ယူစဉ်က မှတ်တမ်းတင်ခဲ့သည့် ၆၈ ရာခိုင်နှုန်း ကောင်းမွန်သောသဘောထားများနှင့်လည်း ကိုက်ညီပါသည်။ ဗမာများအကြား တိုင်းဒေသကြီးများတွင် နေထိုင်သူများနှင့် နှိုင်းယှဉ်လျှင် ပြည်နယ်များတွင် နေထိုင်သူများသည် PDF ကို ယုံကြည်မှုနည်းပါးလေ့ရှိပါသည်။ သို့သော် လူငယ်များအကြားတွင်မူ ဗမာလူငယ်များရော၊ လူနည်းစုလူမျိုးလူငယ်များပါ PDF ကို ယုံကြည်သူက ပိုမိုများပြားပါသည်။

ဆန့်ကျင်ဘက်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ကို ယုံကြည်မှုအဆင့် နည်းပါးသည်ဟု ဖြေကြားကြပါသည်။ ဖြေကြားသူအားလုံး အနက် ၃၄ ရာခိုင်နှုန်းကသာ SAC ကို ယုံကြည်သည်ဟု ဆိုပါသည်။ ဤမေးခွန်းကို မဖြေသည့်နှုန်းမှာ မြင့်မားခြင်းကြောင့် (၁၇ ရာခိုင်နှုန်းက မဖြေ

ကြပါ) ပြည်သူလူထုအကြား ယုံကြည်မှုနှုန်းမှာ ဤကိန်းဂဏန်းထက် လျော့နည်းမည်ဟု ယူဆပါသည်။ ဤအချက်မှာလည်း ၂၀၂၂ ခုနှစ် စစ်တမ်းတွင် တွေ့ရှိခဲ့သည့် ၃၀ ရာခိုင်နှုန်း ယုံကြည်မှုနှင့် ကိုက်ညီပါသည်။


တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များသည် အာဏာသိမ်းမှုဖြစ်စဉ်အလွန် မြန်မာနိုင်ငံတွင် နိုင်ငံရေးလုပ်ငန်းစဉ်များအတွင်း သြဇာသက်ရောက်မှုအများဆုံး ပါဝင်နေသူများဖြစ်သည်ဟု ကျယ်ကျယ်ပြန့်ပြန့် ယူဆကြပါသည်။ ၂၀၂၂ ခုနှစ် စစ်တမ်းတွင် နမူနာတွင် ပါဝင်သူ ၆၁ ရာခိုင်နှုန်းသည် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များအပေါ် အပေါင်းလက္ခဏာသဘောဆောင်သော စိတ်ခံစားမှုများရှိကြသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် ဖြေကြားသူများကို တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်း (ERO) များအကြောင်း ယေဘုယျသာလျှင် မေးမြန်းခဲ့ပြီး ERO များအကြား ကွာခြားချက်အများအပြားကို ထည့်သွင်းမေးမြန်းခဲ့ခြင်း မရှိကြောင်း ဤနေရာတွင် သတိမူရပါမည်။ မြန်မာနိုင်ငံတွင် သာမန်ပြည်သူလူထု၏ ERO များအပေါ် ရှုမြင်ပုံကို ထပ်မံ၍စူးစမ်းလေ့လာရန် ဖြေကြားသူများကို မိမိတို့ပြည်နယ်တွင် လှုပ်ရှားမှုအများဆုံး ERO ကို ယုံကြည်မှုအဆင့် မည်မျှရှိကြောင်း မေးမြန်းခဲ့ပါသည်။ ဥပမာ ကချင်ပြည်နယ်မှ ဖြေကြားသူများကို KIO နှင့် စပ်လျဉ်း၍ မေးမြန်းခဲ့ပါသည်။

ယေဘုယျအားဖြင့် ဖြေကြားသူများသည် AA ၊ KIO ၊ KNU နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့နှင့် ဆက်စပ်သော ERO များကို ယုံကြည်မှုအဆင့် ပိုမိုမြင့်မားပါသည် (နမူနာတွင် ပါဝင်သူအားလုံးအနက် ၆၅ ရာခိုင်နှုန်းက ERO များကို ယုံကြည်သည်ဟုဆိုပါသည်)။ သို့ရာတွင် ERO များအကြားတွင် လူမျိုးတူနှင့် လူမျိုးမတူ ERO များကို ယုံကြည်မှုကွာခြားချက်မှာ ရှင်းလင်းသိသာပါသည် (ပုံ ၂-၂၇ ကို ကြည့်ပါ)။ ERO များအပါအဝင် အကျိုးသက်ဆိုင် ပါဝင်သူများသည် ဤကွာခြားချက်ကိုသိရှိပြီး လူမျိုးမတူသူများ၏ ယုံကြည်မှုကို ရရှိရန် ဆောင်ရွက်သင့်ပါသည်။

ဥပမာ ရခိုင်ပြည်နယ်တွင် အာရက္ခ(ရခိုင်) ဖြေကြားသူ ၉၂ ရာခိုင်နှုန်းက AA ကို ယုံကြည်သည်ဟုဆိုပြီး အာရက္ခမဟုတ်သော ဖြေကြားသူ ၇၄ ရာခိုင်နှုန်းကသာ AA ကို ယုံကြည်သည်ဟု ဆိုပါသည်။ ကချင်ပြည်နယ်တွင် ကချင်လူမျိုးဖြေကြားသူ ၉၀ ရာခိုင်နှုန်းက KIO ကို ယုံကြည်သည်ဟု ဆိုပါသည်။

ကချင်လူမျိုးမဟုတ်သူများအနက် သုံးပုံနှစ်ပုံ (၆၁ ရာခိုင်နှုန်း) ကသာ KIO ကို ယုံကြည်သည်ဟု ဆိုပါသည်။ အလားတူ ကရင်ပြည်နယ်တွင် ကရင်လူမျိုး ဖြေကြားသူ ၈၀ ရာခိုင်နှုန်းက KNU ကို ယုံကြည်သည်ဟု ဆိုပြီး ကရင်မဟုတ်သော ဖြေကြားသူများအကြားတွင်မူ ယုံကြည်သူ ၇၂ ရာခိုင်နှုန်းသို့ လျော့ကျသွားပါသည်။

**ပုံ ၂-၂၇ ERO တစ်ဖွဲ့ချင်းအပေါ် ယုံကြည်မှု**





*မှတ်ချက်များ* - နမူနာတွင် ပါဝင်သည့်အရေအတွက် ကန့်သတ်ချက်များကြောင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ကဲ့သို့ အခြား ERO များအပေါ် ယုံကြည်မှုကို လေ့လာနိုင်ခြင်းမရှိပါ။ N (လူမျိုးတူ) မှာ ၈၅ ဦးမှ ၁၅၀ ဖြစ်ပါသည်။ N (လူမျိုးတူမဟုတ်) မှာ ၁၀၀ မှ ၆၂၁ ဦး ဖြစ်ပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

ERO တစ်ဖွဲ့နှင့်တစ်ဖွဲ့လည်း မတူညီပါ (ပုံ ၂-၂၈ တွင် ကြည့်ပါ)။ ဥပမာ တအာင်း မဟုတ်သူများအကြားတွင် ၅၄ ရာခိုင်နှုန်းက တအာင်းအမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA) ကို ယုံကြည်သည်ဟု ဖြေကြားပါသည်။ NMSP အတွက်မူ မွန်ပြည်နယ်နေ မွန်လူမျိုး ဖြေကြားသူများအနက် ၇၄ ရာခိုင်နှုန်းက ယုံကြည်သော်လည်း မွန်မဟုတ်သော ဖြေကြားသူများအနက် ၄၀ ရာခိုင်နှုန်းကသာ ယုံကြည်သည်ဟုဆိုပါသည်။ ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) နှင့် မြန်မာအမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် (MNDAA) ကို ယုံကြည်သည့်ရာခိုင်နှုန်းမှာ ထို့ထက်ပင် ပိုမိုနည်းပါးပါသည်။ ပအိုဝ်း မဟုတ်သူ ၃၆ ရာခိုင်နှုန်းက PNO ကို ယုံကြည်သည်ဟု ဖြေကြားပြီး ကိုးကန့် မဟုတ်သူ ၃၁ ရာခိုင်နှုန်းက MNDAA ကို ယုံကြည်သည်ဟု ဖြေကြားပါသည်။

**ပုံ ၂-၂၈ ERO တစ်ဖွဲ့ချင်းအပေါ် ယုံကြည်မှု**




*မှတ်ချက်များ* - နမူနာတွင် ပါဝင်သူအရေအတွက် ကန့်သတ်ချက်များကြောင့် TNLA, MNDAA နှင့် PNO တို့ အတွက် လူမျိုးတူများအကြား ယုံကြည်မှုကို လေ့လာနိုင်ခြင်းမရှိပါ။

N (လူမျိုးတူ) မှာ ၈၅ ဦးမှ ၁၅၀ ဖြစ်ပါသည်။ N (လူမျိုးမတူ) မှာ ၈၆ ဦးမှ ၆၂၁ ဦး ဖြစ်ပါသည်။

*ရည်ညွှန်း* - Qualtrics မှတဆင့် International IDEA က ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော အွန်လိုင်းစစ်တမ်းမှ ရရှိသည့် အချက်အလက်များ

## အခန်း (၃)

# နိဂုံးချုပ်နှင့် အကြံပြုချက်

မြန်မာနိုင်ငံသည် ယခုအခါ အရေးပါသော လမ်းဆုံလမ်းခွသို့ ရောက်ရှိနေပါသည်။ သာမန်နိုင်ငံသားများနှင့် အဓိကအရေးပါသော အကျိုးသက်ဆိုင်ပါဝင်သူများသည် မြန်မာနိုင်ငံသစ်ကို ပုံဖော်ရန်စဉ်းစားလျက် ရှိကြမည်သာ ဖြစ်ပါသည်။ ဒီမိုကရေစီအင်အားစုများက ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) တွင် မြန်မာနိုင်ငံသစ်ကို မည်သို့ပုံဖော်ရန် စဉ်းစားထားကြောင်း ဖော်ပြထားပြီး အဆင့်အားလုံးတွင် အများပါဝင်သည့် အင်စတီကျူးရှင်းများကိုစတင်၍ ဒီဇိုင်းပုံစံထုတ် တည်ဆောက်နေပြီဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်စဉ် အရေးပါသောအချက်မှာ ဝိသေသလက္ခဏာကို ရှုမြင်ပုံများနှင့် ယင်းရှုမြင်ပုံများက မြန်မာနိုင်ငံ သာမန်ပြည်သူလူထု၏ လိုလားချက်များအပေါ် သက်ရောက်မှုများဖြစ်ပါသည်။ လက်ရှိ စစ်တမ်းကောက်ယူလေ့လာချက်များသည် မြန်မာနိုင်ငံ ပြည်သူလူထုတစ်ရပ်လုံးနှင့် စပ်လျဉ်းသည့် အရေးပါသော အချက်များကို ဖော်ထုတ်နိုင်သော်လည်း တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် စစ်တမ်းများတွင် လူနည်းစုလူမျိုးများ အနည်းငယ်သာ ပါဝင်နိုင်ခြင်းကြောင့် လူနည်းစုလူမျိုး သာမန်လူထု၏ ထင်မြင်ချက်များနှင့် စပ်လျဉ်း၍ အချက်အလက် အလွန်နည်းပါးပါသည်။ ဤလေ့လာချက်တွင် အရေးပါသော်လည်း လျစ်လျူရှုထားခြင်းခံရသည့် ယင်းပြည်သူလူထု အစိတ်အပိုင်းကိုလေ့လာခြင်းဖြင့် ယင်းလစ်ဟာချက်ကို ဖြည့်ဆည်းပေးရန် အထောက်အကူပြုပါသည်။ ဗမာနှင့် လူနည်းစုလူမျိုးများ နှိုင်းယှဉ်သည့်ပုံစံကို ကျော်လွန်၍ ပိုမိုအနုစိတ် ခွဲခြားလေ့လာနိုင်ရန်လည်း ကြိုးပမ်း ထားပါသည်။

တွေ့ရှိချက်များအပေါ် အခြေခံလျက် မြန်မာနိုင်ငံတွင် ဆက်လက်ဆောင်ရွက်နိုင်မည့် ရှေ့ခရီးကို စီစဉ်ရေးဆွဲရာတွင် သက်ဆိုင်သူအသီးသီးအနေဖြင့်

ထည့်သွင်းစဉ်းစားနိုင်မည့် ကျယ်ပြန့်သော အကြံပြုချက်အချို့ကို အကျဉ်း ဖော်ပြထားပါသည်။

**မြန်မာနိုင်ငံရှိ သာမန် ပြည်သူလူထု အကြားတွင် လူမျိုးတန်းတူညီ မျှမှုကို ဗမာနှင့် ပြည်နယ်အမည်ရ လူမျိုးများအကြား တန်းတူညီမျှမှုဟု ရှုမြင်ကြပြီး အခြားလူနည်းစုလူမျိုး များကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။**

ပထမဦးစွာ မြန်မာနိုင်ငံတွင် ဆင်နွှဲနေဆဲတော်လှန်ရေး၌ ဖက်ဒရယ်စနစ် အရေးသည် ရှေ့တန်းမှပါဝင်လျက် ရှိပါသည်။ အကြောင်းတစ်စိတ်တစ်ဒေသ မှာ ဖက်ဒရယ်စနစ်သည် လူမျိုးတန်းတူညီမျှမှုနှင့် အများပါဝင်မှုရှိစေရေး ပံ့ပိုး ပေးသည်ဟု ယူဆခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ ပကတိ အခြေအနေတွင် လူမျိုးတန်းတူညီမျှမှုကို စဉ်းစားရာ၌ မည်သည့်လူအုပ်စုများ ကို ထည့်သွင်းစဉ်းစားပါသနည်း။ ကျွန်ုပ်တို့လေ့လာချက်တွင် ပါဝင်သူများ၏ ရေးသားဖြေကြားချက် အများအပြားကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံရှိ သာမန် ပြည်သူလူထုအကြားတွင် လူမျိုးတန်းတူညီမျှမှုကို ဗမာနှင့် ပြည်နယ်အမည်ရ လူမျိုးများအကြား တန်းတူညီမျှမှုဟုရှုမြင်ကြပြီး အခြား လူနည်းစုလူမျိုးများ ကို ထည့်သွင်းစဉ်းစားခြင်း မရှိပါ။ အုပ်ချုပ်သူ အထက်တန်းလွှာများအဆင့်ရှိ ရှုမြင်ပုံများနှင့် လိုလားချက်များမှာ ဤလေ့လာချက်တွင် မပါဝင်သော်လည်း နိုင်ငံရေး သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဆွေးနွေးမှုများ ဆက်လက် ဆောင်ရွက်ရာတွင် ပါဝင်သော သို့မဟုတ် ပါဝင်မည့် အကျိုးသက်ဆိုင်ပါဝင် သူများအကြားတွင် လူမျိုးတန်းတူညီမျှမှုကို ယင်းသို့ တစ်ဘက်စောင်းနင်း ရှုမြင်မှုရှိနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ဖက်ဒရယ်စနစ် တည်ထောင်သောအခါ ဗမာများနှင့် ရွေးချယ်ထားသော လူနည်းစုလူမျိုးများအကြားတွင်သာ လူမျိုး တန်းတူညီမျှမှုရှိခြင်းမျိုး မဖြစ်စေရန် အရေးကြီးပါသည်။

ပိုမိုကျယ်ပြန့်သည့် လူမျိုးတန်းတူညီမျှမှု အယူအဆနှင့် ဆက်စပ်လျက် နိုင်ငံအဆင့်နှင့် ပြည်နယ်အဆင့် နှစ်ဆင့်လုံးတွင် လူနည်းစုလူမျိုးများနှင့် ဘာသာရေးလူနည်းစုများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အတွက် ခိုင်မာသော အင်စတီကျူးရှင်းများ တည်ထောင်ထားရှိရန် လိုအပ်ပါ သည်။ ဖက်ဒရယ်စနစ်တွင် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းနှင့် ပြည်နယ်အဆင့် ကိုယ်ပိုင်အုပ်ချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သော်လည်း ပြည်နယ်များရှိ လူ နည်းစုလူမျိုးများ၏ ယဉ်ကျေးမှုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများ မဆုံးရှုံးစေရေးဆောင်ရွက်ရန် အရေးကြီးပါသည်။ သို့ဖြစ်၍ ဆောင်ရွက်ဆဲ နိုင်ငံရေးဆွေးနွေးမှုများတွင် သက်ဆိုင်ရာ လူနည်းစုလူမျိုးအားလုံး ပါဝင်နိုင် ရန်နှင့် အများပါဝင်သည့် အင်စတီကျူးရှင်းများကို ပူးပေါင်း ဒီဇိုင်းပုံစံထုတ်

ဖက်ဒရယ်စနစ်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ပြည်နယ်အဆင့် ကိုယ်တိုင်အုပ်ချုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်သော်လည်း ပြည်နယ်များရှိ လူနည်းစုလူမျိုးများ၏ ယဉ်ကျေးမှုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများ မဆုံးရှုံးစေရေး ဆောင်ရွက်ရန် အရေးကြီးပါသည်။

စီစဉ်ရေး စွမ်းဆောင်နိုင်စေရန် လိုအပ်ပါသည်။ ထို့အပြင် ပြည်နယ်အမည်ရ လူနည်းစု လူမျိုးများအကြားတွင် လူမျိုးဗဟိုပြု အင်စတီကျူးရှင်းများကို ထောက်ခံမှုအဆင့်မြင့်မားခြင်းကြောင့် လူနည်းစုကိုပံ့ပိုးသည့် အင်စတီကျူးရှင်းနှင့် မူဝါဒများကို ထောက်ခံမှုအဆင့် ပိုမိုမြင့်မားလာစေရန် မည်သို့ ပြုစုပျိုးထောင်နိုင်မည်ဖြစ်ကြောင်း နောက်ထပ်သုတေသန ပြုလုပ်သင့်ပါသည်။

ထို့အပြင် ဘာသာရေး ပဋိပက္ခဖြစ်နိုင်သည့် လမ်းကြောင်းများကိုလည်း စောင့်ကြည့်လေ့လာလျက် မြန်မာနိုင်ငံရှိ ဘာသာရေး လူနည်းစုများကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ချက်ရှိစွာ ကြိုးပမ်းဆောင်ရွက်ရပါမည်။ ဘာသာရေးနှင့် နိုင်ငံရေးမရောယှက်သော နိုင်ငံကိုလိုလားခြင်းသည် ဘာသာရေးသည်းခံမှုနှင့် အတူတူပင်ဖြစ်သည်ဟု တစ်ပေါင်းတည်း မပြုသင့်ပါ။ တွေ့ရှိချက်များအရ မြန်မာလူ့အဖွဲ့အစည်းသည် မွတ်ဆလင်များကို လက်ခံရန် ခက်ခဲနေပါသေးသည်။ နိုင်ငံရေးဖြစ်စဉ်တွင် ဘာသာရေးလူနည်းစုများကို လက်ခံပြီး အပြည့်အဝ ပါဝင်ဆောင်ရွက်လာကြစေရေး လွယ်ကူချောမွေ့စေမည့် အင်စတီကျူးရှင်းများကို အတူတကွ ဒီဇိုင်းပုံစံထုတ် စီစဉ်နိုင်ရန် ဘာသာရေးလူနည်းစုများနှင့်အတူ ဆောင်ရွက်ရမည့်အပြင် ဒီမိုကရေစီအင်အားစုများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် မွတ်ဆလင်များကို မြန်မာ့လူ့အဖွဲ့အစည်း၏ တစ်ပေါင်းတစ်စည်းတည်း ပါဝင်နေသော အစိတ်အပိုင်းအဖြစ် သည်းခံနိုင်မှုရှိစေရေး ပံ့ပိုးပေးမည့်ပညာပေးခြင်း အပါအဝင် ရေးသားပြောဆို ဆွေးနွေးမှုများနှင့် လုပ်ငန်းအစီအစဉ်များကို အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။

တွေ့ရှိချက်များအရ အဓိကအရေးပါသည့် နိုင်ငံရေးဆောင်ရွက်သူများအားလုံး ယုံကြည်မှုတည်ဆောက်ရေး ပိုမိုလုပ်ဆောင်ရန် လိုအပ်ကြောင်း ညွှန်ပြနေပါသည်။ ဗမာများနှင့်နှိုင်းယှဉ်လျှင် လူနည်းစုလူမျိုးများက NUG ကို ယုံကြည်မှု ပိုမိုနည်းပါးသည့်နည်းတူ တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများကိုလည်း သက်ဆိုင်ရာအသိုက်အဝန်းများနှင့် နှိုင်းယှဉ်လျှင် လူမျိုးမတူသူများက ယုံကြည်မှု ပိုမိုနည်းပါးပါသည်။ ဝေဖန်သုံးသပ်သူအများအပြားက ဖော်ပြခဲ့သည့်အတိုင်း NUG သည် လူနည်းစုအသိုက်အဝန်းများနှင့် မည်သို့ယုံကြည်မှု တည်ဆောက်နိုင်ကြောင်း သုံးသပ်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများသည်လည်း လူမျိုးမတူ

သော ရပ်ရွာအသိုက်အဝန်းများနှင့် ဆက်ဆံရေးကိုသုံးသပ်ပြီး ယုံကြည်မှုတည်ဆောက်သင့်ပါသည်။

ဒီမိုကရေစီနည်းကျ ဆောင်ရွက်သူများနှင့် အရပ်ဘက် လူမှုအဖွဲ့အစည်းများသည် မွတ်ဆလင်များကို မြန်မာ့လူ့အဖွဲ့အစည်း၏ တစ်ပေါင်းတစ်စည်းတည်း ပါဝင်နေသော အစိတ်အပိုင်းအဖြစ် သည်းခံနိုင်မှု ရှိစေရေးအတွက် ပံ့ပိုးပေးမည့် ပညာပေးခြင်း အပါအဝင် ရေးသားပြောဆို ဆွေးနွေးမှုများနှင့် လုပ်ငန်းအစီအစဉ်များကို အားပေးမြှင့်တင်ရန် လိုအပ်ပါသည်။

အခြားအရေးပါသော ထည့်သွင်းစဉ်းစားရမည့်အချက်မှာ သိမြင်နားလည်မှုမြှင့်တင်ခြင်းနှင့် သက်ဆိုင်ပါသည်။ ပြည်သူလူထု သိမြင်နားလည်မှုရှိရေးသည် ဒီမိုကရေစီကျန်းမာကြံ့ခိုင်ရေး၊ ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီ (participatory democracy) အဖြစ် ထိန်းသိမ်းထားရှိရေးတို့အတွက် အရေးကြီးပါသည်။ ယခု စစ်တမ်းနှင့် ၂၀၂၂ ခုနှစ် စစ်တမ်း နှစ်ခုလုံးမှ တွေ့ရှိချက်များအရ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် (FDC) ၏ အခြေခံအုတ်မြစ်ဖြစ်သည့် အဓိကအရေးပါသော အယူအဆများနှင့် စပ်လျဉ်း၍ အခြေခံအသိပညာ နိမ့်ပါးနေသည်ဟု ယူဆရပါသည်။ ဥပမာ 'ဖက်ဒရယ်ဒီမိုကရေစီ' ဟူသော ဝေါဟာရကို နိုင်ငံရေးအထက်တန်းလွှာများနှင့် အများပြည်သူ နှစ်စုလုံးက ရည်ညွှန်းသုံးနှုန်းလေ့ ရှိကြသော်လည်း လေ့လာချက်တွင် ပါဝင်သူအများအပြားသည် ယင်းဝေါဟာရ၏ အဓိပ္ပာယ်ကို 'မသေချာ' သို့မဟုတ် 'မသိရှိ' ဟု ဖြေကြားကြသည့်အပြင် အနှစ်သာရပိုင်း ဖြေကြားပေးကြသူများအကြား ဖက်ဒရယ်ဒီမိုကရေစီကို ရှုမြင်ပုံများမှာ အရေးပါအရာရောက်သော ကွဲပြားခြားနားမှုများ ရှိနေပါသည်။ ဆင့်ကဲ့နေဆဲတော်လှန်ရေး၏ အခြေခံဖြစ်သော အဓိကအရေးပါသည့် မူများကိုရှုမြင်ပုံများတွင် ဆန့်ကျင်ဘက်ဝိရောဓိများရှိနေပါက နားလည်မှုလွဲမှားပြီး တိုးတက်မှုအတွက် ဟန့်တားနှောင့်ယှက်မှု ဖြစ်နိုင်သည့် အန္တရာယ်ရှိပါသည်။ ဤစစ်တမ်းကောက်ယူရာတွင် နိုင်ငံရေးအယူအဆများကို အဓိကထား လေ့လာခဲ့သော်လည်း နောင်အခါ သုတေသနပြုလုပ်ရာတွင် အခွန်ဘဏ္ဍာရရှိပုံနှင့် ခွဲဝေပုံသာမက အများပြည်သူဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ပေးရေး အပါအဝင် တပြည်လုံးအတိုင်းအတာနှင့် နေ့စဉ်ဘဝနေထိုင်မှုအပိုင်း နှစ်မျိုးလုံးအတွက် အောင်မြင်စွာ ကျင့်သုံးနိုင်မည့် ဖက်ဒရယ်စနစ်၊ အာဏာခွဲဝေမှုတို့နှင့် စပ်လျဉ်း၍ သာမန်နိုင်ငံသားများ၏ နားလည်သဘောပေါက်မှုနှင့် လိုလားချက်ကို ဆက်လက်၍ အကဲဖြတ်သုံးသပ်သင့်ပါသည်။ ဒီမိုကရေစီအရေးဆောင်ရွက်သူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများသည် အများပြည်သူအကြား ယင်းအဓိကအယူအဆများအကြောင်း သိမြင်နားလည်မှုမြှင့်တင်နိုင်မည့် နည်းလမ်းများကို စဉ်းစားလျက် ဒီမိုကရေစီလုပ်ငန်းစဉ်တွင် သိမြင်နားလည်သော အရပ်ဘက်ပြည်သူလူထု အခြေခံကို တိုးချဲ့နိုင်ပါမည်။

ဤလေ့လာချက်မှ မမျှော်လင့်ဘဲ တွေ့ရှိရသည့်အချက်မှာ အရွယ်ရောက်ပြီးသူများနှင့်စပ်လျဉ်း၍ လူငယ်များ၏ သဘောထားဖြစ်ပါသည်။ လူငယ်များသည် လူအုပ်စုတူ အရွယ်ရောက်ပြီးသူများထက် လူမျိုးနှင့် ဘာသာရေးဝိသေသလက္ခဏာကို ပိုမို ဦးစားပေးရုံမျှမက မွတ်ဆလင်များ နိုင်ငံရေးတွင်ကိုယ်စားပြု ပါဝင်မှုကိုထောက်ခံမှု ပိုမိုနည်းပါးပါသည်။ လွတ်လပ်ရေးကို ပိုမိုလိုလားကြပြီး ဗဟိုချုပ်ကိုင်မှုလျှော့ချရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်းပိုမိုထောက်ခံကြပါသည်။ ဤတွေ့ရှိချက်များသည် မြန်မာနိုင်ငံရှိ လူငယ်များနှင့်စပ်လျဉ်း၍ မိမိတို့အဖွဲ့က ယခင်ဆောင်ရွက်ခဲ့သော လေ့လာချက်ရလဒ်များနှင့် ကိုက်ညီမှုမရှိပါ (Chew and Jap 2023 ကို ကြည့်ပါ)။ ယင်းတွေ့ရှိချက်များအတွက် ဖြစ်နိုင်သည့် အကြောင်းရင်းအချို့ရှိပါသည်။ ပထမအကြောင်းမှာလူငယ်များအကြားတွင်ပင် စစ်အစိုးရလက်အောက် အရွယ်ရောက်ခဲ့သူများနှင့် ၂၀၁၀ ခုနှစ် ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ပြီးနောက်ပိုင်းတွင် အရွယ်ရောက်လာသူများမတူညီဘဲ မျိုးဆက်အလိုက် ကွာခြားချက်ရှိနိုင်ပါသည်။ ဒုတိယအကြောင်းမှာ နမူနာကောက်ယူရာတွင် တော်လှန်ရေးလှုပ်ရှားမှု၌အတက်ကြွဆုံး လှုပ်ရှားနေသူများ မပါဝင်ခြင်းဖြစ်နိုင်ပါသည်။ ၎င်းတို့သည်စစ်တမ်းတွင် ပါဝင်သူများနှင့် ကွာခြားမှုများ စနစ်တကျရှိနိုင်ပါသည်။ ဖြစ်နိုင်ခြေရှိသော ယင်းရှင်းလင်းချက်များသည် လူငယ်များအကြား အခြေခံအားဖြင့်မတူကွဲပြားမှုရှိနေခြင်းကို ညွှန်ပြလျက်ရှိပါသည်။ စစ်အစိုးရကို တော်လှန်ရာတွင် လူငယ်များသည် ဗဟိုအချက်အချာ အခန်းကဏ္ဍမှ ပါဝင်လျက်ရှိခြင်းကြောင့် နောင်အခါ သုတေသနပြုလုပ်ရာတွင် မြန်မာလူငယ်များ၏ နိုင်ငံရေးအပြုအမူနှင့် သဘောထားများကို ဆက်လက်၍ လေ့လာဖော်ထုတ်သင့်ပါသည်။

နောက်ဆုံးအနေဖြင့် ဤလေ့လာချက်တွင် လူနည်းစုလူမျိုးများ၏ ရှုမြင်ပုံများကို ဖော်ထုတ်ရာတွင် တိုးတက်မှုအချို့ ရရှိခဲ့သော်လည်း ပြည်နယ်အမည်မရရှိသော လူနည်းစုလူမျိုးများ အထူးသဖြင့် ကိုးကန့်၊ ပအိုဝ်း၊ ရှမ်းနီနှင့် တအာင်းတို့ နမူနာတွင် ပါဝင်မှုမှာ မျှော်လင့်ထားသည်ထက် နည်းပါးပြီးယင်းလူနည်းစုများနှင့်စပ်လျဉ်း၍ ကောက်ချက်ထုတ်ယူနိုင်မှု အကန့်အသတ်ရှိပါသည်။ ယင်းလူနည်းစုများသည် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တွင် အရေအတွက် များပြားပါသည် (လူဦးရေထက်ဝက်ကျော်ရှိပါသည်)။ ပြည်နယ်အမည်မရ လူနည်းစုလူမျိုးများ နေထိုင်ရာနယ်မြေ

ဒေသမှာ အခြေအနေပျက်ပြားလွယ်ပြီး ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် ခိုင်မာသော ဆောင်ရွက်ချက်များ ဖော်ထုတ်နိုင်ရေး ၎င်းတို့၏ ရှုမြင်ပုံများကို ပိုမို၍ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ဤလေ့လာချက်တွင် ကြုံတွေ့ရသည့် ယင်းကန့်သတ်ချက်ကို ဖြေရှင်းနိုင်မည့် နည်းလမ်းတစ်ရပ်မှာ ပြည်နယ်အမည်မရ လူနည်းစုလူမျိုးများကိုသာ အဓိကထားလျက် နောက်ဆက်တွဲ လေ့လာချက်ပြုလုပ်ခြင်း ဖြစ်ပါသည်။

# ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ

Anderson, L., ‘Ethnofederalism: The worst form of institutional arrangement…?’, *International Security*, 39/1 (2014), pp. 165–204, <https://doi.org/10.1162/ISEC_a_00164> (လူမျိုးအခြေပြု ဖက်ဒရယ်စနစ်သည် အင်စတီကျူးရှင်း (နိုင်ငံတော်အဖွဲ့အစည်းများ) စုဖွဲ့သည့် အဆိုးဝါးဆုံးပုံစံ ဖြစ်ပါသလား။)

Breen, M. G. and He, B., ‘Do people really want ethnofederalism anymore? Findings from deliberative surveys on the role of ethnic identity in federalism in Myanmar’, in J. Chambers, C. Galloway and J. Liljeblad (eds), *Living with Myanmar* (Singapore: ISEAS Publishing and Yusof Ishak Institute, 2020), <https://doi.org/10.1355/9789814881050-017> (ပြည်သူလူထုက လူမျိုးအခြေပြု ဖက်ဒရယ်စနစ်ကို အမှန်တကယ် အလိုရှိပါသေးသလား။မြန်မာနိုင်ငံတွင်ဖက်ဒရယ်စနစ်ကျင့်သုံးရာ၌လူမျိုးဝိသေသလက္ခဏာ၏ အခန်းကဏ္ဍဆိုင်ရာ စဉ်းစားဆွေးနွေး စစ်တမ်းကောက်ယူမှုမှ တွေ့ရှိချက်များ)

Chew, I. and Jap, J., *Youth, Identity, and the Post-Coup Experience in Myanmar*, Discussion Paper 23-001 (Washington, DC: United States Institute of Peace, 2023), <https://www.usip.org/publications/2023/03/youth-identity-and-post-coup-experience-myanmar>, accessed 18 June 2024 (မြန်မာနိုင်ငံတွင် လူငယ်၊ ဝိသေသလက္ခဏာနှင့် အာဏာသိမ်းမှုအလွန် အတွေ့အကြုံ)

Gellner, E., *Nations and Nationalism* (Ithaca, NY: Cornell University Press, 1983) (နိုင်ငံများနှင့် အမျိုးသားရေးဝါဒ)

Hechter, M., *Containing Nationalism* (Oxford: Oxford University Press, 2000) (အမျိုးသားရေး ဝါဒကို ထိန်းကွပ်ခြင်း)

International IDEA, *Myanmar’s Federal Democracy Charter: Analysis and Prospects*, Constitution Brief Interregnum Series (Stockholm: International IDEA, 2022), <https://doi.org/10.31752/idea.2022.27> (မြန်မာနိုင်ငံ၏ ဖက်ဒရယ်ဒီမိုကရေစီပဋိညာဉ် - ဆန်းစစ်ချက်နှင့် အလားအလာများ)

Jap, J. and Courtin, C., *Deciphering Myanmar’s Ethnic Landscape: A Brief Historical and Ethnic Description of Myanmar’s Administrative Units* (Stockholm: International

IDEA, 2022), <https://doi.org/10.31752/idea.2022.57> (မြန်မာနိုင်ငံ လူမျိုးအသီးသီး အခြေအနေမြင်ကွင်း - မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုယူနစ်များကို သမိုင်းနှင့် လူမျိုးရှုထောင့်မှ အကျဉ်းဖော်ပြချက်)

Juon, A. and Rohrbach, L., 'Say my name: The effects of ethnofederalism on communal violence', *Journal of Peace Research*, 60/3 (2023), pp. 428–43, <https://doi.org/10.1177/00223433221079861> (ကျွန်ုပ်အမည်ကိုပြောပါ - လူမျိုးအခြေပြု ဖက်ဒရယ်စနစ်၏ ရပ်ရွာအသိုက် အဝန်းအကြမ်းဖက်မှုအပေါ် သက်ရောက်မှုများ)

Karenni State Consultative Council, 'Statement regarding the use of the term "Karenni State"', 23 November 2023, <https://euroburmaoffice.s3.amazonaws.com/filer_public/c7/46/c7462001-2c39-4dd4-83b8-668a46370fad/231125_statement_-_karenni_state_consultative_council.pdf>, accessed 26 July 2024 ("ကရင်နီပြည်နယ်" ဟူသော ဝေါဟာရကို သုံးစွဲမှုဆိုင်ရာ ကြေညာချက်)

Roeder, P. G., 'Ethnofederalism and the mismanagement of conflicting nationalisms', *Regional & Federal Studies*, 19/2 (2009), pp. 203–19, <https://doi.org/10.1080/13597560902753420> (လူမျိုးအခြေပြုဖက်ဒရယ်စနစ်နှင့် ဆန့်ကျင်ဘက် အမျိုးသားရေးဝါဒများကို စီမံခန့်ခွဲမှုလွဲမှားခြင်း)

Samet, O., Arriola, L. R. and Matanock, A. M., 'Facebook usage and outgroup intolerance in Myanmar', *Political Communication* (2024), pp. 1–21, <https://doi.org/10.1080/10584609.2024.2333408> (မြန်မာနိုင်ငံတွင် ဖေ့စ်ဘွတ်အသုံးပြုမှုနှင့် ပြင်ပလူအုပ်စု/အခြားသူဟုရှုမြင်သည့်အုပ်စုကို သည်းမခံမှု)

Shan Herald, 'The meaning of "Bamar one Kyat, Shan one Kyat"', Shan Herald Agency for News, 17 May 2016, <https://english.shannews.org/archives/14101>, accessed 18 June 2024 ("ဗမာတစ်ကျပ်၊ ရှမ်းတစ်ကျပ်" ၏ အဓိပ္ပာယ်)

Tajfel, H., 'Social categorization, social identity and social comparison', in H. Tajfel (ed.), *Differentiation between Social Groups: Studies in the Social Psychology of Intergroup Relations* (London: Academic Press, 1978) (လူမှု အတန်းအစားများ၊ လူမှုဝိသေသလက္ခဏာနှင့် လူမှုနှိုင်းယှဉ်မှု)

Walton, M. J., 'Ethnicity, conflict, and history in Burma: The myths of Panglong', *Asian Survey*, 48/6 (2008), pp. 889–910, <https://doi.org/10.1525/as.2008.48.6.889> (မြန်မာနိုင်ငံတွင် လူမျိုး၊ ပဋိပက္ခနှင့် သမိုင်း - ပင်လုံဆိုင်ရာ အလွဲများ)

Wansai, S., ‘The creation of new constituent units in the Myanmar context’, Transnational Institute, 16 January 2024, <https://www.tni.org/en/article/the-creation-of-new-constituent-units-in-the-myanmar-context>, accessed 18 June 2024 (မြန်မာနိုင်ငံ ပကတိအခြေအနေတွင် ပြည်နယ်သစ်များ ဖွဲ့စည်းတည်ထောင်ခြင်း)

# စာရေးသူအကြောင်း

**Isabel Chew**, PhD (အစ္စဘယ်ချူး၊ ပါရဂူဘွဲ့) သည် ကနေဒါနိုင်ငံ ပြည်နယ်အစိုးရတစ်ဖွဲ့အတွက် အပြုအမူဆိုင်ရာ လေ့လာဖော်ထုတ်ရေး ပညာရှင် (behavioural insights practitioner) ဖြစ်ပါသည်။ ယခင်က အရှေ့တောင်အာရှနှင့် အရှေ့အာဖရိကတွင် အစိုးရများအတွက် မူဝါဒအတိုင်ပင်ခံအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ အစ္စဘယ်သည် မကြာသေးမီက ဗြိတိသျှကိုလံဘီယာတက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာဖြင့် ပါရဂူဘွဲ့ရရှိခဲ့ပါသည်။ သုတေသနပြုလုပ်ရာတွင် မြန်မာနိုင်ငံနှင့် အရှေ့တောင်အာရှကို အထူးပြုလျက် လူအုပ်စုများအကြား ဆက်ဆံရေးများ (intergroup relations) နှင့် ဝိသေသလက္ခဏာနိုင်ငံရေး (identity politics) ကို လေ့လာခဲ့ပါသည်။

**Jangai Jap**, PhD (ဂျာဂိုင် ဂျပ်၊ ပါရဂူဘွဲ့) သည် အမေရိကန်ပြည်ထောင်စု အော်စတင်ရှိ တက္ကဆပ်တက္ကသိုလ် အစိုးရရေးရာဌာန (Department of Government) တွင် ပါရဂူဘွဲ့လွန်ပညာရှင် (postdoctoral fellow) နှင့် လူမျိုးနှင့် တိုင်းရင်းသားနိုင်ငံရေး လေ့လာရေးဌာန (Politics of Race and Ethnicity Lab) တွင် အဖွဲ့ဝင်ဖြစ်ပါသည်။ ဂျော်ဂျီယာတက္ကသိုလ် နိုင်ငံတကာရေးရာဌာနတွင်လည်း လက်ထောက်ပါမောက္ခ အဖြစ် စတင်ဆောင်ရွက်မည် ဖြစ်ပါသည်။ ဂျာဂိုင် ဂျပ်သည် တိုင်းရင်းသားနိုင်ငံရေး၊ အမျိုးသားရေးဝါဒ၊ လူနည်းစုနှင့် နိုင်ငံတော်ဆက်ဆံရေးများ၊ ပြည်တွင်းစစ်နှင့် မြန်မာနိုင်ငံရေး တို့ကို အထူးပြုလျက် နှိုင်းယှဉ်နိုင်ငံရေးဘာသာရပ်ကို လေ့လာပါသည်။

# International IDEA အဖွဲ့

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် အစိုးရများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော အဖွဲ့အစည်းဖြစ်ပါသည်။ ၁၉၉၅ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံ ရှိပါသည်။ လုပ်ငန်းတာဝန်မှာ ကမ္ဘာတစ်ဝန်း စဉ်ဆက်မပြတ် ရေရှည်တည်တံ့သော ဒီမိုကရေစီကို ပံ့ပိုးရန်ဖြစ်ပါသည်။

## ကျွန်ုပ်တို့၏ လုပ်ငန်းများ

ကုလသမဂ္ဂ စဉ်ဆက်မပြတ်တည်တံ့နိုင်သော ဖွံ့ဖြိုးရေးရည်မှန်းချက် (UN SDG) များ ခေါင်းစဉ်အောက်၌ မူဝါဒချမှတ်ရာတွင် လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်မည့် ရွေးကောက်ပွဲများ၊ လွှတ်တော်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ ဒစ်ဂျစ်တယ်စနစ် အသွင်ပြောင်းလဲခြင်း၊ ရာသီဥတု အပြောင်းအလဲ၊ အများပါဝင်မှုနှင့် နိုင်ငံရေးကိုယ်စားပြုမှုဆိုင်ရာ သုတေသန လေ့လာချက်များပြုစုပါသည်။ အဖွဲ့က ဖော်ထုတ်ထားသည့် တမူထူးခြားသော Global State of Democracy Indices (ကမ္ဘာတစ်ဝန်း ဒီမိုကရေစီအခြေပြအညွှန်းကိန်းများ) နှင့် Democracy Tracker (ဒီမိုကရေစီစောင့်ကြည့်ကိရိယာ) တို့ကို အသုံးပြုလျက် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီစနစ်များ၏ ဆောင်ရွက်ချက်ကို သုံးသပ်ပါသည်။

အဖွဲ့အနေဖြင့် အစိုးရများ၊ လွှတ်တော်များ၊ ရွေးကောက်ပွဲအရာရှိများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် ဒီမိုကရေစီအရေး ဆောင်ရွက်သူများအား စွမ်းဆောင်ရည်ဖွံ့ဖြိုးရေးနှင့် ကျွမ်းကျင်အကြံဉာဏ်များ ဖြည့်ဆည်းပေးပါသည်။ မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်နှုန်းမှအစပြု၍ ဂျန်ဒါ (အမျိုးသားအမျိုးသမီး အခန်းကဏ္ဍ) ခွဲတမ်းသတ်မှတ်ခြင်းအထိ အကြောင်းအရာ အမျိုးမျိုးဆိုင်ရာ နည်းလမ်းကိရိယာများ ဖော်ထုတ်ပြုစုခြင်း၊ အချက်အလက်မှတ်တမ်းစုများ၊ စာအုပ်များ၊ အခြေခံဖတ်စာများကို ဘာသာစကားအသီးသီးဖြင့် ပြုစုထုတ်ဝေခြင်းများ လုပ်ဆောင်ပါသည်။ အစိုးရနှင့် အစိုးရ

မဟုတ်သောအဖွဲ့များ ဆွေးနွေးနိုင်ရန်နှင့် လေ့လာသင်ယူမှုများ မျှဝေနိုင်ရန် တွေ့ဆုံပေးပါသည်။ ကမ္ဘာတစ်ဝန်း ဒီမိုကရေစီကို အားပေးမြှင့်တင်ရန်နှင့် ကာကွယ်စောင့်ရှောက်ရန် ရပ်တည်ခြင်း၊ ထုတ်ဖော်ပြောဆိုခြင်းများ လုပ်ဆောင်ပါသည်။

## ကျွန်ုပ်တို့၏ လုပ်ငန်းနေရာများ

အဖွဲ့၏ ရုံးချုပ်မှာ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအလိုက်နှင့် နိုင်ငံအလိုက် ရုံးများကို အာဖရိကတိုက်၊ အာရှ-ပစိဖိတ်ဒေသ၊ ဥရောပတိုက်နှင့် လက်တင်အမေရိကနှင့်ကယ်ရစ်ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA အဖွဲ့သည် ကုလသမဂ္ဂတွင် အမြဲတမ်းလေ့လာသူဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့အစည်းများကလည်း တရားဝင် အသိအမှတ်ပြုသော အဖွဲ့အစည်းဖြစ်ပါသည်။

## စာအုပ်စာတမ်းများနှင့် အချက်အလက်မှတ်တမ်းစု (Database) များ

စာအုပ်စာတမ်း ၁၀၀၀ ကျော်နှင့် အချက်အလက်မှတ်တမ်းစု (Database) ၂၅ ခု ကျော်ရှိပြီး ဝက်ဘ်ဆိုက်ပေါ်ရှိ ကက်တလောက်တွင် ဖော်ပြထားပါသည်။ စာအုပ်စာတမ်း အများစုကို အခမဲ့ဒေါင်းလုပ် ရယူနိုင်ပါသည်။

<https://www.idea.int>

International IDEA
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

မြန်မာနိုင်ငံတွင် သက်ဆိုးရှည်နေသည့် နိုင်ငံရေးအကျပ်အတည်းကို နားလည်နိုင်ရန်အတွက် ဝိသေသလက္ခဏာနှင့် တိုင်းရင်းသားလူမျိုးစုအရေးတို့ကို သိရှိရန် အရေးကြီးပါသည်။ အများပါဝင်သည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် တည်ဆောက်ရေးကြိုးပမ်းရာတွင်လည်း ယင်းတို့သည်ပင် အဓိကအကြောင်းအချက်များ ဖြစ်ပါသည်။ လူမှုရေးနှင့် နိုင်ငံရေးလိုလားချက်များအပေါ် ဝိသေသလက္ခဏာနှင့် တိုင်းရင်းသားအရေးတို့က မည်သို့သက်ရောက်မှုရှိကြောင်း ပိုမို၍ သိရှိနားလည်နိုင်ရန် နိုင်ငံရေးစနစ်များနှင့် အဖွဲ့အစည်းများကို နိုင်ငံသားများ၏ ရှုမြင်ပုံများ၊ မူဝါဒဆိုင်ရာ လိုလားချက်များနှင့် နိုင်ငံရေးသဘောထားများကိုလည်းကောင်း၊ လူမှုရေးနှင့် နိုင်ငံရေးနယ်ပယ်တွင် အတူတကွ ရပ်တည်နေထိုင်ကြရသူများနှင့် မိမိတို့အကြား ဆက်စပ်ပုံကို မည်သို့ ရှုမြင်ကြောင်းကိုလည်းကောင်း၊ ပေါ်လွင်ထင်ရှားစေနိုင်သည့် စနစ်တကျကောက်ယူထားသော အချက်အလက်များရှိရန် လိုအပ်ပါသည်။

ယနေ့ မြန်မာနိုင်ငံမှာ လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသည့် အခြေအနေဖြစ်ပြီး အများပါဝင်လျက် စဉ်ဆက်မပြတ် ရေရှည်တည်တံ့နိုင်သည့် ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုဆီသို့ ဦးတည်ကြိုးပမ်းနေချိန်ဖြစ်၍ ယင်းသို့သော အချက်အလက်များမှာ အထူးသဖြင့် အရေးကြီးပါသည်။

ISBN: 978-91-7671-802-5 (PDF)
DOI: <https://doi.org/10.31752/idea.2024.61>